ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဥ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန် ; နိုင်လင်းအောင်

အခန်း ( ၆၁ ) သုံးဗွေတစ်ဗွေဆွဲသည့် ကျွင်းဝမ်ကျဲ၊ ရှောင်ချန်း၏ ရက်စက်ကြမ်းကြုတ်သော နည်းလမ်း၊ အဓိကဇာတ်ကောင်ပုံစံက တကယ်မရှိနိုင်ဘူး

ရှောင်ချန်း အမှန်တကယ် ဒေါသထွက်သွားသည်။

သူ့အဖို့ ကျွင်းရှောင်ယောက်ဟာ အိပ်မက်ဆိုးပင် ဖြစ်၏။

သို့သော်လည်း လက်ရှိအခွင့်အရေးဟာ
သူ့အနာဂတ်တစ်ခုလုံးနီးပါးနှင့် ပတ်သက်သောကြောင့်
အလွန်အရေးကြီးပေသည်။

သို့ရာတွင် သူ့ကိုယ်ပိုင်ခွန်အားနှင့် နဂါးအရိုးများကို
ကျွင်းဝမ်ကျဲအရှေ့မှ ယူထုတ်သွားရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် ရှောင်ချန်းဟာ တွန့်ဆုတ်နေသည့်တိုင်
ဝူမင်ယွဲ့ထံမှ အကူအညီတောင်းရုံမှတပါး
အခြားမရှိတော့ပါချေ။

ထိုစကားကိုကြားသောအခါ ဝူမင်ယွဲ့က နှုတ်ခမ်းကို
ကိုက်လိုက်သည်။

သူဟာ ဘိုးဘေးနဂါးသိုက်မှ လုံပိကျစ်ကို

မကြောက်သော်လည်း ကျွင်းဝမ်ကျဲနှင့်
ရင်ဆိုင်ရန်တွင်ကား ချီတုံချတုံ ဖြစ်နေသည်။

အကြောင်းမူကား ကျွင်းမိသားစုဟာ
အစွမ်းထက်လွန်းသောကြောင့်ပင် ဖြစ်ချေတော့၏။

အဓိကမိသားစုကြီးသုံးခုအနက် တစ်ခုဖြစ်သော
ကျွင်းမိသားစုဟာ အင်မော်တယ်နယ်မြေကြီးတွင်
ဘိုးဘေးနဂါးသိုက်ထက်ပင် ပို၍
ကြောက်စရာကောင်းလှသည်။

ဝူမင်ယွဲ့ဟာ သူမတစ်ယောက်တည်းဆိုလျှင်
ဂရုစိုက်မည်မဟုတ်ပါ။ သို့သော်လည်း သူမအတွက်
ပန်ဝူနတ်ဘုရားမင်းဆက်ကိုပါ ဆွဲထည့်မိလျှင်
အကျိုးဆက်က
ကြောက်စရာကောင်းလာပေလိမ့်မည်။

"မင်ယွဲ့..."

ချီတုံချတုံဖြစ်နေပုံရသော ဝူမင်ယွဲ့ကို မြင်သောအခါ ရှောင်ချန်း အနည်းငယ် အံ့သြသွားသည်။

အဆင့်အတန်းမြင့်မားသော ပန်ဝူနတ်ဘုရားမင်းဆက်၏ မင်းသမီးတစ်ပါးပင် ကျွင်းမိသားစုကို အလွန်ကြောက်ရွံ့နေရပါသလော။

သို့တည်းမဟုတ် ကျွင်းရှောင်ယောက်က အလွန်ကြောက်စရာ ကောင်းနေပါသလော။

မျက်နှာပျက်လာသော ရှောင်ချန်းကိုတစ်ချက်ကြည့်ပြီးနောက် ဝူမင်ယွဲ့ လက်သီးဆုပ်လိုက်သည်။

"ကောင်းပြီ ရှောင်ချန်း..၊ မင်ယွဲ့ ကူညီပေးမယ်"

ဝူမင်ယွဲ့အဖြေကို ကြားရသောအခါ ရှောင်ချန်း စိတ်ထဲတွင် အံ့သြသွား၏။ ဝူမင်ယွဲ့က အမှန်တကယ် သူ့ကို ဂရုစိုက်သည်။

"အိုး..၊ မင်းက..."

မျက်နှာကို ပုဝါနှင့်ကာထားသော ဝူမင်ယွဲ့ကိုကြည့်ရင်း ကျွင်းဝမ်ကျဲ မျက်မှောင်ကြုတ်လိုက်သည်။

ဝူမင်ယွဲ့ဟာ သာမန်မဟုတ်ကြောင်း သူခံစားနိုင်၏။ သူမထံမှ မြင့်မြတ်သောအရှိန်အဝါမျိုးက တမင်လုပ်ယူ၍ မရနိုင်ပေ။

ဝူမင်ယွဲ့ထံမှ အကူညီရပြီးသည့်တိုင် ရှောင်ချန်းက

လုံပိကျစ်ကို လှည့်ကြည့်ကာ ပြောလိုက်သည်။

"နဂါးမိန်းကလေး... ငါတို့ကြားမှာ ပဋိပက္ခတွေ ရှိထားတယ်ဆိုပေမဲ့ အခုချိန်မှာ ဒါတွေကိုခဏမေ့ပြီး ကျွင်းမိသားစုရဲ့ ပဥ္စမစီကွမ်ကို ဖိအားပေးကြရအောင်လား"

"ဒီနဂါးအရိုးငါးခုကိုတော့ ပြီးမှခွဲဝေယူဖို့ ဆုံးဖြတ်ရင်တောင် နောက်မကျသေးပါဘူး"

ရှောင်ချန်း ပြောလိုက်သည်။

"နင်နဲ့ ပူးပေါင်းရမှာလား"

လုံပိကျစ် မျက်ခုံးပင့်လိုက်၏။

"အိုး၊ ဟုတ်သားပဲ... မင်းတို့ ဘိုးဘေးနဂါးသိုက်နဲ့ ကျွင်းမိသားစုကြားမှာ ရန်ငြိုးတွေရှိကြတယ် မဟုတ်လား..။ အခု မင်းအတွက်

မိသားစုမှာမျက်နှာရဖို့ အခွင့်အရေးရှိလာပြီ...
မင်းဆန္ဒရှိလား"

ရှောင်ချန်း ထပ်ပြောလိုက်၏။

ခဏစဉ်းစားပြီးနောက် လုံပိကျစ် ခေါင်းညိတ်ကာ ပြောလိုက်သည်။

"ကောင်းပြီ... ကျွင်းမိသားစုရဲ့ ပဉ္စမစီကွမ်ကို အရင်ရှင်းထုတ်ကြတာပေါ့"

သုံးယောက် ပေါင်းမိသောအခါ
ကျွင်းဝမ်ကျဲနှင့်ရင်ဆိုင်ရန် မတွန့်ဆုတ်တော့ပေ။

"ဟမ့်... မင်းတို့မလုပ်နိုင်မှာပဲ ငါကြောက်တာ"

ကျွင်းမိသားစုမှ ပဉ္စမစီကွမ်ဖြစ်သောကြောင့် ကျွင်းဝမ်ကျဲဟာ သဘာဝအရ မာနကြီးသည်။ သူက ကျွင်းရှောင်ယောက်မှလွဲ၍ တခြားသူများကို

ဦးမည္ပတ်ပေ။

"တားမြစ်မိုးကြိုးရှစ်ပါးသိုင်း၊ ကောင်းကင်ကပ်ဘေး သေဆုံးခြင်း"
ကျွင်းဝမ်ကျဲက စတင်လှုပ်ရှားလိုက်သည်။

ဤလှုပ်ရှားမှုဟာ အလွန်ကြီးကျယ်ခမ်းနား၏။

သို့သော်လည်း ရှောင်ချန်းတို့သုံးယောက်ကလည်း ခေသူများ မဟုတ်ကြပါချေ။

"မိုးပြာနဂါးဝါးမြို့ခြင်း"
ရှောင်ချန်းက လက်သီးချက် ထုတ်ဖော်လိုက်သည်နှင့် မိုးပြာနဂါးသဏ္ဍာန် တောက်ပသောအလင်းများ ထွက်ပေါ်လာသည်။ ၎င်း အလင်းများဟာ

ကြီးမားသော မိုးပြာနဂါးဦးခေါင်းတစ်ခုအသွင်
ထပ်မံပြောင်းလဲသွား၏။ နဂါးဦးခေါင်းကြီးက
ချက်ချင်းပင် ပါးစပ်ကိုဟ၍ ကိုက်ခဲလိုက်တော့သည်။

တချိန်တည်းမှာပင် ဝူမင်ယွဲ့က ကျောက်စိမ်းကွဲ့သို့
လက်ဝါးတစ်ဖက်ကိုမြှောက်ကာ ရိုက်ချလိုက်သည်။
ထိုအခါ နတ်ဘုရားစွမ်းအားက ထောင်ချီသော
အဖြူရောင် ပိုးမျှင်တန်းများအသွင်ပြောင်းကာ
ပြေးထွက်လာ၏။

လုံပိကျစ်ကလည်း
နဂါးအကြေးခွံကြာပွတ်ရှည်ကိုထုတ်၍
ရိုက်နှက်လိုက်သည်။ ကြာပွတ်ရိုက်ချက်က
အလွန်မြန်ကာ လေထုကိုပင်
ဖောက်ထွင်းသွားပုံရသည်။

ထိုသုံးယောက်၏ လှုပ်ရှားမှုများကို မြင်သောအခါ ကျွင်းဝမ်ကျဲပင် မျက်မှောင်ကြုတ်လိုက်သည်။

သူက သန်မာလျှင်ပင် ထိုသုံးယောက်ကလည်း မရိုးရှင်းပါချေ။

မြင့်မြတ်သောကံကြမ္မာနှင့် ပါရမီရှင် ရှောင်ချန်း။

ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီး ဝူမင်ယွဲ့။

ဘိုးဘေးနနဂါးသိုက်မှ နဂါးသမီးတော် လုံပိကျစ်။

သုံးယောက်စလုံးက ထူးချွန်လှသော ပါရမီရှင်များ ဖြစ်ကြသည်။ ၎င်းတို့နှင့် တစ်ဦးချင်း ရင်ဆိုင်ရလျှင်ပင် ခက်ခဲနိုင်ရာ ယခုကဲ့သို့

သုံးယောက်တစ်ယောက်ဆိုပါက
ပြောစရာမရှိတော့ပေ။

"ဝုန်း"
တိုက်ပွဲစတင်သည်နှင့် ကြောက်စရာစွမ်းအင်များဟာ
ဂူတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

မကြာမီ ကျွင်းဝမ်ကျဲ အနောက်ဆုတ်သွားကာ
နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။

ကျွင်းရှောင်ယောက်နှင့်တိုက်ပွဲမှ ရရှိထားသော
ဒဏ်ရာများကလည်း ယခုထိ
အရှင်းမပျောက်ကင်းသေးပေ။

ထို့ကြောင့် ထိပ်တန်းပါရမီရှင်သုံးယောက်နှင့်
ရင်ဆိုင်ရသောအခါ ဖိအားများကို

ခံစားလာရတော့သည်။

"အိုး၊ မင်းဒဏ်ရာရသွားပြီ... ကြည့်ရတာ ကျွင်းမိသားစုရဲ့ စီကွမ်တွေက လေသက်သက်ပဲ ထင်ပါရဲ့"

ယင်းကိုမြင်သောအခါ ရှောင်ချန်းမျက်လုံး အရောင်လက်သွားသည်။

ကျွင်းရှောင်ယောက်ကို အနိုင်မယူနိုင်သေးလျှင်ပင် သူ့လူများကို ဖိနှိပ်နိုင်ပါက မဆိုးသေးပါချေ။

"အတင့်ရဲလိုက်တာ... ကျွင်းမိသားစုရဲ့ စီကွမ်တွေက မင်းဝေဖန်လို့ရတာ မဟုတ်ဘူးကွ"

ကျွင်းဝမ်ကျဲ အော်ဟစ်လိုက်သည်။ ချက်ချင်းပင် သူ့မျက်လုံးက အရောင်လက်သွားကာ မိုးကြိုးကပ်ဘေး တိုက်ခိုက်ရေးခန္ဓာကို

လှုံ့ဆော်လိုက်၏။

"ဂျိန်း"

ခဏချင်းပင် သူ့ခန္ဓာဝန်းကျင်၌
ကောင်းကင်ဘုံကပ်ဘေး ဆင်းသက်လာသကဲ့သို့
မိုးကြိုးများ တဖျတ်ဖျတ်ရိုက်ခတ်လာသည်။

"သူ မိုးကြိုးကပ်ဘေး တိုက်ခိုက်ရေးခန္ဓာကို
အသက်သွင်းနေပြီဟေ့..၊ သူ့ကို အခွင့်အရေး
မပေးကြနဲ့"

လုံပိကျစ် အော်ဟစ်လိုက်သည်။ သူက ခန္ဓာတွင်းမှ
စွမ်းအင်များကို ကြာပွတ်အတွင်းသို့ ပို့လွှတ်ပြီး
ခပ်ပြင်းပြင်းရိုက်ချလိုက်၏။ ထိုအခါ
နဂါးဟိန်းသံနှင့်အတူ မိုးပြာနဂါးပုံရိပ်တစ်ခုက
ချက်ချင်းပြေးထွက်လာတော့သည်။

"မိုးပြာနဂါး ကောင်းကင်ဖြတ်လက်ဝါး"

ရှောင်ချန်းကလည်း သူ၏ နတ်ဘုရားစွမ်းရည်ကို ထုတ်ဖော်လိုက်သည်။

ဝူမင်ယွဲ့မူကား အနည်းငယ် တွန့်ဆုတ်သွား၏။

အကြောင်းမူ သူက ပန်ဝူနတ်ဘုရားမင်းဆက်၏ ကိုယ်ပိုင်ပညာရပ်ကို အသုံးပြုသည်နှင့် တာအိုစောင့်ရှောက်သူ မြင်တွေ့သွားကာ ပြန်ခေါ်သွားမည်အား သိနေသောကြောင့်သာ ဖြစ်သည်။

သို့သော်လည်း ဤနဂါးအရိုးများဟာ ရှောင်ချန်းအတွက် အလွန်အရေးပါကြောင်း သူသိ၏။

ရှောင်ချန်းအပေါ်ထားသည့် သံယောဇဉ်က

နှိုးဆော်လာသောအခါ ဝူမင်ယွဲ့ မနေနိုင်တော့ပေ။

သူမက လက်ဝါးကို မြှောက်လိုက်သောအခါ
လက်ဝါးရိုက်ချက် ထောင်ချီကာ
ထုတ်ဖော်လိုက်သကဲ့သို့ လေထုက တုန်ခါလာသည်။

"ဟင်၊ ဒါက… ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့
နတ်ဘုရားစွမ်းရည်၊
အင်မော်တယ်ခွဲဖြာလက်ဝါးသိုင်းပဲ"

ဝူမင်ယွဲ့၏ နတ်ဘုရားသိုင်းကိုမြင်သောအခါ
ကျွင်းဝမ်ကျဲ အံ့သြသွားသည်။

ဤသိုင်းပညာက အလွန်ထူးကာ ပြိုင်ဘက်ကို
ချုပ်ကိုင်နိုင်စွမ်းရှိ၏။

ဤမျှအစွမ်းထက်သော တိုက်ခိုက်မှုများကို

တပြိုင်နက်တည်း ရင်ဆိုင်ရပါက ကျို့ရှမ်ဆိုရင်တောင် ဖိနှိပ်လိုက်ရမည် ဖြစ်သည်။

တိုက်ခိုက်မှုများ တွေ့ဆုံသောအခါ ပေါက်ကွဲသံကျယ်တစ်ချက်နှင့်အတူ ကျွင်းဝမ်ကျဲ ထပ်မံဆုတ်သွားခဲ့ရသည်။

ဒဏ်ရာဟောင်းက မသက်သာသေးခင် ဒဏ်ရာသစ်များ ရလာသောအခါ သွေးများ အန်ထုတ်လိုက်ရ၏။

တချိန်တည်းမှာပင် ရှောင်ချန်းတို့သုံးဦး၏ ခန္ဓာကိုယ်မှာလည်း လောင်ကျွမ်းဒဏ်ရာအသီးသီး ရရှိသွားခဲ့ကြတော့သည်။

'ကျွင်းမိသားစုရဲ့ ပဥ္စမစီကွမ်ဆိုတဲ့အတိုင်း

တကယ်သန်မာတာပဲ'
လုံ့ပိကျစ်ဟာ စိတ်ထဲမှ တုန်လှုပ်သွားမိသည်။

ကျွင်းဝမ်ကျဲဟာ ကျွင်းရှောင်ယောက်လောက်
မတော်သော်လည်း အလွန်သန်မာနေဆဲပင်။

ရင်းတို့က သုံးယောက်ပေါင်းကာ တိုက်ခိုက်သည့်တိုင်
ကျွင်းဝမ်ကျဲကို အချိန်တိုအတွင်း မဖိနှိပ်နိုင်သေးပေ။

ရှောင်ချန်းလည်း မျက်နှာပျက်သွားသည်။

ကျွင်းဝမ်ကျဲကိုပင် မကိုင်တွယ်နိုင်ပါက
ကျွင်းရှောင်ယောက်ဆိုလျှင် တွေးနေစရာပင်
မလိုတော့ပေ။

ရှောင်ချန်း၏ မျက်နှာအမူအရာကိုမြင်ပြီးနောက် ဝူမင်ယွဲ့ဟာ နှုတ်ခမ်းကိုကိုက်၍ အသံပို့လွှတ်ကာ ပြောလိုက်သည်။

"ရှောင်ချန်း... ငါ့မှာ ကျွင်းဝမ်ကျဲကို ယာယီချုပ်နှောင်ထားနိုင်တဲ့ မှော်ရတနာတစ်ခုရှိတယ်..။ ဒီအခွင့်အရေးကိုသုံးပြီး နဂါးအရိုးတွေကို အမြန်သိမ်းပါ"

ယင်းကိုကြားသောအခါ ရှောင်ချန်းမျက်လုံး အရောင်လက်သွား၏။

"ငါကျွင်းဝမ်ကျဲ ဒီမှာရှိနေသ၍ နတ်ဘုရားသားတော်ရဲ့ နဂါးအရိုးတွေကို ဘယ်သူမှယူသွားလို့မရဘူး"

ကျွင်းဝမ်ကျဲ၏ မျက်နှာက အေးစက်သွားခဲ့သည်။

ထိုအချိန်တွင် ဝူမင်ယွဲ့က လှုပ်ရှားလာကာ

ရွှေကြိုးတစ်ချောင်းကို ထုတ်ယူလိုက်၏။

ရွှေကြိုးက မြွေတစ်ကောင်ကဲ့သို့ လှုပ်ရှားသွားကာ ကျွင်းဝမ်ကျဲအား အလွန်လျင်မြန်သော အရှိန်ဖြင့် ရစ်ပတ် ချည်နှောင်လိုက်တော့သည်။

"ဒါဘာလဲ"

ကျွင်းဝမ်ကျဲ အံ့သြသွားခဲ့သည်။ သူဟာ ကြိုးကိုဖြတ်ရန် မိုးကြိုးစွမ်းအင်များကို ပေါက်ကွဲစေလိုက်၏။

သို့သော်လည်း ရွှေကြိုးက သူ၏ ဝိညာဉ်ပင်လယ်ကိုပင် ချုပ်ကိုင်ထားပုံရကာ စွမ်းအင် မထုတ်ဖော်နိုင်တော့ပေ။

ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးတစ်ပါး၏

အကာအကွယ် မှော်ရတနာဆိုသည့်အတိုင်း
အမှန်တကယ် ထူးခြားသည်။

ၚင်းက အချိန်တိုဖြစ်လျှင်ပင် ရှောင်ချန်းအတွက်
အချိန်ကောင်းစွာရ၏။

"ရှောင်ချန်း၊ နဂါးအရိုးကို မြန်မြန်ယူလိုက်တော့"
ဝူမင်ယွဲ့က အသံပို့လွှတ်ကာ ပြောလိုက်သည်။

သို့ရာတွင် ရှောင်ချန်းမျက်လုံး၌
ရက်စက်ကြမ်းကြုတ်သောအလင်းများ
ထွက်ပေါ်လာခဲ့သည်။

သူဟာ နောက်ကျောမှနဂါးအတောင်များကို
ရိုက်ခတ်ကာ ကျွင်းဝမ်ကျဲထံ ပျံသန်းသွား၏။

ထို့နောက်တော့ မိုးပြာနဂါးလက်သည်းများနှင့်
ကျွင်းဝမ်ကျဲ၏ခေါင်းကို ဆုပ်ကိုင်လိုက်တော့သည်။

"ကျွင်းမိသားစုရဲ့ စီကွမ်၊ သေစမ်း"
ရှောင်ချန်း၏ မျက်လုံးများက အေးစက်နေသည်။

ကျွင်းရှောင်ယောက်ကို လက်စားချေခွင့်
မရသေးသောကြောင့် သူ့ပတ်ကျင်မှ လူများကိုသာ
အရင်သတ်ရပေလိမ့်မည်။

ကျင်းလာသော နဂါးလက်သည်းကြီးကိုကြည့်ကာ
ကျွင်းဝမ်ကျဲ မျက်နှာပျက်သွားသည်။

သူက သေမှာမကြောက်ပေ။ သို့ရာတွင်

သူ့ညီမလေးနှင့် ထပ်မတွေ့ရတော့သည့်အတွက် နောင်တရလာ၏။

သို့ရာတွင် တိုက်ခိုက်မှုက ကျွင်းဝမ်ကျဲကို ထိခါနီးသောအခါ ရောမ ရွှေလက်ဖဝါးကြီးတစ်ခုက ရုတ်တရက် ကျဆင်းလာသည်။

၎င်းက ပြတ်ပြတ်သားသားရှိသော ရှောင်ချန်းကိုရိုက်ချလိုက်ကာ သွေးအန်သွားစေခဲ့၏။

တစ်ချိန်တည်းမှာပင် လှောင်ပြောင်သရော်သော အငွေ့အသက်များပါဝင်နေသည့် အေးစက်စက် စကားသံတစ်ချက် ထွက်ပေါ်လာသည်။

"လုပ်ပုံကိုင်ပုံက ပြတ်သားပြီး ရက်စက်တယ်... တကယ်ကို အဓိကဇာတ်ကောင်ရဲ့ ပုံစံပဲ..၊ ဒါပေမဲ့

စိတ်မကောင်းစရာက အဓိကဇာတ်ကောင်ဆိုတာ မရှိနိုင်ဘူး"

ထိုစကားသံကို ကြားရသည်နှင့် ရှောင်ချန်းဟာ ရေခဲဂူထဲကို ကျဆင်းသွားရသကဲ့သို့ တကိုယ်လုံး အေးစက်တောင့်တင်းသွားတော့သည်။

-------------

အခန်း ( ၆၂ ) ရှောင်ချန်းရဲ့ရန်သူဆိုတာ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လား၊ ဝူမင်ယွဲ့ အံ့သြရခြင်း

အသက်ရှူချိန် အနည်းငယ်အတွင်း အခြေအနေဟာ အမျိုးမျိုးအဖုံဖုံ ပြောင်းလဲသွားခဲ့သည်။

ပထမအနေဖြင့် ဂူမင်ယွဲ့ပင်လျှင် ရှောင်ချန်းက ကျွင်းဝမ်ကျဲအား သတ်ရန်ကြိုးစားမည်ဟု ထင်မထားခဲ့ပေ။

သိထားရသည်မှာ ကျွင်းဝမ်ကျဲက ကျွင်းမိသားစု၏ ပဥ္စမစီကွမ်ဖြစ်သည်။

၎င်းသေဆုံးလျှင် အင်မော်တယ်နယ်မြေကြီးတစ်လုံး လှုပ်ရှားသွားစေနိုင်၏။

သာမန်တိုက်ပွဲတစ်ခုတွင် ကျွင်းဝမ်ကျဲ သေဆုံးပါက ကျွင်းမိသားစုဟာ ဤမျှဒေါသဖြစ်မည်မဟုတ်ပေ။

သို့ရာတွင် ယခုမှုကား ကျွင်းဝမ်ကျဲကို ရှေ့ကြိုးဖြင့်

ချည်နှောင်ထားသည်။

ထို့ကြောင့် ၎င်းသေဆုံးပါက ရှောင်ချန်းလည်း မလွတ်နိုင်တော့ပေ။

ထို့အပြင် ဝူမင်ယွဲ့နှင့် သူမအနောက်မှ ပန်ဝူနတ်ဘုရားမင်းဆက်ကိုပါ ထိခိုက်လာရမည်ဖြစ်သည်။

ဝူမင်ယွဲ့ဟာ ရှောင်ချန်းက စိတ်မြန်လက်မြန်နှင့် အကျိုးဆက်များကို မစဉ်းစားဘဲ ပြုမူလာမည်ဟု ထင်မထားခဲ့ပါချေ။

ချောမောသောရုပ်ရည်နှင့် ကြင်နာတတ်ဟန်ရသော ထိုကောင်လေးတွင် ဤမျှ ရက်စက်ကြမ်းကြုတ်သော အမှောင်ဘက်ခြမ်း ရှိနေမည်ဟု ထင်မထားခဲ့ပေ။

သို့ရာတွင် သူမ သတိပြန်ဝင်လာသောအခါ
ရှောင်ချန်းက သွေးအန်၍ လဲကျနေခဲ့ရပြီ ဖြစ်သည်။

တချိန်တည်းမှာပင် အစောပိုင်းမှစကားသံကို သူလည်း
ကြားလိုက်ရ၏။

'ကျွင်းမိသားစုကလူ တစ်ယောက်ယောက်
ရောက်လာတာများလား'
ဝူမင်ယွဲ့စိတ်ထဲတွင် အနည်းငယ် လှုပ်ရှားသွားခဲ့သည်။

ထိုစဉ် အဖြူရောင်ဝတ်၍ ချောမောခန့်ညားသော
ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

၎င်းက နတ်သားတစ်ပါးကဲ့သို့ ချောမောကာ

ကျောက်စိမ်းရုပ်တုတစ်ခုနှယ် ပြီးပြည့်စုံသော အသွင်သဏ္ဍာန်ရှိ၏။

ဧင်းလူငယ်ကား ကျွင်းရှောင်ယောက်ပင် ဖြစ်တော့သည်။

'ဒါက ကျွင်းရှောင်ယောက်ပဲ'

လုံပိကျစ်၏ မျက်နှာက အေးခဲသွားကာ သတိအပြည့်ထားလည်။

ဝူမင်ယွဲ့လည်း နတ်ဘုရားသားတော်ကိုယ်တိုင် ရောက်လာမည်ဟု မျှော်လင့်မထားဘဲ အသက်ပြင်းပြင်းရှူလိုက်မိသည်။

"သခင်လေး"

ကျွင်းဝမ်ကျဲမျက်နှာတွင်ကား ဝမ်းသာ ပျော်ရွှင်မှုများ ဖြစ်ပေါ်လာ၏။

သူဟာ နဂါးအရိုးကို တွေ့မြင်ကတည်းက ကျွင်းရှောင်ယောက်ထံသို့ သတင်းပို့ထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်က သူတို့နေရာအား သဘာဝအတိုင်းသိကာ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သို့သော်လည်း ရှောင်ချန်း၏ ရက်စက်ကြမ်းကြုတ်မှုကိုတော့ မျှော်လင့်မထားခဲ့ပါချေ။

"ကျွင်း ရှောင် ယောက်"

မြေပြင်သို့လဲကျနေသော ရှောင်ချန်းဟာ
ပြန်လည်ထရပ်လာသည်။ သူဟာ နှုတ်ခမ်းထောင့်မှ
စီးကျနေသောသွေးကို လက်ခုံဖြင့်သုတ်လိုက်၏။
သူ့မျက်နှာတွင်ကား ကံကြမ္မာဆိုးကြီးနှင့်
ရင်ဆိုင်နေရသည့်နှယ် မျက်နှာတစ်ခုလုံး
မည်းမှောင်နေတော့သည်။

သူ့ကို တစ်ချက်ကြည့်ရုံဖြင့် မုန်းတီးမှုနှင့်
ဒေါသများအား အလွယ်တကူ ခံစားရနိုင်သည်။

ယင်းကိုမြင်သောအခါ ဂူမင်ယွဲ့စိတ်ထဲတွင်
ရှောင်ချန်းပြောပြခဲ့ဖူးသော
သူ့အတိတ်ဟောင်းဆိုတာကို သတိရလာ၏။

"ရှောင်ချန်း... နင့်ရဲ့ ရန်သူဆိုတာက...
ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်လား"

ဝူမင်ယွဲ့ဟာ မနေနိုင်ဘဲ မေးလိုက်မိသည်။

"ဟမ့်... သူ့ဖာသာ ဘာသားတော်ပဲဖြစ်ဖြစ်၊
ငါရှောင်ချန်း ကျိန်ဆိုထားတဲ့
သုံးနှစ်စာချုပ်ထဲကအတိုင်း လက်စားပြန်ချေရမယ်"
ရှောင်ချန်းက အေးစက်စက်နှင့် အော်ဟစ်လိုက်သည်။

သူက ယခင်လို ပျော့ညံ့၍ ရှက်ရွံ့တတ်သော
ကောင်လေးတစ်ယောက် မဟုတ်တော့ပေ။

ယခုအခါ ကျွင်းရှောင်ယောက်ကို
ယုံကြည်မှုအပြည့်နှင့် ရင်ဆိုင်နိုင်ခဲ့ပြီ ဖြစ်သည်။

ဟုတ်၏။ သူ့အတွက် အလုံခြုံဆုံးနည်းလမ်းက
နဂါးအရိုးများကို အရင်သိမ်းပိုက်ပြီးမှသာ

ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်ခြင်း ဖြစ်သည်။

သို့ရာတွင် ယခုတော့ အခွင့်အရေးမရှိတော့ပါချေ။

ရှောင်ချန်း၏ စကားကိုကြားသောအခါ
ဝူမင်ယွဲ့မျက်နှာက ဖြူရော်သွားခဲ့သည်။

မူလက သူဟာ ရှောင်ချန်းရန်သူက မည်သူဖြစ်ပါစေ၊
ရင်ဆိုင်ပေးရန် တွေးထားခဲ့မိသည်။

ပန်ဝူနတ်ဘုရားမင်းဆက်မှ
အကြီးဆုံးမင်းသမီးတစ်ပါးအနေဖြင့် သူမ
မလုပ်နိုင်သောအရာက သိပ်မရှိပါချေ။

သူမ စကားတစ်ခွန်းနှင့် အင်အားစုများစွာကို

အလွယ်တကူ ဖျက်ဆီးပစ်နိုင်စွမ်းရှိ၏။

သို့သော်လည်း ယခုအခါ ရှောင်ချန်း၏
ရန်သူဟောင်းကြီး ထွက်ပေါ်လာပြီဖြစ်သည်။
သို့ရာတွင် ဂူမင်ယွဲ့အနေဖြင့် အမှန်တကယ်ကော
ဖယ်ရှားနိုင်ပါဦးမလား။

ယခုအခါ ဖယ်ရှားနိုင်မည်၊ မဖယ်ရှားနိုင်ပြီက
မေးနေစရာပင် မလိုတော့ပေ။

အဖြေက လုံးဝ သိသာနေခဲ့ပြီ ဖြစ်သည်။

သူမလို ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးတစ်ပါး
မဆိုထားဘိ၊ မင်းဆက်၏ ခေါင်းဆောင်ကြီးပင်
ကျွင်းရှောင်ယောက်ကို ဘာမျှလုပ်ဝံ့မည်မဟုတ်ပေ။

နောက်ဆုံးတော့ ကျွင်းမိသားစု၏ ဘိုးဘေးများဟာ ဟာသမဟုတ်ပါချေ။

ကျွင်းမိသားစုမှ ဘိုးဘေးဆယ့်ရှစ်တစ်ဦးတည်းပင် အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို ကိုင်လှုပ်နိုင်စွမ်း ရှိနေခဲ့ပြီ ဖြစ်သည်။

'ဘယ်လိုဖြစ်တာလဲ... ဘယ်လိုလုပ်ပြီး သူဖြစ်ရတာလဲ'

ဝူမင်ယွဲ့ နှလုံးသားထဲတွင် စွမ်းအားမဲ့သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ကျွင်းရှောင်ယောက်က ရှောင်ချန်းကိုဂရုမစိုက်ဘဲ နဂါးအရိုးငါးခုကိုသာ ကြည့်လိုက်သည်။

သူဟာ ရှေးဟောင်းနဂါးအရိုးလေးခုကို ဂရုမစိုက်ပေ။ သူ့မျက်လုံးအကြည့်က ပဥ္စမမြောက်အရိုးတွင်သာ ရှိ၏။

"တကယ်ပဲကို... ဘိုးဘေးနဂါးရဲ့ အဓိပတိအရိုးက ဘိုးဘေးနဂါးသိုက်မှာတောင် ရှာရခက်တာ"

ကျွင်းရှောင်ယောက် ကျေနပ်စွာ ပြုံးလိုက်မိသည်။

အနှီရှောင်ချန်းက တကယ်ကို ကံကောင်းစေသော ကြယ်ပွင့်ကလေးပင်။

"ကျွင်းရှောင်ယောက်... အဓိပတိယွမ်ထျန်းရဲ့ ရတနာသိုက်ကို ငါလာတယ်ဆိုတာ မင်းသိနေတာလား"

ရှောင်ချန်းဟာ နီရဲနေသောမျက်လုံးများနှင့်

အံကြိတ်ကာ ပြောလိုက်သည်။

"မင်းဘယ်လိုထင်လို့လဲ"

ကျွင်းရှောင်ယောက်က နှုတ်ခမ်းများကို တွန့်ကွေးကာ ပြုံးလိုက်၏။

"ဒါပေမဲ့ မင်းငါ့ကိုတွေ့တာတောင် မလှုပ်ရှားခဲ့ဘူး... ဒါက ဒီအချိန်ကို တမင်စောင့်ဆိုင်းနေခဲ့တာမဟုတ်လား"

တဖြည်းဖြည်းနှင့် ရှောင်ချန်းမျက်နှာဟာ အလွန်အကြည့်ရဆိုးလာသည်။

"ကြည့်ရတာ မင်းက ဉာဏ်မရှိတာတော့ မဟုတ်ဘူးပဲ"

ကျွင်းရှောင်ယောက် ခေါင်းညိတ်လိုက်သည်။

"ကျွင်း... ရှောင်... ယောက်"

ရှောင်ချန်း ဒေါသများအား မချုပ်တည်းနိုင်ဖြစ်ကာ ခွန်အားများကို စုစည်းလိုက်သည်။

"မိုးပြာနဂါး နတ်ဆိုးဖိနှိပ်"

ရှောင်ချန်းက လက်နှစ်ဖက်နှင့် သင်္ကေတတစ်ခုပြုကာ အရှေ့ကို တွန်းထုတ်လိုက်သည်။ ထိုအခါ မိုးပြာနဂါးတောင်ကြီးကဲ့သို့ ပုံရိပ်တစ်ခုဟာ ကျွင်းရှောင်ယောက်ထံ တိုးဝင်သွား၏။

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးကြည့်ကာ ရိုးရှင်းသော လက်သီးတစ်ချက်အား ထုတ်ဖော်လိုက်သည်။

ထိုအခါ ရွှေရောင်လက်သီးတစ်လုံး ထွက်ပေါ်လာပြီး မိုးပြာနဂါးတောင်အား တိုက်ရိုက်ဖျက်ဆီးသွား၏။

ယင်းကိုမြင်သောအခါ ရှောင်ချန်းမျက်နှာက
မယုံကြည်နိုင်ဟန်ဖြင့် ဖြူဖျော့သွားတော့သည်။

သူ၏ အစွမ်းထက်နတ်ဘုရားသိုင်းက
ကျွင်းရှောင်ယောက်ထံမှ လက်သီးတစ်လုံးပင်
မခံနိုင်ပေ။

"ရှောင်ချန်း... ကိုယ့်ကိုယ်ကို ညာမနေစမ်းပါနဲ့ကွာ..။
မင်းက ဒီနတ်ဘုရားသားတော်ရဲ့ နောက်ကျောကိုပဲ
တစ်ဘဝလုံး မျှော်ကြည့်နေရမယ်ဆိုတာ
မသိတာလည်း မဟုတ်ဘဲနဲ့"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါးပြောဆိုကာ
သူ့လက်ကိုမြှောက်၍ ဖိချလိုက်သည်။

"မရှေ့လျှားသော မိုးပြာနဂါးခေါင်းလောင်း"

ကျွင်းရှောင်ယောက်က ထပ်မံတိုက်ခိုက်လာသောအခါ ရှောင်ချန်း၏ ဆံပင်များပင် ထောင်ထလုသည်။ သူက သန်မာသော အကာကွယ်စွမ်းရည်ကို ထုတ်ဖော်ပြသလိုက်၏။

ခဏချင်းပင် မိုးပြာနဂါးအမှတ်အသားနှင့် ခေါင်းလောင်းကြီးတစ်လုံးက ရှောင်ချန်းကို ချက်ချင်း ဖုံးလွှမ်းသွားတော့သည်။

"ဟာသပဲ"

ကျွင်းရှောင်ယောက်ထံမှ ဆင်အမှုန်ခုနစ်သောင်း၏ ဂျင်သန်းခုနစ်ရာခွန်အားများ ပေါက်ကွဲထွက်ပေါ်လာသည်။

"ဝုန်း"

ပေါက်ကွဲသံ၊ အော်ဟစ်သံ၊ သွေးအန်သံနှင့်အတူ

ဖုန်တထောင်းထောင်းထသွားသည်။

"ရှောင်ချန်း"

ယင်းကိုမြင်သောအခါ ဝူမင်ယွဲ့၏ မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

ဖုန်များ ရှင်းသွားသောအခါ ရှောင်ချန်းကို ပြန်မြင်လာရ၏။

ရှောင်ချန်း၏ 'မရွေ့လျားသော မိုးပြာနဂါးခေါင်းလောင်း'က ကျွင်းရှောင်ယောက်ကို မဟန့်တားနိုင်ပေ။

ထိုအခိုက်တွင် ရှောင်ချန်းအောက်မှမြေပြင်ဟာ ပင့်ကူအိမ်ကဲ့သို့ အက်ကြောင်းများ ဖြစ်ပေါ်နေသည်။ သူ့ခန္ဓာမှ နဂါးအကြေးခွံများကွဲအက်ကာ

သွေးများစီးကျနေ၏။ အရိုးများကလည်း
မည်မျှကျိုးသွားမှန်းတောင် မသိနိုင်တော့ပါချေ။

ကံကောင်းထောက်မစွာဖြင့် သူဟာ
တိုက်ရိုက်မသေဆုံးခဲ့ပါ။

သို့သော်လည်း အသက်မသေသည့်တိုင် သေလုနီးပါး
ခံစားလိုက်ရ၏။

ယင်းကိုမြင်သောအခါ
ကျွင်းရှောင်ယောက်၏မျက်နှာက ပို၍
လေးနက်လာတော့သည်။

ကျွင်းရှောင်ယောက်က
ကျွင်းဝမ်ကျဲအရှေ့ကိုလျှောက်သွားကာ ရှေကြိုးကို
အလွယ်တကူ ဖြုတ်လိုက်သည်။

"ရတနာကောင်းပဲ"

ကျွင်းရှောင်ယောက်က ရွှေကြိုးကိုယူကာ အကဲခတ်လိုက်၏

ဝူမင်ယွဲ့ကတော့ စိုးရိမ်နေသောမျက်နှာနှင့် ရှောင်ချန်းအနီးကို အပြေးလှမ်းသွားတော့သည်။

ကျွင်းရှောင်ယောက်လည်း ဤမြင်ကွင်းကို စိတ်ဝင်စားစွာ ကြည့်လိုက်၏။

"သခင်လေး၊ ဒီမိန်းကလေးက ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ နတ်ဘုရားစွမ်းရည်ကို အသုံးပြုသွားတယ်"

နံဘေးတွင် ကျွင်းဝမ်ကျဲက ပြောလိုက်သည်။

"အိုး၊ ပန်ဝူနတ်ဘုရားမင်းဆက်လား"

ကျွင်းရှောင်ယောက်ဟာ ပို၍ပင် စိတ်ဝင်စားလာ၏။

ပန်ဝူနတ်ဘုရားမင်းဆက်၏ ပန်ဝူဂူပိမ္မာန်တွင် လက်မှတ်ထိုးဝင်စရာ ရှိသေးသည်အား သူလုံးဝ မမေ့ပါချေ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ဒုတိယအာရုံကို ပို၍မြန်မြန်နိုးထချင်လျှင် ပန်ဝူနတ်ဘုရားမင်းဆက်သို့ သွားရောက်ရန်လိုသည်။

သို့သော်လည်း အနီးမိန်းကလေးနှင့် မဆက်ဆံမီ ဖြေရှင်းစရာ ကိစ္စငယ်တစ်ခု ရှိနေဆဲပင်။

သူက လုံပိကျစ်ကို လှည့်ကြည့်ကာ ပြောလိုက်သည်။

"လုံပိကျစ်..၊ မင်းက ဒီမှာ
ဆက်နေဝံ့သေးတယ်ဆိုတော့ အတော်
စိတ်ဓာတ်တက်ကြွနေတယ်ပေါ့"

-------------

အခန်း ( ၆၃ ) သနားစရာရှောင်ချန်း၊ ဝူမင်ယွဲ့
အရှက်ရခြင်း၊ ဒီနတ်ဘုရားသားတော်ကို
ဒူးထောက်လိုက်

ကျွင်းရှောင်ယောက်၏ စကားကိုကြားသောအခါ
လုံပိကျစ်မျက်နှာက အေးခဲသွားပြီး
အသက်ရှူမြန်လာသည်။

သူသည်ကား ဘိုးဘေးနဂါးသိုက်မှ
နဂါးမိန်းမပျိုပြင်တည်း။

ဤနေရာတွင် တခြားသူဆိုပါက လုံပိကျစ်ဟာ လုံး၀
ကြောက်ရွံ့နေမည် မဟုတ်ပေ။

သို့သော်လည်း ကျွင်းရှောင်ယောက်နှင့်
ရင်ဆိုင်ရချိန်မှာတော့ သူ့စိတ်ထဲတွင် မရေရာသော
ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။

ယင်းက အကြောက်တရား။

ဟုတ်သည်။ လုံပိကျစ်ဟာ
မတိုက်ခိုက်ရသေးသော်လည်း စိတ်ထဲတွင်

ကြောက်ရွံ့နေမိ၏။

"ဟမ်"

လုံပိကျစ်က မတုံ့ပြန်သောကြောင့်
ကျွင်းရှောင်ယောက်ဟာ အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည် ။

လုံပိကျစ်ကို သူမကိုင်တွယ်ခြင်းကလည်း
ကြောက်ရွံ့နေ၍ မဟုတ်ပေ။ အကျိုးမဲ့
လှုပ်ရှားရမည်အား ပျင်းရိသောကြောင့်သာ ဖြစ်သည်။

သို့သော်လည်း လုံပိကျစ်က နားကောက်နေလျှင်ဖြင့်
သူကလည်း အညောင်းညာဖြေရန်
စိတ်ထဲမထားပါချေ။

ထို့ကြောင့် ဧကရာဇ်၏တံဆိပ်တော်ကိုထုတ်ကာ

ချက်ချင်း ထုချလိုက်သည်။

ကေရာဇ် တံဆိပ်တော်ထွက်ပေါ်လာသောအခါ
လေထုပင် တုန်ခါသွား၏။

လုံပိကျစ်လည်း မျက်နှာအမူအရာ ပြောင်းလဲသွားကာ
ခုခံရန်အတွက် အလျင်စလို ကြိုးစားလေတော့သည်။

"ဝုန်း"

"ဝေါ့"

ပေါက်ကွဲသံနှင့်အတူ လုံပိကျစ်ဟာ သွေးတစ်ပွက်ကို
အန်ထုတ်လိုက်ရသည်။ သူ့မျက်နှာက
ဖြူရော်သွားကာ မြေပြင်မှာလည်း အက်ကြောင်းများ

ပြည့်နှက်သွား၏။

"ကောင်းကောင်းပြောလို့ကို မရဘူး"
ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်သည်။

လုံပိကျစ်ကား ခြောင်းတဟွတ်ဟွတ်ဆိုးကာ
မျက်လုံးပြူးပြီး အလွန်ထိတ်လန့်သွား၏။

ကျွင်းရှောင်ယောက်၏ တိုက်ခိုက်မှုကို သူမ
လုံးဝမတားနိုင်ခဲ့ပေ။

"ပြေး"
လုံပိကျစ်ဟာ ချာခနဲလှည့်၍ သုတ်ချေတင်ကာ
ထွက်ပြေးလိုက်သည်။

သူမ အနည်းငယ်နှောင့်နှေးနေလျှင်
အမိပမိယွမ်ထျန်း၏ ရတနာသိုက်အတွင်းမှ
ပြန်ထွက်နိုင်တော့မည် မဟုတ်ပေ။

သူ့တွင် အကာကွယ်မှော်ရတနာတချို့ရှိပြီး
အပြင်ဘက်မှာလည်း အကာကွယ်ပေးမည့်
အကြီးအကဲရှိသည်။

သို့တိုင် လုံပိကျစ်ဟာ လုံခြုံမှုကို မခံစားရသေးပေ။

ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်မိသူတိုင်း လုံခြုံမှုအား
ခံစားရမည် မဟုတ်ပါချေ။

ယခုလည်း လုံပိကျစ်ဟာ ထွက်ပြေးရင်းနှင့် သူမိခင်မှ
သူ့ကိုမွေးဖွားလာစဉ်တွင် ခြေထောက်နှစ်ချောင်း
အပိုမပါခဲ့သောကြောင့် နောင်တရသွားမိသည်။

ဘိုးဘေးနဂါးသိုက်မှ နဂါးမိန်းမပျိုတစ်ယောက်
ဤမျှကြောက်လန့်ကာ
ထွက်ပြေးသွားသည့်သတင်းသာ ပျံ့သွားလျှင်
လူဘယ်လောက်များ တုန်လှုပ်ကြမလဲဆိုသည်မှာ
မတွေးတတ်အောင်ပင်။

လုံ့ပိကျစ် ထွက်ပြေးသွားသောအခါ ရှောင်ချန်းနှင့်
ဝူမင်ယွဲ့ရင်ထဲတွင် တင်းကြပ်လာသည်။

ကျွင်းရှောင်ယောက်ဟာ လုံ့ပိကျစ်အနောက်ကို
မလိုက်သောကြောင့် သူတို့ကို ဦးတည်နေကြောင်း
အသေအချာသိ၏။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊
ရှင်ဘာဆက်လုပ်မှာလဖြ"

ဝူမင်ယွဲ့က ရှောင်ချန်းအရှေ့တွင် ဝင်ရပ်ကာ
ထိတ်လန့်တကြားနှင့် ပြောလိုက်သည်။

ဝူမင်ယွဲ့ဟာ နတ်ဘုရားမင်းဆက်တစ်ခုမှ
အကြီးဆုံးမင်းသမီးဖြစ်သည်။ သူ့မျက်နှာကို
ပုဝါနှင့်ကွယ်ထားသော်လည်း
မြင့်မြတ်သောအရှိန်အဝါများ ရှိနေဆဲပင်။

သို့သော်လည်း ယခုအခါ
ကျွင်းရှောင်ယောက်အရှေ့မှာ မည်သည့်
အရှိန်အဝါမျိုးမှ မရှိနိုင်တော့ပေ။

ဤခံစားချက်ဟာ မသေမျိုးအင်မော်တယ်တစ်ပါးကို
မြင်လိုက်ရသော
သေမျိုးမိန်းကလေးတစ်ယောက်ကဲ့သို့ပင် ဖြစ်သည်။

"ငါဘာလုပ်မှာလဲ"

ကျွင်းရှောင်ယောက်က ဝူမင်ယွဲ့ကို စိတ်ဝင်တစား ကြည့်လိုက်၏။

သူဟာ ဝူမင်ယွဲ့ထံမှ မိန်းမတစ်ယောက်ကဲ့သို့သော ခံစားချက်ကို မရပေ။

ထိုအစား ယင်းက တစ်စုံတစ်ခုနှင့် ပိုတူနေသည်။

အသုံးချခံ။

ကျွင်းရှောင်ယောက်၏ တစ်ကိုယ်လုံးကို ထွင်းဖောက်မြင်နေပုံရသည့် အကြည့်များနှင့် ရင်ဆိုင်ရသောအခါ ဝူမင်ယွဲ့ တုန်လှုပ်သွားသည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
ကြောက်စရာကောင်းလိုက်တာ'

ဝူမင်ယွဲ့စိတ်ထဲတွင် ရေရွတ်လိုက်မိ၏။

"မင်းရဲ့ပုဝါကို ဖယ်လိုက်...
ဒီနတ်ဘုရားသားတော်အရှေ့မှာ လျှို့ဝှက်သလို
ဟန်ဆောင်နေတာ မကြိုက်ဘူး"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

သူ့လေသံဟာ အာဏာသံအပြည့်ပါဝင်နေသည်။

"ရှင်..."

ဝူမင်ယွဲ့ အနည်းငယ် တင်းမာသွားသည်။ မည်သို့ဆိုစေ
သူမဟာ ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးတစ်ပါး
ဖြစ်နေဆဲပင်။ သူမတွင်လည်း ကိုယ်ပိုင်

အကန့်အသတ်များ ရှိသည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်က အာဏာသံပါပါ ပြောလာသောအခါ လက်မခံလိုပေ။

"ဘာလဲ... ငါ့ကိုလုပ်စေချင်တာလား..။ ပုဝါတစ်ခုကို ဖယ်ရှားရတာက မခက်ခဲဘူးနော်"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်၏။

ဝူမင်ယွဲ့ နှုတ်ခမ်းကိုကိုက်လိုက်သည်။ တချိန်တည်းမှာပင် ခြေကုန်သုတ်၍ ထွက်ပြေးသွားသော လုံပိကျစ်ကို ပြန်သတိရလာမိ၏။

သူမက အားမနည်းသော်လည်း လုံပိကျစ်ထက်

များစွာသန့်မာမည် မဟုတ်ပေ။

ယင်းကိုတွေးပြီးနောက် ဝူမင်ယွဲ့လည်း အရှက်တရားကိုဘေးဖယ်ကာ မျက်နှာမှပုဝါအား ဆွဲဖယ်ခွာလိုက်တော့သည်။

ရုတ်တရက် ကျွင်းရှောင်ယောက်အရှေ့တွင် လှပသော ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

သူမက မျက်လုံး၊မျက်ခုံးကောင်းကာ နှာတံပေါ်ပေါ်နှင့် အလွန်လှပ၏။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာက မပြောင်းလဲဘဲ လျစ်လျူရှုစွာ ပြောလိုက်သည်။

"မင်းက အတော်လှတာပဲ၊ ရှောင်ချန်းရဲ့ နတ်ဝိညာဉ်ကို

ဆွဲဆောင်ထားနိုင်တာ အံ့သြစရာမရှိတော့ပါဘူး"

"နတ်ဘုရားသားတော်... သူများကို မစော်ကားပါနဲ့။ ရှောင်ချန်းက ကျွန်မရုပ်ရည်ကြောင့် ကျွန်မအပေါ်မှာ ကောင်းတာမဟုတ်ဘူး"

ဝူမင်ယွဲ့က အေးစက်စက်နှင့် ပြောလိုက်သည်။

သူမ နှစ်သက်သောသူကို တခြားတစ်ယောက်က စော်ကားတာမျိုး လက်မခံလိုပေ။

"အိုး"

ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာပြုံးရင်း တဖြည်းဖြည်း အရှေ့တိုးလာသည်။

သူက အရှိန်အဝါများကို ထုတ်ဖော်မထားသော်လည်း

ဝူမင်ယွဲ့ဟာ အသက်ပြင်းပြင်းရှူလာရ၏။

ကျွင်းရှောင်ယောက်ဟာ အနားကိုလျှောက်လာပြီးနောက် ဝူမင်ယွဲ့၏ ကျောက်စိမ်းကဲ့သို့ ဖြူစင်ချောမွတ်နေသော မေးစေ့ကို လက်နှင့်ပင့်ကိုင်ကာ ပြောလိုက်သည်။

"ဒါဆိုရင် ရှောင်ချန်းက မင်းခန္ဓာကိုယ်ကို အသုံးချပြီး မင်းနောက်ကွယ်က အင်အားစုနဲ့ ငါ့ကို ဆန့်ကျင်ချင်နေတာပေါ့"

"ကျွင်းရှောင်ယောက်၊ တိတ်စမ်း"

ယင်းကိုကြားသောအခါ ရှောင်ချန်းက ချက်ချင်းထအော်လိုက်သည်။ သူ့မျက်လုံးမှာလည်း အပြစ်ရှိသောအလင်းတချို့ ဖျတ်ခနဲလက်သွား၏။

ဝူမင်ယွဲ့ကို သူနှစ်သက်တာကား

အမှန်တကယ်ဖြစ်သည်။

သို့ရာတွင် အခြားအတွေးတချို့လည်း ပါ၏။

ယခုအခါ ကျွင်းရှောင်ယောက်က ထိုအတွေးများအား ထုတ်ပြလိုက်ခြင်းပင် ဖြစ်သည်။

"ပိတ်စမ်း"

ကျွင်းရှောင်ယောက်က ရှောင်ချန်းကို ပါးဖြတ်ရိုက်လိုက်၏။ ချက်ချင်းပင် ရှောင်ချန်းဟာ သွေးများကို ဆင့်ကာဆင့်ကာ အန်နေရတော့သည်။

"ကျွင်းရှောင်ယောက်... ရပ်လိုက်တော့"

ဝူမင်ယွဲ့မျက်နှာက ဖြူရော်သွားသည်။ သို့ရာတွင် သူ့မေးစေ့ကိုကိုင်ထားသော ကျွင်းရှောင်ယောက်ကို

မဖယ်ရှားနိုင်ပေ။

ရှောင်ချန်းဟာ သူ၏နတ်ဘုရားမလေးအား
အသားယူနေသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ
အတွင်းအင်္ဂါများ ပေါက်ကွဲတော့မည့်အလား
ပူလောင်လာသည်။

သူသည်ပင် ဝူမင်ယွဲ့ကို လက်ဖျားနှင့်မတို့ဖူးပေ။

သူက ထိချင်သော်လည်း နတ်ဘုရားမင်းဆက်မှ
မင်းသမီးဖြစ်သော ဝူမင်ယွဲ့ဟာ
ထိုသို့သောမိန်းမစားမဟုတ်မှန်း သူသိသည်။
ထို့ကြောင့် သက်ပြင်းကိုသာ ကြိတ်ချခဲ့ရသည်မှာ
အခါခါပင်။

ယခုတော့ အနှီလူယုတ် ကျွင်းရှောင်ယောက်က

သူ့နတ်ဘုရားမလေး၏ မေးစေ့ကို
ကိုင်ထားခဲ့ပြီဖြစ်သည်။

ဤမြင်ကွင်းမျိုးကို ဘယ်ယောကျ်ားမျှ
သည်းခံနိုင်မည် မဟုတ်ပေ။

'ဘိုးဘေး၊ ကျေးဇူးပြုပြီး
ကျွင်းရှောင်ယောက်ကိုသတ်ပေးပါ'
ရှောင်ချန်းဟာ စိတ်ထဲမှ ဟိန်းဟောက်လိုက်သည်။

သို့သော်လည်း သူ့စကားများသာ
ပင်လယ်ထဲကျဆင်းသွားသော ခဲတစ်လုံးနှယ်
စုံးစုံးမြုပ် ပျောက်ကွယ်သွားရသည်။
မိုးပြာနဂါးသခင်ကား အကြောင်းမပြန်ပါချေ။

လာနောက်နေခြင်းသာ ဖြစ်ရမည်။

မိုးပြာနဂါးသခင်အနေဖြင့် ဤနေရာတွင် ဘယ်လိုလုပ်ပြီး ထွက်ပေါ်လာဝံ့ပါမည်နည်း။

ကျွင်းမိသားစုမှ အကြီးအကဲက အခြေအနေကိုသိသွားလျှင် ပြဿနာအကြီးအကျယ်တက်သွားမည် ဖြစ်သည်။

မိုးပြာနဂါးသခင်က မတုံ့ပြန်သောအခါ ရှောင်ချန်းပိုမိုးစိုးရိမ်ကာ ဒေါသထွက်လာခဲ့၏။

ကျွင်းရှောင်ယောက်က ရှောင်ချန်းကိုကြည့်ကာ ခံစားချက်အပြည့်နှင့် ပြောလိုက်သည်။

"ရှောင်ချန်း... ငါမင်းကို တကယ်ကျေးဇူးတင်မိတယ်..။ မင်းက ပထမဆုံး

စေ့စပ်ထားသူကို လာပေးခဲ့တယ်၊ နောက်ပြီးတော့ နဂါးချီကို ထပ်ပေးတယ်... အခုဆိုရင် နောက်ထပ် မိန်းမလှလေးတစ်ယောက်နဲ့ နဂါးအရိုးငါးခုကိုတောင် ထပ်ပေးလာခဲ့ပြီ"

"ငါမင်းကို ဘယ်လိုကျေးဇူးတင်ရမယ်မှန်းတောင် မသိတော့ဘူး"

ကျွင်းရှောင်ယောက်က ရိုးရိုးသားသား ပြောလိုက်သည်။

သူဟာ ရှောင်ချန်းကိုသတ်ရန်ပင် အနည်းငယ် တွန့်ဆုတ်နေမိ၏။

"ကျွင်းရှောင်ယောက်၊ မင်း... မင်း..."

ရှောင်ချန်းမျက်နှာက ဒေါသကြောင့် ပြာနှမ်းသွားသည်။

"အား...."

ရှောင်ချန်းဟာ လုံးဝ သည်းမခံနိုင်တော့ဘဲ အော်ဟစ်လိုက်၏။ ထို့တောက်တော့ သွေးများ ထပ်မံအန်ထွက်လာကာ သတိလစ် မေ့မြောသွားတော့သည်။

"ရှောင်ချန်း"

ဝူမင်ယွဲ့လည်း ကျွင်းရှောသ်ယောက်လက်ကို အမြန်ဖယ်ရှားကာ ရှောင်ချန်းအခြေအနေအား စစ်ဆေးကြည့်လိုက်သည်။

သူအသက်ရှင်နေသေးကြောင်း သေချာမှသာ စိတ်သက်သာရာရစွာ သက်ပြင်းတစ်ချက် ချလိုက်နိုင်သည်။

သို့ရာတွင် သူ့မျက်နှာကား လေးနက်နေဆဲပင်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ ရှင်ဘာလိုချင်လို့လဲ..။ ဒီနဂါးအရိုးကို ရှင်ယူသွားချင်ရင်လည်း ပေးလိုက်နိုင်တယ်"

ဝူမင်ယွဲ့က တင်းမာသောမျက်နှာထားနှင့် ပြောလိုက်သည်။

"ငါခန့်မှန်းတာမမှားရင် မင်းက ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့ မင်းသမီးကြီး ဝူမင်ယွဲ့ပဲ ဖြစ်ရမယ်"

ကျွင်းရှောင်ယောက်က မေးလိုက်သည်။

"ဟုတ်တယ်"

ယခုအချိန်တွင် ဖုံးကွယ်ထားစရာအကြောင်းမရှိတော့သောကြောင့်

ဝူမင်ယွဲ့ဟာ တိုက်ရိုက်ဝန်ခံလိုက်၏။

သူ့အမြင်တွင် သူမအနေအထားအမှန်ကိုပြောခြင်းက ကျွင်းရှောင်ယောက်ကို အနည်းငယ် ထူးခြားသွားစေမည် ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ မျက်နှာအမူအရာမှာ လုံးဝပြောင်းလဲခြင်းမရှိပေ။

သူ့အမြင်တွင် ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသမီးက သာမန်လူတစ်ယောက်နှင့် မခြားနားပါချေ။

"ရှောင်ချန်းနဲ့ငါ့ကြားက ရန်စကို မင်းလည်း မြင်မှာပါ။ ဒီတော့ ငါသူ့ကိုသတ်လိုက်မယ်ဆိုရင် မင်းမှာ ပြောစရာရှိလား"

ကျွင်းရှောင်ယောက်လေသံက ရုတ်တရက်

အေးစက်သွားသည်။

"မဟုတ်ဘူး၊ ရှင်သူ့ကိုမသတ်ရဘူး"

ဝူမင်ယွဲ့၏ မျက်နှာအမူရာက ချက်ချင်း
ပြောင်းလဲသွားသည်။

ကျွင်းရှောင်ယောက်က ဝူမင်ယွဲ့ကို လျစ်လျူရှုကာ
ရှောင်ချန်းအား ဖမ်းဆုပ်လိုက်သည်။

ထိုအခါ ဝူမင်ယွဲ့လည်း စွမ်းအင်ပေါက်ကွဲကာ ခုခံရန်
ကြိုးစားလိုက်၏။

"သူ့ကို ကာကွယ်ဝံ့တယ်ပေါ့..။ မင်းက
အင်မော်တယ်မင်းဆက်ရဲ့ မင်းသမီးဆိုရင်တောင်
ဒီနတ်ဘုရားသားတော်အရှေ့မှာ ဒူးထောက်လိုက်စမ်း"

ကျွင်းရှောင်ယောက်၏ ရွှေရောင်ဝိညာဉ်ပင်လယ်ဟာ
လှိုင်းခတ်၍ ရုန်းကြွလာသည်။ ဂျင်သန်းခုနစ်ရာ
အင်အားများနှင့် ရွှေရောင်စွမ်းအင်များဟာ
ချက်ချင်းထွက်ပေါ်လာ၏။

ချက်ချင်းပင် ဝူမင်ယွဲ့က ဒူးများညွတ်ကျသွား၍
နှုတ်ခမ်းထောင့်မှလည်း
သွေးများစီးကျလာတော့သည်။

ဂုဏ်သိက္ခာကြီးမြတ်သော အင်မော်တယ်မင်းဆက်၏
မင်းသမီးကြီးဟာ ယခုအခါ
ကျွင်းရှောင်ယောက်အရှေ့တွင် တိုက်ရိုက်
ဒူးထောက်နေခဲ့ရချေပြီ။

ယင်းက နတ်သမီးတစ်ပါးမှ သေမျိုးမိန်းကလေးအဖြစ်
ဒဏ်ပေးခံရသကဲ့သို့ပင် ဖြစ်တော့သည်။

-------------

အခန်း ( ၆၄ ) ဘယ်နောက်ခံကိုမှ မကြောက်ဘူး၊ မင်းသမီးကို ကျွန်ပြုခြင်း၊ ဇာတ်ကွက်အသစ်

ဤမြင်ကွင်းကို အပြင်မှလူများက မမြင်ကြပေ။

ဤမြင်ကွင်းသာ ပျံ့သွားပါက လူတိုင်း အံ့သြသွားရမည် ဖြစ်သည်။

ဝူမင်ယွဲ့သည်ကား ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးရှိ လူငယ်မျိုးဆက်မှာပင် ထူးကဲသော ပါရမီရှိသူတစ်ဦးဖြစ်သည်။

သူဟာ မည်သည့်နေရာကို သွားနေပါစေ၊
ကြယ်များကြားမှ လတစ်စင်းကဲ့သို့ အာရုံစိုက်မှုကို
ခံရ၏။

သူမ၏ စကားတစ်ခွန်းနှင့်
ထိပ်တန်းအင်အားစုများကိုပင် ပျက်ဆီးစေနိုင်သော
စွမ်းရည်ပင် ရှိသည်။

ယခုမူကား အနှီမြင့်မြတ်မိန်းမပျိုဟာ သွေးအန်ရင်း
ကျွင်းရှောင်ယောက်အရှေ့၌ ဒူးထောက်နေခဲ့ရချေပြီ။

ဤမြင်ကွင်းက စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

"ကျွင်းရှောင်ယောက်"
ဝူမင်ယွဲ့ဟာ ခန္ဓာတွင်းမှ စွမ်းအင်များကို
အစွမ်းကုန်ပေါက်ကွဲ၍ ရုန်းကန်လိုက်သည်။ သို့သော်

ကျွင်ရှောင်ယောက်က ဖိနှိပ်ထားဆဲပင်။

သူ့အနောက်မှ ရှေးဟောင်းနတ်ဘုရားနှင့်တူသော ရွှေရောင် လူရိုပ်ကြီးက စကြာဝဠာကြီးကိုပင် ခြေတစ်လှမ်းနှင့် နင်းချေပစ်နိုင်ပုံရသည်။

ထို့ပြင် နတ်အရှိန်အဝါများနှင့် ကျွင်းရှောင်ယောက်ဟာ နတ်ဘုရားအုပ်ချုပ်သူတစ်ယောက်ကဲ့သို့ပင်ဖြစ်၏။

ဝူမင်ယွဲ့၏ နှလုံးသားထဲတွင် အရှက်တရားနှင့် စိတ်ပျက်အားငယ်မှုများ ပျံ့နှံ့သွားသည်။

သူမဘဝတွင် ဤမျှလောက် အရှက်ရကာ သိမ်ငယ်သွားရမည်ဟု တခါမျှမတွေးခဲ့ဖူးပေ။

"ဝူမင်ယွဲ့၊ မင်းရဲ့ အဆင့်အတန်းကိုသုံးပြီး လူတွေကိုဖိနှိပ်ဖို့ မကြိုးစားနဲ့"

"တခြားသူတွေကတော့ မင်းကို ကြောက်ချင်ကြောက်လိမ့်မယ်၊ ဒါပေမဲ့ ဒီနတ်ဘုရားသားတော်ကတော့၊ ဟမ့်..."

ကျွင်းရှောင်ယောက်က ဆက်မပြောပေ။

သို့ရာတွင် "ဟမ့်"ဟူသော စကားလုံးတစ်ခုတည်းကပင် ဂရုမစိုက်မှု၊ အထင်မြင်သေးမှုများ အပြည့်ပါဝင်နေသည်။

အမှန်တကယ်လည်း နောက်ခံနှင့် အထောက်အထားတွင် ကျွင်းရှောင်ယောက်အတွက် ကြောက်စရာမရှိပေ။

အဖေဘက်တွင် ရှေးဟောင်းမင်းမျိုးနွယ်
ကျွင်းမိသားစု။

အမေဘက်တွင် ရှေးဟောင်းမင်းမျိုးနွယ်
ကျန်းမိသားစု။

သူသည်ကား ထိုရှေးဟောင်းမင်းမျိုးနွယ်
မိသားစုနှစ်ခု၏ သခင်လေး။

ဤအဆင့်အတန်းမျိုးနှင့် မည်သူ့ကို
ကြောက်ရပါမည်နည်း။

ဝူမင်ယွဲ့ နှုတ်ခမ်းကိုက်လိုက်သည်။

ကျွင်းရှောင်ယောက်က ပန်ဝူနတ်ဘုရားမင်းဆက်ကို

မျက်လုံးထဲပင်မထည့်ဘဲ ရှိနေမည်ဟု
ထင်မထားခဲ့ပါချေ။

သူက ရုပ်ရည်ချောမောသော
မိန်းမလှဟူသည့်အချက်ကိုလည်း ဂရုမစိုက်ပေ။

ကျွင်းရှောင်ယောက်၏ အမြင်တွင် ဝူမင်ယွဲ့က
မိန်းများထဲမှ မိန်းမတစ်ယောက်သာ ဖြစ်သည်။

ယင်းကိုတွေးရင်း ဝူမင်ယွဲ့ဟာ ခဏတာ
ခွန်အားမရှိသကဲ့သို့ ခံစားလိုက်ရသည်။

သူမတွင် ကျွင်းရှောင်ယောက်နှင့် ညှိနှိုင်းဖို့ပင်
အရည်အချင်း မရှိပါချေ။

ဝူမင်ယွဲ့ဟာ အသက်ပြင်းပြင်းရှူ၍ စိတ်တည်ငြိမ်ရန် အတတ်နိုင်ဆုံးကြိုးစားပြီး ပြောလိုက်သည်။

"ကျွန်မကို တည့်တည့်ပဲ ပြောလိုက်ပါ၊ ရှောင်ချန်းကို ရှင်လွှတ်ပေးဖို့ ကျွန်မဘာလုပ်ရမလဲ"

"အိုး၊ မင်း သူ့ကို တကယ်ကာကွယ်ချင်တာလား"

ကျွင်းရှောင်ယောက် မျက်ခုံးပင့်တင်လိုက်သည်။

သူက အံ့ဩနေပုံရသော်လည်း နှလုံးသားထဲတွင် လှောင်ရယ်နေ၏။

မျှော်လင့်ထားသည့် အတိုင်းပင်၊ ဝူမင်ယွဲ့က သူဆင်ထားသော  ထောင်ချောက်ထဲကို ကျဆင်းလာခဲ့ပြီ ဖြစ်သည်။

"အခြေအနေတွေကိုသာ ပြောလိုက်ပါ"
ဝူမင်ယွဲ့က အေးစက်စက်ဖြင့် ပြောလိုက်သည်။

“ရိုးရိုးသားသား ပြောရရင် ဒီနတ်ဘုရားသားတော်က ဥပမိရုပ်ကောင်းသလို လူတွေကို အကြင်နာတရားနဲ့ ဆက်ဆံတတ်ပါတယ်..။ သေချာတာကတော့ ငါဟာ နတ်ဆိုးမဟုတ်လို့ ရှောင်ချန်းကို လွှတ်ပေးဖို့ကလည်း မဖြစ်နိုင်တာ မဟုတ်ဘူး"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

ထိုစကားကိုကြားသောအခါ ဝူမင်ယွဲ့နှုတ်ခမ်းများ တုန်ခါသွားသည်။

လူကောင်း။

ကြင်နာတတ်သူ။

သူပြောသော စကားများနှင့် သတိလစ်နေသော ရှောင်ချန်းအသွင်ကိုမြင်သောအခါ ဝူမင်ယွဲ့စိတ်ထဲတွင် ဖက်ကိုက်ချင်စိတ်များပင် ဖြစ်လာသည်။

"အခြေအနေအကြောင်းမပြောဘဲ ဘာဖြစ်လို့ လျှောက်ပြောနေတာလဲ"

ဝူမင်ယွဲ့က အေးစက်စက်နှင့် ပြောလိုက်သည်။

ရုတ်တရက် ကျွင်းရှောင်ယောက်ဟာ ဝူမင်ယွဲ့ခန္ဓာကိုယ်ကလေးကို စိုက်ကြည့်လိုက်၏။

သူက နှင်းဖြူဝတ်စုံကို ဝတ်ဆင်ထား၍ သွယ်လျသောကိုယ်ဟန်ကို မြင်သာစေသည်။

ကျန်းလော့လီနှင့်၏ ပုပု၊
ပြားချပ်ချပ်ခန္ဓာကိုယ်နှင့်ယှဉ်လျှင် ဝူမင်ယွဲ့က
ရှိသင့်သောအရာများ ပြည့်စုံစွာရှိ၏။

သူမက အမှန်တကယ် နတ်ဘုရားမင်းဆက်၏
မင်းသမီးတစ်ပါး ဖြစ်ထိုက်သည်။

ကျွင်းရှောင်ယောက်၏ စူးရှသောအကြည့်က
ဝူမင်ယွဲ့မျက်နှာအား နီရဲသွားစေသည်။ သူက
ရင်ဘက်အရှေ့တွင် လက်နှစ်ဖက်ကို
အမြန်ယှက်သန်းကာ အော်ဟစ်လိုက်၏။

"ကျွင်းရှောင်ယောက်၊ ထပ်မပြောတော့နဲ့..၊
ဒီအခြေအနေတွေကို သဘောတူဖို့ လုံး၀ မဖြစ်နိုင်ဘူး"

"ဟား... မင်းတို့ တော်ဝင်မင်းသမီးအားလုံးက

ဘာဖြစ်လို့ ဒီလောက်တောင် အရူးနေကြတာလဲ"

"မင်းရဲ့ခန္ဓာကိုယ်ကို လိုချင်တယ်လို့ ထင်ရအောင်
ငါ့အတွက် တကယ်ရော လိုရဲ့လား"

ကျွင်းရှောင်ယောက်က ခေါင်းခါယမ်းလိုက်သည်။

ကျွင်းရှောင်ယောက်၏ စကားကိုကြားသောအခါ
ဝူမင်ယွဲ့မျက်နှာက အနည်းငယ် သဘာဝမကျသကဲ့သို့
ဖြစ်သွားသည်။

တကယ်တော့ ကျွင်းရှောင်ယောက်၏ ဥစ္စာပေါ်၊
ရုပ်ချောပုံအရ သူနှင့်လက်ထပ်ရခြင်းက
ကံကောင်းခြင်းတစ်ခုပင် ဖြစ်သည်။

"ဒီနတ်ဘုရားသားတော်မှာ
အခြေအနေတစ်ခုပဲရှိတယ်..၊ ဒါက မင်းရဲ့

နတ်နန်းတော်ကိုဖွင့်ပြီး ကျွန်အမှတ်အသားကို
စိုက်ထူဖို့ပဲ"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

တစ်ဖက်လူက လက်မခံလျှင် အစေခံအမှတ်အသားကို
ခပ်နှိပ်ဖို့ မဖြစ်နိုင်ပေ။

ကျွင်းရှောင်ယောက်၏ စကားကြောင့်
ဝူမင်ယွဲ့ခန္ဓာကိုယ်က တုန်ခါသွားသည်။
သူ့မျက်နှာကလည်း ရုတ်ချည်း ဖြူဖျော့သွား၏။

ကျွန်အမှတ်အသားကို ခပ်နှိပ်ချင်သလော။

ဝူမင်ယွဲ့ မယုံနိုင်ဖြစ်သွားသည်။

ကျွင်းရှောင်ယောက်က သူ့ကို အမှန်တကယ်ကျွန်ပြုချင်သလော။

"ကျွင်းရှောင်ယောက်၊ ရှင့်ရဲ့အခြေအနေက လွန်လွန်းသွားပြီ"

ဝူမင်ယွဲ့မျက်နှာက ဖြူရာမှပြာနှမ်းသွားကာ ဒေါသအနည်းငယ်ထွက်သွား၏။

သူမကဲ့သို့ မင်းသမီးတစ်ပါးအဖို့ တစ်ပါးသူ၏အစေခံအဖြစ်နေရန် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါအံ့နည်း။

ဤသတင်းသာ ပျံ့နှံ့သွားပါက အရှုပ်ထုပ်ကြီးတစ်ခုနှင့် ပန်ဝူနတ်ဘုရားမင်းဆက်တစ်ခုလုံး

အရှက်ကွဲရမည်ဖြစ်သည်။

"မင်းမှာ ငါနဲ့ ညှိနှိုင်းဖို့ အရည်အချင်းရှိတယ် ထင်နေတာလား"

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်၍ သတိလစ်နေသောရှောင်ချန်းကို ထပ်ရိုက်ရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်"

ဝူမင်ယွဲ့လေသံဟာ အနည်းငယ် တုန်ခါသွား၏။

ကျွင်းရှောင်ယောက်က ခဏရပ်၍ ဝူမင်ယွဲ့ကို လှည့်ကြည့်လိုက်သည်။

ဝူမင်ယွဲ့ဟာ

စိတ်ထဲတွင်အတန်ကြာရုန်းကန်နေပြီးနောက်
တစ်ခုခုကိုတွေးရင်း ပြောလိုက်သည်။
"ကောင်းပြီ၊ ငါ သဘောတူတယ်"

ကျွင်းရှောင်ယောက် နှုတ်ခမ်းကိုတွန့်ကွေးလိုက်၏။
သူက အေးစက်စက်နှင့်
လှောင်ပြောင်ပြောဆိုလိုင်သည်။
"ဝူမင်ယွဲ့... မင်းငါ့ကို
တစ်ခုခုလှည့်စားတာမျိုးလုပ်ဝံ့ရင် ရှောင်ချန်းကို
ချက်ချင်းသတ်မယ်"

ဝူမင်ယွဲ့က ဤမျှလွယ်လွယ် သဘောတူစရာ
အကြောင်းမရှိပေ။ နတ်ဘုရားမင်းဆက်မှ
မင်းသမီးအနေဖြင့် သူမ၏ နတ်နန်းတော်ကို
ကာကွယ်ရန် တစ်ခုခု ရှိနေနိုင်သည်။

ကျွင်းရှောင်ယောက်စကားကိုကြားသောအခါ
ဝူမင်ယွဲ့မျက်နှာ ဖြူရော်သွား၏။

သူ့မျက်နှာက စက္ကူကဲ့သို့ ဖြူဖျော့နေပြီး
မျက်လုံးများပင် တုန်ယင်သွားသည်။

ဤကျွင်းရှောင်ယောက်က တကယ် မကောင်းဆိုးရွား
တစ်ကောင်ပင်။

နောက်ဆုံးတွင် ဝူမင်ယွဲ့ဟာ လုံးဝ
စိတ်ဒုန်းဒုန်းချလိုက်တော့သည်။

ရှောင်ချန်းကို ကျွင်းရှောင်ယောက်
သတ်လိုက်မည်အား ထိုင်ကြည့်မနေနိုင်ပါချေ။

"ကျွင်းရှောင်ယောက်၊ ကျွန်မရဲ့နတ်နန်းတော်ကို ဖွင့်ပေးနိုင်တယ်.. ဒါပေမဲ့ ရှင့်ရဲ့တာအိုနှလုံးသားနဲ့ တစ်ခုတော့ ကျိန်ဆိုပေးပါ။ ရှောင်ချန်းကိုမသတ်ဘဲ လွှတ်ပေးလိုက်ရမယ်"

ဝူမင်ယွဲ့က ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း တစ်ချက်ပြုံးကာ ပြောလိုက်၏။

"ဒီနတ်ဘုရားသားတော်က တာအိုနှလုံးသားနဲ့ ကျိန်ဆိုတယ်..၊ တကယ်လို့ဖောက်ဖျက်ခဲ့ရင် မိုးနဲ့မြေက အပြစ်ပေးလို့ တာအိုနှလုံးသား ပျက်ဆီးရပါစေ"

တာအိုနှလုံးသားနှင့် ကျိန်ဆိုခြင်းက အလွန်တင်းကြပ်သော ကျိန်စာဖြစ်သည်။

ဖောက်ဖျက်ပါက အလွန်ဆိုးရွားသော
အကျိုးဆက်များ ဖြစ်လာစေနိုင်ပေ၏။

သို့သော်လည်း ကျွင်းရှောင်ယောက်အတွက်တော့
တာအိုနှလုံးသားကျိန်ဆိုခြင်းက ပြဿနာမဟုတ်ပေ။

သူ့တွင် စနစ်တစ်ခု၏ အထောက်အပံ့ပင်ရှိ၍
အရာအားလုံးကို အုပ်စိုးမည့်သူ ဖြစ်သည်။

နောင်တချိန်တွင် ကောင်းကင်ဘုံပင်
သူ့ခြေဖဝါးအောက်မှာ နင်းချေခံရမည် ဖြစ်၏။

ထို့ကြောင့် မိုးနှင့်မြေ၏ အပြစ်ပေးခြင်းဟာ
ရယ်စရာကောင်းလှသည်။

သို့သော်လည်း ဝူမင်ယွဲ့က ကျွင်းရှောင်ယောက်၏ စွမ်းရည်များကို မသိပေ။ တစ်ဖက်လူက ကျိန်ဆိုသည်နှင့် နတ်နန်းတော်ကို ဖွင့်ပေးလိုက်သည်။

"ဟင်း... နက်ရှိုင်းလှတဲ့ ချစ်ခြင်းမေတ္တာ။ ဒီနတ်ဘုရားသားတော်တောင် တုန်လှုပ်မိပါတယ်"

ကျွင်းရှောင်ယောက် သက်ပြင်းချလိုက်သည်။ ထို့နောက် သူဟာ ဝူမင်ယွဲ့၏ နတ်နန်းတော်အတွင်း၌ ကျွန်တံဆိပ်အား မတုံ့ဆိုင်းဘဲ ခပ်နှိပ်လိုက်သည်။

ဤအချိန်မှစ၍ သူဟာ ကျွင်းရှောင်ယောက်၏ ကျွန်တစ်ယောက်ဘဝသို့ ရောက်သွားခဲ့ချေပြီ။

"ကျွင်းရှောင်ယောက်... ရှင်က အင်မော်တယ်ရုပ်ရည်မျိုးရှိသလောက် အသူရာမိစ္ဆာလို နှလုံးသား ရှိတဲ့သူပဲ"

ဝူမင်ယွဲ့၏ ခန္ဓာကိုယ်ကလေးက ဒေါသကြောင့် တုန်ယင်နေသည်။

"မင်းရဲ့ လက်ရှိအဆင့်အတန်းနဲ့ မင်းအပြောအဆိုတွေကို ဂရုစိုက်ပါ"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အေးစက်သွားကာ ကျွန်တံဆိပ်ကို အနည်းငယ် ဖိအားပေးလိုက်သည်။

ဝူမင်ယွဲ့ခန္ဓာက အနည်းငယ်တုန်ခါသွားကာ ဦးခေါင်းရှစ်စိတ်ကွဲတော့မည်ကဲ့သို့ ခံစားလိုက်ရ၏။

ကြီးစွာသော အရှက်တရားတစ်ခုကလည်း သူ့နှလုံးသားတွင် ပြည့်နှက်သွားတော့သည်။

ကျွင်းရှောင်ယောက်က လက်ကိုဝှေ့ယမ်းကာ

နဂါးအရိုးငါးခုစလုံးကို သိမ်းလိုက်သည်။

ထို့နောက် သတိလစ်နေသောရှောင်ချန်းနှင့်
ဝူမင်ယွဲ့ကိုကြည့်ပြီး နားလည်ရခက်စွာ
ပြုံးလိုက်သည်။

ယခုအခါ ဇာတ်ကွက်သစ်တစ်ခုအား
ပြင်ဆင်သတ်မှတ်ပြီးချေပြီ။

ဤဇာတ်ကွက်၏ အဓိကပါဝင်သူက
ဝူမင်ယွဲ့ဖြစ်သည်။

အဓိကဦးတည်ရာကား ပန်ဝူနတ်ဘုရားမင်းဆက်ပင်
ဖြစ်၏။

'မိန်းကလေးတွေ ချစ်မိရင်
စဉ်းစားနိုင်စွမ်းမရှိတော့ဘူးလို့ ပြောကြတယ်၊
ဒီဝူမင်ယွဲ့ကတော့ တကယ်ကို ကိုယ်စားပြုသူ
တစ်ယောက်လိုပါပဲ'

'အသုံးမကျတဲ့ ပုရွက်ဆိတ်တစ်ကောင်အတွက်
ငါ့ဆီမှာ ကျွန်ခံချင်ခဲ့တယ်"

'ဒါပေမဲ့လည်း ကောင်းပါတယ်..၊ ဒါက
ငါလိုချင်တဲ့အတိုင်း ကွက်တိပဲ...
ပန်ဝူနတ်ဘုရားမင်းဆက်ကိုတော့ နောက်မှ
ငါစီစဉ်လို့ရတယ်'

ကျွင်းရှောင်ယောက်ဟာ အရာအားလုံး
သူ့ထိန်းချုပ်မှုအောက်တွင် ရှိနေသကဲ့သို့
ပြုံးလိုက်သည်။

'အိုး၊ ဒါနဲ့ နောက်ထပ်
ကြက်သွန်မြိတ်တစ်ခုကိုရိတ်သိမ်းဖို့ အချိန်ကျပြီပဲ..။
ကျို့ရှမ်လေးရေ... ငါလာပြီဟေ့'

-------------

အခန်း ( ၆၅ ) ရှောင်ချန်း၏
ကြင်ဖော်ဖြစ်လာရန်အစီအစဉ်၊ ခန္ဓာကိုယ်အတွက်
ကြက်သွန်မြိတ်၏ အကျိုးကျေးဇူးများ

ကျွင်းရှောင်ယောက်အဖို့ နဂါးအရိုးကိုယူ၍
ရှောင်ချန်းနှင့် ဝူမင်ယွဲ့ကိစ္စကို ကိုင်တွယ်ပြီးသောအခါ
ပြန်ဆုတ်ခွာရန် အသင့်ဖြစ်သွားခဲ့ချေပြီ။

ပန်ဝူနတ်ဘုရားမင်းဆက်အတွက်

လောလောဆယ်တွင် ဇာတ်ကွက်သာခင်းထားပြီး
နောင်မှ ဆက်ကရမည် ဖြစ်သည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ အခြား
ကြက်သွန်မြိတ်ဖြစ်သော ကျိရှွမ်ကို
အာရုံစိုက်လိုက်၏။

ကျိရှွမ်က အဓိပဓိယွမ်ထျန်း၏
ရတနာလျှို့ဝှက်ချက်များကို
သေချာပေါက်သိထားရပေမည်။

"ဟီးဟီး၊ ဝူမင်ယွဲ့... ရှောင်ချန်းကို ဂရုစိုက်ပြီး
ခေါ်သွားလိုက်ပါအုံး၊ သူ့ကို မသေစေနဲ့"
ကျွင်းရှောင်ယောက်က ရယ်မောကာ ပြောလိုက်သည်။

ပြောပြီးသည်နှင့် လှည့်ထွက်သွားလိုက်၏။

ကျွင်းဝမ်ကျဲကလည်း တိတ်တဆိတ်ပင် လိုက်ပါသွားတော့သည်။

ကျွင်းရှောင်ယောက်၏ စကားများကြောင့် ဝူမင်ယွဲ့ဟာ လက်သီးကို တင်းတင်းဆုပ်လိုက်သည်။

တစ်ဖက်လူဟာ အရှက်ခွဲရုံမျှနှင့် မလုံလောက်ဘဲ သူ့ကို လှောင်ပြောင်သွားသေး၏။

အနှီကျွင်းရှောင်ယောက်က တကယ် လူယုတ်မာတစ်ယောက်ပင် ဖြစ်သည်။

"သခင်လေး၊ မင်း ရှောင်ချန်းကို တကယ်ပဲ

လွှတ်ပေးလိုက်တာလား။ သူက မင်းအမြင်မှာ ပုရွက်ဆိတ်ပဲဆိုရင်တောင် နည်းနည်းကိုက်တတ်တယ်နော်"
ကျွင်းဝမ်ကျဲ ပြောလိုက်သည်။

ယခုအခါ သူက ကျွင်းရှောင်ယောက်အပေါ်တွင် အလွန်သစ္စာစောင့်သိ၏။

"ဒီကောင့်အတွက် ငါ့မှာ ကိုယ်ပိုင်အစီအစဉ်ရှိပါတယ်။ အချိန်တန်ရင် သူ့ကို သဘာဝအတိုင်း သတ်ပစ်မယ်"
ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ ပြောလိုက်သည်။

တာအိုနှလုံးသား ကျိန်ဆိုချက်က သူ့အပေါ် သက်ရောက်မှုမရှိပေ။

ရှောင်ချန်းကို သူသတ်ချင်လျှင် သတ်မည်။

ကျွင်းရှောင်ယောက်ဟာ ရှောင်ချန်းထံမှ
အံ့အားသင့်စရာတစ်ခုခုကို ခံစားနေရ၏။

၎င်းက ဝူမင်ယွဲ့နှင့် နဂါးအရိုးငါးခုထက်ပင်
ပိုထူးခြားပေမည်။

ထို့ကြောင့်သာ ကျွင်းရှောင်ယောက်က ရှောင်ချန်းကို
ချမ်းသာပေးခဲ့ခြင်း ဖြစ်သည်။

ရှောင်ချန်းသာ တကယ်အသုံးမဝင်ပါက
ဝူမင်ယွဲ့တားဆီးလျှင်ပင် သေသည်အထိ ရိုက်နှက်မည်
ဖြစ်သည်။

ကျွင်းရှောင်ယောက် ထွက်ခွာသွားပြီးနောက်...

ဝူမင်ယွဲ့ဟာ သတိလစ်နေသော ရှောင်ချန်းအား
ဆေးဝါးများနှင့် ကုသပေးလိုက်သည်။

မကြာမီ ရှောင်ချန်း သတိပြန်လည်လာ၏။

သတိရလာသည်နှင့် ရှောင်ချန်းဟာ မုန်းတီးမှုများ
ပြည့်နှက်နေသောမျက်နှာနှင့် အမြန်မေးလိုက်သည်။
"ကျွင်းရှောင်ယောက် ဘယ်မှာလဲ"

"ရှောင်ချန်း စိတ်အေးအေးထားပါ၊
ကျွင်းရှောင်ယောက် ထွက်သွားပြီ"
ဝူမင်ယွဲ့က စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

"ထွက်သွားပြီလား၊  သူငါ့ကိုမသတ်ဘူးလား"
ရှောင်ချန်း အံ့သြသွားသည်။

ထို့နောက် တစ်ခုခုကိုတွေးမိသွားကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ဂူအတွင်း၌ ဗလာကျင်းနေသည်အား မြင်ရသောအခါ သူ့နှလုံးသားမှ သွေးယိုစီးလာတော့သည်။

နဂါးအရိုးများ မရှိတော့ပေ။

ဘိုးဘေးနဂါး၏ အဓိပမိအရိုးလည်း မရှိတော့ပါချေ။

သာမန် နဂါးအရိုးလေးခုကိုပင် ယူဆောင်သွားခဲ့ပြီ

ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူ့အတွက်
မည်သည့်အရာကိုမျှ မထားခဲ့ပါ။

"ဖူး"
ရှောင်ချန်း အလွန်ဒေါသထွက်သွားကာ ဒဏ်ရာများ
ပြန်ထလာပြီး သွေးတစ်ပွက်ကို
အန်ထုတ်လိုက်ရသည်။

"ရှောင်ချန်း မစိုးရိမ်ပါနဲ့၊ တောင်တန်းကြီးရှိနေသ၍
ထင်းကုန်သွားမှာကို ကြောက်စရာမလိုပါဘူး"
ဝူမင်ယွဲ့က နှစ်သိမ့်ပေးလိုက်သည်။

ရှောင်ချန်း နှလုံးခုန်မြန်ကာ မျက်နှာများပင်

ဖြူဖျော့နေသည်။

ကျွင်းရှောင်ယောက်ဟာ ယခင်က သူ၏ နဂါးချီကို ပထမဆုံးအကြိမ် သိမ်းယူခဲ့သည်။ ယခုအခါ သူရမည့် နဂါးအရိုးငါးချောင်းကို ယူငင်သွားပြန်၏။

ရှောင်ချန်းဟာ အလွန်စိတ်လေသွားတော့သည်။

"ဒါပေမဲ့ ကျွင်းရှောင်ယောက်က ငါ့ကို ဘာဖြစ်လို့ လွှတ်ပေးခဲ့တာလဲ"

ယင်းကို ရှောင်ချန်းတွေးမရပေ။

ရုတ်တရက် သူဟာ ဝူမင်ယွဲ့ကို လှည့်ကြည့်၍ စိုးရိမ်တကြီး ပြောလိုက်သည်။

"မင်ယွဲ့၊ ကျွင်းရှောင်ယောက်

ဘယ်လိုထွက်သွားတာလဲ၊ သူမင်းကို
ဘာလုပ်သွားသေးလဲ"

သူသတိမလစ်မီက ကျွင်းရှောင်ယောက်နှင့် ဝူမင်ယွဲ့၏
အခြေအနေကို ပြန်တွေးမိသောအခါ
စိတ်မသက်မသာဖြစ်သွားမိသည်။

ဝူမင်ယွဲ့သာ ပိုင်ယုအာကဲ့သို့ ဖြစ်လာပါက
အမှန်တကယ် ရှုံးရပေလိမ့်မည်။

ဝူမင်ယွဲ့ဟာ သူမ နှုတ်ခမ်းကိုကိုက်လိုက်၏။

သူ၏ နတ်နန်းတော်၌ ကျွန်အမှတ်အသားခပ်နှိပ်၍
ကျွင်းရှောင်ယောက်၏ကျွန်
ဖြစ်သွားရခြင်းအကြောင်းကို သူမပြောနိုင်ပေ။

ယင်းက သူသာမကဘဲ
ပန်ဝူနတ်ဘုရားမင်းဆက်တစ်ခုလုံးကိုပါ
သိက္ခာကျစေမည် ဖြစ်သည်။

"အဲလိုမဟုတ်ပါဘူး၊ ငါက ပန်ဝူနတ်ဘုရားမင်းဆက်ရဲ့
နောက်ခံနဲ့ ခြိမ်းခြောက်လိုက်တော့မှ
သူလက်လျှော့သွားတာ"
ဝူမင်ယွဲ့က အားနည်းစွာပြုံး၍ ပြောလိုက်သည်။

သူ့နှလုံးသားထဲမှာတော့ သိပ်မကောင်းလှပေ။

အကြောင်းမူကား သူဟာ ကျွင်းရှောင်ယောက်၏
ကျွန်မိန်းကလေးဖြစ်နေခဲ့ပြီမို့ပင် ဖြစ်သည်။

သို့သော်လည်း အသက်ရှင်ဆက်နိုင်ရန် သူမ ဆန္ဒရှိခဲ့၏။

"ဖွီး၊ ကောင်းတယ်။ ကျွင်းရှောင်ယောက်က မိုးနဲ့မြေကိုတောင် မကြောက်ဘူးဆိုပြီး အခုတော့ ငါရဲ့ မင်းယွဲ့ကို ကြောက်နေရတုံးပဲ"

ရှောင်ချန်း အသက်ပြင်းပြင်းရှူလိုက်သည်။

အသက်ပြင်းပြင်းရှူပြီးနောက် သူ့နှလုံးသားမှ ဒေါသများလည်း အတော်တန် ငြိမ်ကျသွား၏။

အနည်းဆုံးတော့ ဝူမင်ယွဲ့ အနားမှာရှိနေလျှင် ကျွင်းရှောင်ယောက်က သူ့ကို ဘာမှလုပ်ဝံ့မှာ မဟုတ်ပေ။

သို့ရာတွင် ထိုစကားကြောင့် ဝူမင်ယွဲ့ဟာ

ပိုရှက်သွားသကဲ့သို့ ခံစားလိုက်ရသည်။

"ရှောင်ချန်း၊ မင်ယွဲ့က နင့်ရဲ့အနားမှာ နောက်ထပ် မနေနိုင်တော့ဘူး"

ဝူမင်ယွဲ့က တွန့်ဆုတ်နေဟန်ဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ရှောင်ချန်း တုန်လှုပ်သွားကာ အလျင်စလို မေးလိုက်၏။

"ငါ့ရဲ့ တာအိုအစောင့်အရှောက်က ငါ့ကိုတွေ့သွားပြီမို့ ပြန်လာခေါ်သွားတော့မယ်လေ၊ ငါ့ရဲ့ ကြင်ရာတော်ရွေးပွဲကို ပြီးပြတ်အောင် ပြန်လုပ်ရတော့မှာ"

ဝူမင်ယွဲ့က ဝမ်းနည်းနေဟန်ဖြင့် ပြောလိုက်သည်။

ဤအတွက်ကြောင့်ပင် သူမက
အိမ်မှထွက်ပြေးခဲ့ခြင်းပင်။

ယခုတော့ ပန်ဂူနတ်ဘုရားမင်းဆက်၏
သိုင်းပညာအား အသုံးပြုခဲ့သောကြောင့်
တာအိုအစောင့်အရှောက်ကလည်း သေချာပေါက်
သတိပြုမိမည် ဖြစ်သည်။

"မင်ယွဲ့၊ မင်းက ငါ့မိန်းမပဲ..၊ ငါ မင်းကို
ဘယ်သူ့လက်ထဲမှ အပါခံမှာ မဟုတ်ဘူး"

"ပန်ဂူနတ်ဘုရားမင်းဆက်က မင်းသားကြင်ဖော်
ရွေးတဲ့အခါ ငါအရောက်လာခဲ့မယ်၊ ပြီးရင် မင်းကို
တရားမျှတစွာ လက်ထပ်မယ်"

ရှောင်ချန်းက စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

ဝူမင်ယွဲ့ဟာ သူ့နှလုံးသားထဲမှ ရွေးချယ်ထားသူဖြစ်၍ တခြားတစ်ယောက်လက်ထဲ မထည့်နိုင်ပေ။

ထို့ပြင် ရှောင်ချန်းတွင် နောက်ထပ်အစီစဉ်ရှိသည်။

သူသာ ပန်ဝူနတ်ဘုရားမင်းဆက်မှ မင်းသားဖြစ်လာခဲ့လျှင် ကျွင်းမိသားစုကို ယှဉ်ပြိုင်နိုင်စွမ်း ရှိလာနိုင်၏။

ပန်ဝူနတ်ဘုရားမင်းဆက်၏ အရင်းအမြစ်များနှင့်ဆိုပါက ကျွင်းရှောင်ယောက်ကို အမှီလိုက်ရန် ယုံကြည်မှုပိုရှိလာမည် ဖြစ်သည်။

"ရှောင်ချန်းရယ်..."

ဝူမင်ယွဲ့လည်း ခံစားချက်အပြည့်နှင့် ရှောင်ချန်းကို ပြန်ကြည့်လိုက်၏။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ ကျွန်အမှတ်အသားအကြောင်းကို တွေးမိသောအခါ သူ့နှလုံးသားက အမှောင်ကျလာသည်။

ကျွင်းရှောင်ယောက်… အဲဒီအချိန်ကျရင်တော့ နင်မလာပါနဲ့

………

အဓိပမိယွမ်ထျန်း၏ ရတနာသိုက်အတွင်းပိုင်း…

ရှေးဟောင်း တည်နေရာရွှေ့ပြောင်းခြင်း အစီရင်

အများအပြား ရှိသည်။

ရုတ်တရက် ရှေးဟောင်းတည်နေရာရွှေ့ပြောင်းခြင်း
အစီရင်များရှေ့တွင် ပုံရိပ်တစ်ခု
တိတ်တဆိတ်ထွက်ပေါ်လာသည်။

၎င်းက ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ
ချောမောခန့်ညားသော ရုပ်ရည်မျိုးရှိ၏။

၎င်း၏ ညာလက်ရုံးတွင်ကား ကြီးကျယ်ခမ်းနားသော
အရှိန်အဝါမျိုးနှင့် တောက်ပသောအလင်းများ
ဖြာထွက်နေလေသည်။

အဆိုပါ လူငယ်သည်ကား ကျိမိသားစုမှ
သူတော်စင်ငယ် ကျိရွှမ်ပင် ဖြစ်သည်။

"နောက်ဆုံးတော့ ငါရောက်လာပြီ၊
အစိပစိယွမ်ထျန်းရဲ့ ရတနာသိုက်အတွင်းကိုဝင်ချင်ရင်
ရတနာတံဆိပ်ရှိမှရတယ်။ ဒါဆိုရင်တော့
အစီရင်တွေနဲ့အတူ အတွင်းပိုင်းကို ဝင်ရောက်နိုင်ပြီ"

ကျိရွှမ်က ရေရွှတ်ကာ ရတနာတံဆိပ်ပြားကို
ထုတ်ယူလိုက်သည်။

ရုတ်တရက် ရတနာတံဆိပ်က
အရောင်အဝါလင်းလက်ကာ မှော်သင်္ကေတများ
အသက်ဝင်လာခဲ့၏။

ထို့နောက်တော့ လေထုက တွန့်လိပ်လာကာ
ကျိရွှမ်ပုံရိပ်လည်း
ပြန်လည်ပျောက်ကွယ်သွားတော့သည်။

ကျိုရှမ်ပျောက်ကွယ်သွားပြီးနောက် အမှောင်ထုထဲတွင် ပုံရိပ်နှစ်ခု ထွက်ပေါ်လာသည်။

၎င်းက ကျွင်းကျန်းကျန့်နှင့် ကျွင်းရွှယ်ဟွမ်ပင် ဖြစ်ချေသည်။

ကျွင်းရွှယ်ဟွမ်၏မျက်လုံးများက အရောင်လက်သွားကာ ပြောလိုက်သည်။

"ကျန်းကျန့်၊ အစီရင်ကနေ ငါအရင်ဆုံး ကျိုရှမ်အနောက်ကို လိုက်သွားတော့မယ်။ နင်က နတ်ဘုရားသားတော်ကို ဒီကိုအမြန်လာဖို့ လှမ်းပြောလိုက်ပါ"

"ကောင်းပြီ"

ကျွင်းကျန်းကျန့် ခေါင်းညိတ်လိုက်၏။

ကျွင်းရှယ်ဟွမ်လည်း ရတနာတံဆိပ်ကိုသုံး အစီရင်ပေါ်ကိုတက်ကာ လိုက်ပါသွားတော့သည်။

ကျွင်းကျန်းကျန့်လည်း မတုံ့ဆိုင်းဘဲ ဆက်သွယ်ရေးကျောက်စိမ်းစလစ်ကိုထုတ်ယူကာ ဆက်သွယ်လိုက်လေသည်။

အခြားတစ်ဖက်တွင်...

ကျန်းစန်းယီနှင့် ခေါင်းကိုးလုံးခြသေ့ကြီးက နန်းတော်တစ်ခုအရှေ့တွင် ကံကောင်းခြင်းများ ရှာနေသည်။

"သခင်က အခုထိ မလာသေးဘူးလား မသိဘူး"

ခေါင်းကိုးလုံး ခြသေ့်ကြီးက သူ့အမြီးကို တဖျတ်ဖျတ်ခါလိုက်သည်။

"ရှောင်ယောက်ကတော့ ကြက်သွန်မြိတ်ရိတ်သိမ်းဖို့သွားတယ်လို့ ပြောတာပဲ။ ကြက်သွန်မိတ်ရိတ်သိမ်းတာက ဘာအဓိပ္ပာယ်ပါလိမ့်"

ကျန်းစန်းယီဟာ အံ့သြနေမိ၏။

"အဟမ်း အဟမ်း၊ မိန်းမလှကျန်းကတော့ ဘယ်သိပါ့မလဲ။ ဒီကြက်သွန်မြိတ်ဆိုတာ ယောက်ျားတွေအတွက်တော့ တကယ် အရေးကြီးတယ်..၊ ဒါက သန်မာ..."

ခေါင်းကိုးလုံးခြသေ့်က ခြောက်ကပ်ကပ်ဖြင့် ချောင်းဟန့်ကာ ပြောလိုက်သည်။

ဧင်းက ပုံမှန်ဆိုလျှင် ကြီးကျယ်ခမ်းနားစွာ

ပြုမူတတ်သော်လည်း ယခုအခါ သားရဲသဘာဝကို ထုတ်ဖော်ပြသလာ၏။

"ဘာကို သန်မာတာလဲ"

သို့ရာတွင် သူ့စကားမဆုံးမီ နွေးထွေး၍ ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုအသံကိုကြားသောအခါ ခေါင်းကိုးလုံးခြင်္သေ့က ခေါင်းငုံ့သွားကာ ကမန်းကတန်း ပြောလိုက်သည်။

"ဟို... ဘာမှမဟုတ်ပါဘူး၊ သခင်ပြန်လာပြီလား"

ထို့နောက် မနီးမဝေးတွင် ကျွင်းရှောင်ယောက်နှင့် ကျွင်းဝမ်ကျဲတို့ ထွက်ပေါ်လာ၏။

"ရှောင်ယောက်၊ မင်းက ကြက်သွန်မြိတ်လှီးဖို့ ပြောသွားတယ်နော်၊ မင်း အဲဒါတွေကို စားတာလား..၊ အဲတာက မင်းခန္ဓာကိုယ်အတွက် ကောင်းလို့လား"
ကျန်းစန်းယီက ရိုးရိုးသားသား မေးလိုက်သည်။

သူ့အမူအရာက ရိုးသားကာ အပြစ်ကင်းစင်၏။

ကျန်းစန်းယီ၏
အဖြူထည်မျက်နှာကလေးကိုမြင်သောအခါ
ကျွင်းရှောင်ယောက်လည်း မပြောတတ်တော့ပေ။

"အဟမ်း အဟမ်း၊ ဒီခြံသေ့စုတ်က ပေါက်ကရတွေ လျှောက်ပြောနေတာပါ"
ကျွင်းရှောင်ယောက် ခြောက်ကပ်ကပ်ဖြင့် ချောင်းဟန့်လိုက်သည်။

ထိုသို့ ထူးဆန်းသော ဗဟုသုတမျိုးကို
သူ့ဒေါ်လေးအား မသိစေချင်ပေ။

ထိုစဉ် တစ်စုံတစ်ခုကို ခံစားရ၍ ကျောက်စိမ်းစလစ်ကို
ထုတ်ယူကြည့်ပြီးနောက် ကျွင်းရှောင်ယောက်ပြုံးကာ
ထပ်မံရေရွတ်လိုက်သည်။

"ကြက်သွန်မြိတ်ကလေးတစ်ခုကို ထပ်လှီးဖို့
အချိန်ကျပြီ"

-------------

အခန်း ( ၆၆ ) အဓိပဓိယွမ်ထျန်း၏
ရတနာလျှို့ဝှက်ချက်၊ ကျိရွမ်၏ အစီအစဉ်၊
ကျွင်းရှယ်ဟွမ် အန္တရာယ်ကျရောက်နေပြီ

အဓိပဓိယ္ယွမ်ထျန်း၏  ရတနာသိုက် အတွင်းပိုင်းတွင်
ထူထဲသော မီးခိုးရောင် မြူခိုးများ ရှိနေသည်။

ဤနေရာရှိ တိတ်ဆိတ်ငြိမ်သက်နေပုံဟာ
ထာဝရအေးခဲနေသည့်ပုံ ရ၏။

ထိုစဉ် ရွှေရောင်အလင်းများနှင့် လူရိပ်တစ်ခု
ထွက်ပေါ်လာသည်။

ထိုပုံရိပ်ကား ကျိရွှမ်။

အဓိပိယ္ယွမ်ထျန်း၏ ရတနာသိုက်အတွင်းပိုင်းက
တစ်မျိုးတစ်ဖုံ ပြောင်းလဲနေကြောင်းသိသော်လည်း
ကျိရွှမ်က ကျိရွှမ်က မကြောက်ပါချေ။

တခြားသူများထက် သူဟာ
ဤရတနာသိုက်အကြောင်းကို ပိုသိ၏။

ယင်းက မြင့်မြတ်ဝိညာဉ်အကယ်ဒမီမှ
သူရှာတွေ့ခဲ့သော ရှေးဟောင်းစာအုပ်အတွင်းမှ
သိလာရခြင်းပင် ဖြစ်သည်။

ထို့ပြင် သူ့လက်ထဲ၌ ကျိမ်သားစု၏
အကာကွယ်ရတနာတစ်ခုလည်း ရှိနေပါသေးသည်။

အကယ်၍ အခက်ကြုံလာလျှင်
တည်နေရာရွှေ့ပြောင်းခြင်း
တာပိုတံဆိပ်တော်အကြီးကိုသုံး၍
ထွက်ပြေးလိုက်ရုံပင်။ ဤအတွက်
ဆုံးရှုံးမှုကြီးနိုင်လျှင်ပင် အနည်းဆုံးတော့

အသက်ဆက်ရှင်နိုင်၏။

ထိုသို့သော အစီစဉ်များအောက်တွင် ကျိုရွှမ်၏
အသက်ဟာ အာမခံချက်များရှိနေတော့သည်။

ထို့ကြောင့်ပင် ကျိုရွှမ်ဟာ ယခုအချိန်တွင် မိမိကိုယ်မိမိ
ယုံကြည်မှုများ ပြည့်နှက်နေသည်။

"အဓိပဓိယွှမ်ထျန်းက အရမ်းသန်မာတယ်။
တချိန်ကဆိုရင် သူက ဘိုးဘေးနဂါးသိုက်ကို
စော်ကားခဲ့ပေမဲ့ ဘယ်သူမှ သူ့ကို အပြစ်မပြုဝံ့ဘူး"

"ဒါပေမဲ့လည်း နောက်ဆုံးမှာတော့ သူကျဆုံးပြီး
သမိုင်းတစ်ခုအဖြစ် ပြောင်းလဲခဲ့ရတာပဲ"

"သူက မကျဆုံးခင် ဒေသခြားကို ခရီးထွက်ပြီး ရှားပါးရတနာတစ်ခုကို ရယူလာခဲ့တယ်"

"ဒီရတနာကိုရနိုင်သ၍ ငါဟာ ဒုတိယမြောက် ပြိုင်ဘက်ကင်းတဲ့ အဓိပမိငယ်တစ်ယောက် ဖြစ်လာမှာပဲ"

ကျိုရွမ်က လမ်းလျှောက်ရင်း ရေရွတ်လိုက်သည်။

ယင်းက ရှေးဟောင်းစာအုပ်အတွင်း၌ မှတ်တမ်းတင်ထားသော အကြောင်းရာများပင် ဖြစ်ချေသည်။

၎င်းက အမှန်၊အမှား မသိနိုင်သော်လည်း ကျိုရွမ်ကတော့ အမှန်များဟု ယုံကြည်သည်။

ထိုစဉ် ကျို့ရွှမ်ခြေလှမ်းများ ရပ်တန့်သွား၏။

သူ့မျက်နှာတွင် နားလည်ရခက်သော အရိပ်ယောင်များ ဖြစ်ပေါ်လာသည်။

ထို့နောက် အနောက်ပြန်လှည့်ကာ လေထုထဲကို အကဲခတ်လိုက်၏။

မြင်ကွင်းသည်ကား တိတ်ဆိတ်နေဆဲပင်။

ရုတ်တရက် ကျို့ရွှမ်နှုတ်ခမ်းက တွန့်ကွေးကာ ညာလက်ကိုမြှောက်၍ ရိုက်ချလိုက်သည်။

ထိုအခါ သန်မာသောစွမ်းအင်များက ဖြာထွက်လာ၍ အမှောင်ထုကို ဖယ်ရှားသွားတော့သည်။

၎င်းက သူတော်စင်ဘုရင် လက်အရိုးများ၏ ကြောက်မက်ဖွယ် စွမ်းအားပင် ဖြစ်သည်။

"ဝုန်း"

အမှောင်ထုက ပျောက်ကွယ်သွားသောအခါ လူရိပ်တစ်ခု ထွက်ပေါ်လာ၏။

ယင်းက ကျွင်းရှယ်ဟွမ်သာ ဖြစ်တော့သည်။

"တစ်ယောက်ယောက်က ငါ့အနောက်ကို လိုက်နေသလို ခံစားနေရတာ..၊ လက်စသတ်တော့ မင်းပဲ"

ကျိရွှမ်က တည်ငြိမ်စွာ ပြောလိုက်သည်။

"နင်ဘယ်တုန်းက သိတာလဲ"

ကျွင်းရှယ်ဟွမ် အနည်းငယ်
မျက်မှောင်ကြုတ်လိုက်၏။ သို့သော်လည်း
ကျိရှွမ်သိသွားလျှင်ပင် သူက စိုးရွံ့မှုမျိုး မရှိပေ။

"အိုး၊ ငါသိတာတော့ ကြာပါပြီ။ ဒါပေမဲ့ မင်းက
ငါ့အနောက်ကို ဆက်တိုက် လိုက်နေမယ်လို့
ထင်မထားခဲ့ဘူး"

ကျိရှွမ်က လျစ်လျူရှုစွာ ပြောလိုက်သည်။

"ဒါဆို နင်အခု ဘာလုပ်မှာလဲ"

ကျွင်းရှယ်ဟွမ်ကလည်း မကြောက်ရွံ့ပေ။

တခြားတစ်ယောက်သာ ၎င်းတို့လိုက်နေကြောင်းကို
ကျိရှွမ်သိသွားပါက တုန်လှုပ်နေကြပေလိမ့်မည်။

သို့ရာတွင် ကျွင်းမိသားစု၏ ပဥ္စမစီကွမ်ဖြစ်သော ကျွင်းရွယ်ဟွမ်ကတော့ ယုံကြည်မှုအပြည့်ရှိသည်။

"ငါဘာလုပ်ရလဲ၊ ဟဲဟဲ... ငါက ကျွင်းမိသားစုနဲ့ ပြဿနာမဖြစ်ချင်ပါဘူး။ ဒါပေမယ့် မင်းရဲ့ လုပ်ရပ်တွေက လွန်လွန်းတယ်"

ကျိုရွှမ်က စကားဆုံးသည်နှင့် လက်ဝါးတစ်ချက်ကို ချက်ချင်း ရိုက်ထုတ်လိုက်သည်။

သူက ကျွင်းမိသားစုနှင့် ရင်မဆိုင်ချင်ပေ။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်၏ဂုဏ်သတင်းက ကြီးမားလွန်း၍ စိတ်ထဲတွင် အနည်းငယ်ထိတ်လန့်နေမိသည်။

သို့သော်လည်း ဤတစ်ခါ နောက်ဆုတ်လိုက်လျှင်
သူ့ကို သူရဲဘောကြောင်ဟူဟု
ထင်မှတ်သွားကြပေလိမ့်မည်။

ထို့ပြင် နောက်ခံအခြေအနေရလည်း ကျိုမိသားစုက
ကျွင်းမိသားစုထက် များစွာ အားမနည်းပါချေ။

ထို့ကြောင့် ကျိုရှမ်ဟာ အနည်းငယ်မျှပင် မတုံ့ဆိုင်း
တော့ဘဲ တိုက်ရိုက် တိုက်ခိုက်လိုက်တော့သည်။

ကျွင်းရှယ်ဟွမ်လည်း မျက်ခုံးပင့်၍ ပြန်လည်
တိုက်ခိုက်လိုက်သည်။

သူတော်စင်ဘုရင် လက်အရိုးနှင့် ပေါင်းစပ်ထားသော

ကျိုရှမ်၏ညာလက်က အတော်သန်မာသည်။

ဤအရိုန်အဝါများဟာ မီးခိုးရောင်မြူများကိုပင် ဖယ်ရှားပေးနိုင်စွမ်းရှိ၏။

သို့သော်လည်း ကျွင်းရှယ်ဟွမ်ကား မတူချေ။ သူ့အတွက် မီးခိုးရောင်မြူများကိုဖိနှိပ်ရန် စွမ်းအင်တချို့ကို ထုတ်ဖော်ထားရသည်။

ဤမီးခိုးရောင် မြူခိုးများတွင် အားနည်းသော ဖိနှိပ်နိုင်စွမ်းရှိ၏။

အစရှိသော အခြေအနေ အမျိုးမျိုးအောက်တွင် ကျွင်းရှယ်ဟွမ်၏ခွန်အားက လေးဆယ် ရာခိုင်နှုန်းခန့်အထိ ဖိနှိပ်ခံထားရတော့သည်။

အခြားတစ်ဖက်တွင် သူတော်စင်ဘုရင်
လက်အရိုးကြောင့် ကျိုရွှမ်ဟာ အင်အားအပြည့်နီးပါး
ထုတ်ဖော်နိုင်သည်။

"ဘုရင်လမ်းရဲ့လက်သီး"
ကျိုရွှမ်က လက်သီးတစ်လုံး ထုတ်ဖော်လိုက်သည်။

ဘုရင်လမ်း၏ လက်သီးဟာ အမှန်တကယ်
အံ့သြစရာပင်။

ကျွင်းရှယ်ဟွမ်လည်း သူ့လက်ကိုမြှောက်၍
အရှေ့ဘက်တွင် ရေခဲဒိုင်းတစ်ခုကို
ထုတ်ဖော်လိုက်သည်။

"ဝုန်း"

သို့ရာတွင် လက်သီးချက် ရေခဲဒိုင်းကို
ချိုးဖြတ်သွား၏။ ယင်းက ကျွင်ရှယ်ဟွမ်၏
ခန္ဓာကိုယ်ကို ထိမှန်ကာ နောက်သို့ဆုတ်သွားခဲ့ရသည်။

ဖြူနုသော သူ့နှုတ်ခမ်းထောင့်တွင်
နီစွေးသောသွေးစတချို့ ထွက်ပေါ်လာ၏။

ကျွင်းရှယ်ဟွမ် ဒဏ်ရာရသွားခဲ့ချေပြီ။

"ကျွင်းရှယ်ဟွမ်၊ မင်းက ငါ့ပြိုင်ဘက်မဖြစ်ဘူး။
နောက်ပြီးတော့ ကျွင်းရှောင်ယောက်ကို ငါ့နောက်
ဆက်မလိုက်ဖို့ ပြောလိုက်ပါ။ မဟုတ်ရင်တော့..."

"ကြက်ခိုးစားရင်း ထမင်းထုပ်မဆုံးရှုံးအောင်

သတိထားပါ"

ကျိုရှမ်က လျစ်လျူရှုစွာ ပြောလိုက်သည်။

"နင်က ငါ့ရဲ့ နတ်ဘုရားသားတော်က ခြိမ်းခြောက်နေတာလား"

ကျွင်းရှမ်ဟွမ်မျက်လုံးအကြည့်များ အေးစက်သွား၏။

"မင်း ထင်ချင်သလိုထင်လို့ရတယ်"

ကျိုရှမ်က ဂရုမစိုက်ပေ။

သူ့တွင် ရှေးဟောင်းအဆောင်ရှိ၍ အဓိပဓိယွမ်ထျန်း၏ ရတနာက သူနှင့်သာ သက်ဆိုင်သည်။

ကျွင်းရှောင်ယောင်က သူ့ကို ပြဿနာရှာဝံ့လျှင်ဖြင့်...

သူကလည်း စိတ်မပါလျှင်သော်မှ သင်ခန်းစာ ပေးလိုက်မည် ဖြစ်သည်။

ကျွင်းရှယ်ဟွမ်၏ အေးစက်သောအမူအရာကိုမြင်သောအခါ ကျိရှမ် အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ကျွင်းရှယ်ဟွမ်က သူ့ကို လက်လွှတ်မည့်ပုံမရပေ။

ယင်းကိုတွေးပြီးနောက် ကျိရှမ်ဟာ တစ်နေရာသို့ လှည့်ကြည့်လိုက်သည်။

မြူထုထဲတွင် အနက်ရောင် ခေါင်းတလားများစွာရှိ၏။

ရှေးဟောင်းစာအုပ်အတွင်း၌ ခေါင်းတလားများမှ
ဖုတ်ကောင်များအကြောင်းကို
မှတ်တမ်းတင်ထားသည်။

ယင်းကိုတွေးမိသောအခါ ကျွင်းရှယ်ဟွမ်အား
မရည်ရွယ်တော့ဘဲ ခေါင်းတလားများကို
ရိုက်ချလိုက်သည်။

"ဝုန်း"
တအုန်းအုန်း ပေါက်ကွဲသံနှင့်အတူ ခေါင်းတလားအချဖုံး
ပျက်ဆီးကုန်သည်။

ထိုအခါ နက်မှောင်နေသော ဆံပင်များနှင့်
အလောင်းတစ်ကောင် ထွက်ပေါ်လာသည်။

ကျိရှမ်လည်း သူရရှိထားသော

ရှေးဟောင်းအဆောင်ကို အသက်သွင်းလိုက်၏။

အလောင်းက ရှေးဟောင်းအဆောင်အား ကြောက်လန့်ပုံရကာ ကျိုရှမ်အနားသို့ မချဉ်းကပ်ဝံ့ပေ။ ထို့ကြောင့် ကျွင်းရှယ်ဟွမ်ဘက်သို့ မြှားဦးလှည့်လာသည်။

"ကျိုရှမ်၊ နင်"

ကျွင်းရှယ်ဟွမ် ဒေါသတကြီးဖြစ်သွား၏။ ကျိုရှမ်က ဤနည်းလမ်းမျိုးကို သုံးလာမည်ဟု ထင်မထားခဲ့ပေ။

"ဟားဟားဟား၊ ကျွင်းရှယ်ဟွမ်... ငါက မင်းကိုမသတ်ပါဘူး။ ဒီမှာပဲ အေးအေးဆေးဆေး နားနေခဲ့ဦးပေါ့"

ကျိုရှမ်က ရယ်မောကာ လှည့်ထွက်သွားခဲ့သည်။

ထွက်ခွာသွားသော ကျို့ရွမ်နောက်ကျောကိုကြည့်ကာ ကျွင်းရွယ်ဟွမ်မျက်နှာက သုန်မှုန်သွား၏။

ဤအလောင်းကောင်များဟာ မသေဆုံးမီကခွန်အားကို မထုတ်ဖော်နိုင်သော်လည်း ကျွင်းရွယ်ဟွမ်တစ်ယောက်တည်းနှင့် ကိုင်တွယ်နိုင်သောအရာ မဟုတ်ပေ။

"ဂါး"

အလောင်းကောင်က ကျွင်းရွယ်ဟွမ်ကို ပြေးဝင်တိုက်ခိုက်လိုက်၏။

ကျွင်းရွယ်ဟွမ်လည်း ဆက်တိုက် ဆုတ်ခွာနေရတော့သည်။

အခြားတစ်ဖက်တွင် ကျွင်းရှောင်ယောက်က
စာရလျှင်ရချင်း ကျန်းစန်းယီ၊ ကျွင်းဝမ်ကျဲကိုခေါ်ကာ
ကျွင်းကျန်းကျန့်ထံသို့ ခရီးဆက်ခဲ့သည်။

ခေါင်းကိုးလုံးခြသေ့်နှင့် ကျွင်းလင်းလုံကား
တံဆိပ်ပြားမရှိ၍ အတွင်းပိုင်းကို မဝင်နိုင်ပေ။ ၎င်းတို့က
အပြင်ပန်းတွင်သာ ကံကောင်းခြင်းကို ရှာနိုင်သည်။

ခဏအကြာတွင် ရှေးဟောင်း
တည်နေရာရွှေ့ပြောင်းခြင်းအစီရင်သို့
ကျွင်းရှောင်ယောက်တို့ ရောက်ရှိလာသည်။

ထိုနေရာတွင် ကျွင်းကျန်းကျန့်က
အသင့်စောင့်ကြိုနေ၏။

ကျွင်းရှောင်ယောက်ကိုမြင်သောအခါ သူက လက်ယှက်၍ နှုတ်ဆက်လိုက်သည်။

"နတ်ဘုရားသားတော်"

"ရှယ်ဟွမ်ကော ဘယ်မှာလဲ"

ကျွင်းရှောင်ယောက် မေးလိုက်၏။

"သူက နတ်ဘုရားသားတော်ကိုကြိုဖို့ ငါ့ကိုဒီမှာ ထားခဲ့ပြီး ကျိုရှမ်အနောက်ကို လိုက်သွားပြီ"

ကျွင်းကျန်းကျန့် ပြောလိုက်သည်။

ယင်းကိုကြားသောအခါ ကျွင်းရှောင်ယောက် မျက်မှောင်ကြုတ်လိုက်၏။

"ကျိုရှမ်က အဓိပဓိယွမ်ထျန်းရဲ့ ရတနာသိုက်ထဲကို

သေချာသွားနေမှတော့ ပြင်ဆင်မှုမရှိဘဲ မဖြစ်နိုင်ဘူး"

"သတိလက်လွှတ်နေရင် ရှယ်ဟွမ်
ဒုက္ခရောက်လိမ့်မယ်"
ပြောဆိုပြီးသည်နှင့် အကျီလက်ကိုခါယမ်းကာ
အစီရင်ပေါ်သို့ တက်လိုက်၏။

တစ်ဖက်တွင် ကျွင်းရှယ်ဟွမ်၏ အခြေအနေကို
ဆုံးဖြတ်ချင်သည်။

အခြားတစ်ဖက်တွင်ကား လက်မှတ်ထိုးဝင်ပြီးနောက်
မည်သည့်ရတနာ ရလာမည်ကို သိချင်နေလေသည်။

-------------

အခန်း ( ၆၇ ) ကြယ်ငါးပွင့်ဆုလာဘ်၊
မဟာနတ်ဘုရားသိုင်းငါးခုထဲမှ တစ်ခု၊
အဓိပဓိယွမ်ထျန်း၏ မူလအုပ်ချုပ်သူတာအိုစာ း

ကျွင်းရှောင်ယောက်၊ ကျွင်းကျန်းကျန့်၊
ကျွင်းဝမ်ကျဲနှင့် ကျန်းစန်းယီတို့အားလုံး
အဓိပဓိယွမ်ထျန်းတံဆိပ်ပြားများကို ကိုယ်စီ
ထုတ်ယူလိုက်ကြသည်။

ဤတံဆိပ်ပြားမျိုးက တစ်ခုလျှင် တစ်ယောက်သာ
အသုံးပြုနိုင်သောကြောင့် ကျွင်းရှောင်ယောက်ဟာ
ကျွင်းလင်းလုံနှင့် ခေါင်းကိုးလုံး ခြသေ့်ကြီးကို
မခေါ်နိုင်ခဲ့ပေ။

ခဏအကြာတွင် လေထုက တွန့်လိပ်လာပြီး
လူလေးယောက်စလုံး နေရာမှ

ပျောက်ကွယ်သွားတော့သည်။

ကျွင်းရှောင်ယောက် မျက်လုံးပြန်ဖွင့်လိုက်သောအခါ အဓိပဓိယွမ်ထျန်း ရတနာသိုက်၏ အတွင်းပိုင်းကို ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ဤတွင် ထူထဲသော မြူခိုးများဟာ ပြည့်နှက်နေ၏။

ပတ်ဝန်းကျင်ကလည်း အလွန်မှောင်မိုက်၍ ကြောက်စရာကောင်းသည့် ခံစားချက်မျိုး ဖြစ်ပေါ်စေသည်။

"ဒါက အဓိပဓိယွမ်ထျန်း ရတနာသိုက်ရဲ့ အနက်ရှိုင်းဆုံးအပိုင်းလား"

ကျွင်းရှောင်ယောက်ဟာ လက်နှစ်ဖက်ကိုနောက်ပစ်၍

ရေရွတ်လိုက်သည်။

သူ့ခန္ဓာကိုယ်မှ နတ်အလင်းရောင် ခပ်ဖျော့ဖျော့လည်း ဖြာထွက်နေ၏။

ထို့အပြင် ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ သန့်စင်မွန်မြတ်ပုံကြောင့် ဤမြူခိုးများဟာ လုံးဝ အနားမကပ်နိုင်ပေ။

ကျန်းစန်းယီသည်လည်း သူ့မခန္ဓာဝန်းကျင်၌ လည်ပတ်နေသော တာအိုအမှတ်အသားများကြောင့် မြူခိုးများကို ဖိနှိပ်ထားရန် မလိုပါချေ။

နောက်ဆုံးတွင် သန္ဓောစွမ်းအင် တာအိုခန္ဓာက ရှေးဟောင်းမြင့်မြတ်ခန္ဓာထက် များစွာအားမနည်းသော တာအိုခန္ဓာတစ်ခု ဖြစ်သည်။

မိုးကြိုးလျှပ်စီးများ တဖျတ်ဖျတ်လက်နေသော
ကျွင်းဝမ်ကျဲသည်လည်း မြူခိုးများရန်မှ
ကင်းလွတ်နေ၏။

ကျွင်းကျန်းကျန့်တစ်ယောက်သာ
မြူခိုးများကိုဖယ်ရှားရန်
စွမ်းအင်စိုက်ထုတ်ထားရလေသည်။ သူ၏ ဓားခန္ဓာက
မြူခိုးများကို မဖယ်ရှားနိုင်ပေ။

သူက လေးယောက်ထဲမှာ အားအနည်းဆုံး ဖြစ်သည်။

'ဟင်း... နတ်ဘုရားသားတော်နဲ့
တခြားသူတွေအရှေ့မှာ ငါက
သာမန်လူတစ်ယောက်လိုပါပဲလား'

ကျွင်းကျန်းကျန့်ဟာ တိတ်တဆိတ်

သက်ပြင်းချလိုက်မိသည်။

ထိုစဉ် ကျွင်းရှောင်ယောက်စိတ်ထဲ၌
စနစ်အသံတစ်ချက် ထွက်ပေါ်လာသည်။

"ဒင်၊ အဓိပဓိယွမ်ထျန်းရဲ့
ရတနာသိုက်ထဲကိုရောက်ပါပြီ၊
လက်မှတ်ထိုးဝင်ချင်ပါသလား"

စနစ်အချက်ပေးသံကို ကြားလိုက်သည်တွင်
ကျွင်းရှောင်ယောက် တစ်ချက်ပြုံးသွား၏။

မျှော်လင့်ထားသည့်အတိုင်း၊
ရတနာသိုက်အတွင်းပိုင်းသို့ နေရာသို့ရောက်ရှိမှသာ
လက်မှတ်ထိုးဝင်၍ ဆုလာဘ်ကို ရရှိနိုင်မည်ဖြစ်သည်။

'ဝင်မယ်'

ကျွင်းရှောင်ယောက် စိတ်ထဲမှ ပြောလိုက်သည်။

"ဒင်၊ ဂုဏ်ယူပါတယ်ပိုင်ရှင်၊ ကြယ်ငါးပွင့်ဆုလာဘ်မူအုပ်ချုပ်သူ တာအိုစားကို ရရှိပါပြီ"

စနစ်အသံဆုံးသည်နှင့် လျှို့ဝှက်ဆန်းကြယ်သော လျှို့ဝှက်ပညာရပ်များဟာ ကျွင်းရှောင်ယောက်၏ အသိစိတ်ပင်လယ်အတွင်းသို့ စိမ့်ဝင်လာသည်။

သူ၏ နတ်နန်းတော်အတွင်း၌ တောက်ပသော နတ်အမိန့်ချိန်းတစ်ခု သိပ်သည်းလာပုံရသည်။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်စိတ်ထဲ၌

ပုံရိပ်တစ်ခုအား မြင်တွေ့လိုက်ရ၏။

ကောင်းကင်နှင့်မြေပြင်ကြားတွင် မြင့်မားသော
ရွှေရောင်ပုံရိပ်တစ်ခု ရပ်နေသည်။

၎င်း၏ မျက်ခုံးနှစ်ခုကြား၌ တာအိုနိယာမများ
ရှိနေပုံရကာ တောက်ပသော နတ်အမိန့်ချိန်းအသွင်
ပြောင်းလဲသွားခဲ့သည်။

ထိုမှတစ်ဖန် နတ်အမိန့်ချိန်းဟာ တစ်လက်မခန့်
အရှည်ရှိသော ရွှေရောင် ဓားမြှောင်တစ်လက်အသွင်
ပြောင်းလဲသွားပြန်လေ၏။

ဓားက တိုသော်လည်း ပေါက်ကွဲထွက်ပေါ်သည့်အခါ
စကြာဝဠာကြီးပင် ပြိုကျပျက်ဆီးသွားရသည်။

တောင်များ၊ မြစ်များ၊ ရေကန်များနှင့် ပင်လယ်များ အစရှိသော တည်ရှိမှုအားလုံးသည် တစ်ခဏချင်း ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားရ၏။

ထိုရွှေဓားမှ ပေါက်ကွဲထွက်ပေါ်လာသော စွမ်းအားဟာ အမှန်တကယ် ဘိုးဘေးဆယ့်ရှစ် အသုံးပြုခဲ့သော အင်မော်တယ်သတ်ဓားသိုင်းထက် အားမနည်းပါချေ။

ကြယ်ငါးပွင့်ဆုလာဘ်၊ မူလအုပ်ချုပ်သူတာအိုဓား။

ဤသည်ကား လက်မှတ်ထိုးဝင်ခြင်းအတွက် ကျွင်းရှောင်ယောက်၏ ရိတ်သိမ်းမှု ဖြစ်သည်။

'မူလအုပ်ချုပ်သူတာအိုဓားက အဓိပဓိယွမ်ထျန်း အသုံးပြုခဲ့တဲ့ သိုင်းပညာတစ်မျိုးပဲ၊  ဒါက

မဟာနတ်ဘုရားသိုင်းငါးမျိုးထဲမှာ
တစ်ခုအပါအဝင်ဖြစ်ပြီး ငါ့ရဲ့ ကျွင်းမိသားစုက
အင်မော်တယ်သတ်ဓားသိုင်းလို ကျော်ကြားတယ်'
ကျွင်းရှောင်ယောက်ဟာ စိတ်ထဲမှ ရေရွတ်လိုက်သည်။

ဘိုးဘေးဆယ့်ရှစ်ဟာ သူ့ကို
အင်အော်တယ်သတ်ဓားသိုင်းအကြောင်း သင်ပေးရင်း
တခြား မဟာနတ်ဘုရားသိုင်းလေးခုအကြောင်းကိုပါ
ပြောပြခဲ့သည်။

မူလအုပ်ချုပ်သူတာအိုဓားကတော့ ထိုအထဲမှ
တစ်ခုပင်။

ဤမူလအုပ်ချုပ်သူတာအိုဓားက
တကယ့်ဓားမဟုတ်သော်လည်း
တာအိုပြောင်းလဲခြင်းစွမ်းအားနှင့် ကြောက်မက်ဖွယ်

အဖျက်စွမ်းအားကို ထုတ်ဖော်နိုင်စွမ်းရှိသည်။

ထိုစဉ်က အဓိပဓိယွမ်ထျန်းဟာ
မူလအုပ်ချုပ်သူတာအိုဓားကိုသုံးကာ
ဘိုးဘေးနဂါးသိုက်အတွင်းသို့ပင်
ထိုးဖောက်ဝင်ရောက်နိုင်ခဲ့၏။

အဓိပဓိယွမ်ထျန်းဟာ
ဤမူလအုပ်ချုပ်သူတာအိုဓားနှင့် ကျော်ကြားခဲ့သူ
ဖြစ်သည်။

သို့သော်လည်း အဓိပဓိယွမ်ထျန်း
ကျဆုံးသွားပြီးနောက်မှာတော့
မူလအုပ်ချုပ်သူတာအိုဓားလည်း
ပျောက်ကွယ်သွားတော့သည်။

ယင်းက နှမြောစရာပင် ဖြစ်သည်။

မမျှော်လင့်ဘဲ ယခုတော့ ကျွင်းရှောင်ယောက်ဟာ
လက်မှတ်ထိုးဝင်ရာမှ ရရှိလာနိုင်ခဲ့ချေပြီ။

'ကြယ်ငါးပွင့်ဆုလာဘ်လား'
ကျွင်းရှောင်ယောက် စိတ်ထဲမှ ရေရွတ်လိုက်သည်။

သို့သော် သူစိတ်မပျက်ပေ။

အမှန်တော့၊ ကြယ်ငါးပွင့်ဆုက မနိမ့်ကျပါချေ။
အချိန်တိုင်းတွင် ကြယ်ခုနစ်ပွင့် သို့မဟုတ်
ကြယ်ရှစ်ပွင့်ဆုလာဘ်ကိုရဖို့ဆိုတာ မဖြစ်နိုင်ပါ။

ထို့အပြင် မူလအုပ်ချုပ်သူတာအိုဓားရဲ

အဖျက်စွမ်းအားက ကျွင်းရှောင်ယောက်ကို စိတ်ကျေနပ်စေသည်။

၎င်းက ပြတ်တောက်သွားသော အမွေအနှစ်တစ်ခုကို ပြန်လည်ထင်ပေါ်စေခဲ့ပြီ။

"ရှောင်ယောက်၊ မင်းဘာဖြစ်နေတာလဲ"

ကျန်းစန်းယီက ကျွင်းရှောင်ယောက်ကို လှည့်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်ထံမှ ထူးခြားသော ခံစားချက်တစ်ခုကို သူခံစားလိုက်ရ၏။

"မဟုတ်ပါဘူး"

ကျွင်းရှောင်ယောက် ခေါင်းခါယမ်းလိုက်သည်။

နတ်အမိန့်ချိန်းသည်ကား သူ့နတ်နန်းတော်ထဲတွင်ရှိ၏။

သူလေ့ကျင့်နေသ၍ အနာဂတ်တွင်
ပိုသန်မာလာပေလိမ့်မည်။

"ဟမ်"

ကျန်းစန်းယီက ကျွင်းရှောင်ယောက်ကို
လေးလေးနက်နက်ကြည့်လိုက်သည်။

သူ့တွင်
သန္တောစွမ်းအင်တာအိုသွေးကြောရှိသောကြောင့်
မဟာတာအို၊ အမိန့်တော်များနှင့် ပတ်သက်လာလျှင်
ခံစားနိုင်စွမ်းမြင့်မား၏။

ယခုလည်း သူဟာ ကျွင်းရှောင်ယောက်၏ မျက်လုံးနှစ်ခုကြားမှ တာအိုအငွေ့အသက်များကို ခံစားခဲ့ရသည်။

သို့သော် ကျန်းစန်းယီ မစုံစမ်းတော့ပေ။

လူတိုင်းတွင် ကိုယ်ပိုင်လျှို့ဝှက်ချက်များ ရှိ၏။

'ငါ့တူလေးက ပိုပိုပြီး လျှို့ဝှက်ဆန်းကြယ်လာပြီ.' ကျန်းစန်းယီဟာ စိတ်ထဲမှ တွေးလိုက်မိသည်။

ထိုစဉ် သူတို့အရှေ့နားမှ ပေါက်ကွဲမှုလှိုင်းများ ဖြာထွက်လာသည်။

"ဟင်၊ ဒါက ရွယ်ဟွမ်ပဲ။ သူတစ်ခုခုဖြစ်နေပြီ"

ကျွင်းရှောင်ယောက် ရေရွတ်ကာ
ခပ်မြန်မြန်ထွက်သွား၏။

ကျန်းစန်းယီတို့သုံးယောက်လည်း အနောက်မှ
လိုက်ပါသွားတော့သည်။

........

"ဝုန်း"
နတ်ဆိုးအလောင်းတစ်လောင်း တစ်ကောင်က
ကျွင်းရွှယ်ဟွမ်နောက်ကျောကို လက်ဝါးတစ်ချက်
ရိုက်ထုတ်လိုက်သည်။

သူ့နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာကာ
အရှိန်အဝါများပင် မတည်မငြိမ်ဖြစ်သွား၏။

"သေစမ်း၊ နင်တကယ်ကြီး ဒီလိုထွက်သွားတယ်လား"
ကျွင်းရှယ်ဟွမ်၏မျက်နှာက လေးနက်လာသည်။

သူမက သေဆုံးသွားမည်ကိုတော့ မပူပေ၊
နောက်ဆုံးတွင် သူမထံ၌ တည်နေရာရွှေ့ပြောင်းခြင်း
တာအိုတံဆိပ်တော်အကြီးရှိသည်။

အသက်အန္တရာယ်ကြုံရပါက ဤအတိုင်း
ထွက်သွားလိုက်ရုံပင်။

သို့သော်လည်း ကျွင်းရှယ်ဟွမ်နှလုံးသားထဲတွင်
သူဟာ ကျွင်းမိသားစု၏
စီကွမ်တစ်ယောက်ဖြစ်သောကြောင့် မြင့်မြတ်သော
ဂုဏ်သိက္ခာများရှိသည်။

ထို့ကြောင့် သေခြင်းရှင်ခြင်းမတိုင်မီ
အလျှော့မပေးလိုပေ။

သို့သော်လည်း ဤအခိုက်တွင်
နတ်ဆိုးအလောင်းတစ်ဒါဇင်ကျော်က
ဝိုင်းရံတိုက်ခိုက်နေ၏။

ဤအခြေအနေမျိုးတွင် ပေါင်းစည်းခြင်းအဆင့်မှပင်
ကျရှုံးသွားနိုင်ချေရှိသည်။

"မတတ်နိုင်တော့ဘူး"
ကျွင်းရွယ်ဟွမ် သက်ပြင်းချလိုက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်အတွက်ကြောင့်

နောင်တရစရာမရှိပေ။

နောက်ဆုံးတွင် ကျွင်းရှောင်ယောက်က
လုံဟောက်ထျန်းလက်မှ သူ့ကို ကာကွယ်ပေးဖူးသည်။

ကျွင်းရှယ်ဟွမ် သက်ပြင်းချကာ
တည်နေရာရွှေ့ပြောင်းခြင်း
တာအိုတံဆိပ်တော်အကြီးကို အသုံးပြုရန်
ပြင်လိုက်သည်။

ထိုစဉ် အဝေးမှ ရွှေရောင်လက်ဝါးကြီးတစ်ဖက်
ထွက်ပေါ်လာ၏။

လက်ဝါးကြီး ကျဆင်းလာသည်နှင့် အလောင်းများဟာ
တိုက်ရိုက် ချေမှုန်းခံလိုက်ရသည်။ မြေပြင်
အက်ကွဲသွားသည်။

"နတ်ဘုရားသားတော်"

ကျွင်းရှယ်ဟွမ်၏ လှပသော အပြာရောင်မျက်လုံးများက အံ့အားသင့်မှု အရိပ်အမြွတ်တို့ ဖြစ်ပေါ်လာသည်။

လှည့်ကြည့်လိုက်သောအခါ အဖြူရောင်ဝတ် လူငယ်လေးတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

သူ့အနောက်တွင်ကား ကျွင်းကျန်းကျန့်တို့သုံးယောက် ရှိနေသည်။

အနားရောက်လာသောအခါ ကျွင်းရှောင်ယောက်က နူးညံ့စွာ ပြောလိုက်သည်။

"တောင်းပန်ပါတယ်၊ ငါနောက်ကျသွားတယ်"

"နတ်ဘုရားသားတော်..."

ကျွင်းရွှယ်ဟွမ်စိတ်ထဲတွင် လှုပ်ရှားသွား၏။

ရန်သူနှင့် ဆက်ဆံသောအခါ ကျွင်းရှောင်ယောက်က အသူရာနတ်မိစ္ဆာကဲ့သို့ ရက်စက်သည်။

သို့ရာတွင် သူ့မိသားစုအတွက်ကတော့ ကောင်းကောင်းဂရုစိုက်ကာ ကာကွယ်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားပေး၏။

"ကျေးဇူးတင်ပါတယ် နတ်ဘုရားသားတော်၊ ရွှယ်ဟွမ် အဆင်ပြေပါတယ်။ နည်းနည်းလေးတော့ နာတာပေါ့"

ကျွင်းရွှယ်ဟွမ် ပြုံးလိုက်သည်။

ကျွင်းရှောင်ယောက်၏ အကြင်နာစကားဟာ ကျွင်းရွယ်ဟွမ်အတွက်တော့ အကောင်းဆုံး ဆေးများထက်ပင် ပိုထိရောက်ပေသည်။

"အခြေအနေ ဘယ်လိုရှိလဲ၊ ငါ့ကိုပြောပါအုံး" ကျွင်းရှောင်ယောက် ပြောလိုက်သည်။

ထိုစဉ် မသေသေးသော အလောင်းကောင်တချို့က ပြန်ထလာသည်။ သို့ရာတွင် ကျွင်းရှောင်ယောက် လက်ဝါးအောက်တွင် အသားပြားကဲ့သို့ အရိုက်ခံရ၏။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ နတ်စွမ်းအားများကလည်း ဖုတ်ကောင်များကို ဖိနှိပ်နိုင်စွမ်း ရှိခဲ့သည်။

"ဒီလိုပါ...."

ကျွင်းရွှယ်ဟွမ်က အကြောင်းစုံကို ရှင်းပြလိုက်သည်။

နားထောင်ပြီးသောအခါ ကျွင်းရှောင်ယောက်
ပြုံးလိုက်၏။

ယင်းက နွေးထွေးမှု လုံးဝမရှိသော
အေးစက်စက်အပြုံးသာ ဖြစ်တော့သည်။

"အိုး၊ ငါ့ကို ခြိမ်းခြောက်တယ်။ ကြက်သွန်မြိတ်က
လူတွေကို ခြိမ်းခြောက်တတ်အောင်
ဘယ်အချိန်ကများ သင်ခဲ့တာလဲ"

-------------

အခန်း ( ၆၈ ) ရှက်ရွံ့နေသောလုံပိကျစ်၊
ဘိုးဘေးနဂါးသိုက်မှ အကြီးအကဲ ဒေါသဖြစ်ခြင်း၊
ကျေးဇူးတင်ပါတယ် ကျိုရွှမ်

မူလက ကျွင်းရှောင်ယောက်ဟာ ကျိုရွှမ်ကို
သိပ်ဂရုမစိုက်ပေ။

ကျိုရွှမ်နှင့် ကျွင်းကျန်းကျန့်ကြား၌
ပြဿနာရှိဖူးသော်လည်း
ကြီးကြီးမားမားမဟုတ်ပါချေ။

ယခုတော့ အနီကျိုရွှမ်ဟာ သူ့ကိုခြိမ်းခြောက်လာခဲ့ပြီ
ဖြစ်သည်။

ထို့အပြင် ကျွင်းရှယ်ဟွမ်ကို အန္တရာယ်ဖြစ်စေခဲ့၏။

ကျွင်းရှောင်ယောက်က
လူကောင်းတစ်ယောက်မဟုတ်ပေ၊
အကောင်းနှင့်အဆိုးကိုလည်း လူအများ၏အတွေးနှင့်
ဆုံးဖြတ်ခံမည် မဟုတ်ပါချေ။

အကယ်၍ အလွန်တရာ သည်းခံတတ်နေလျှင်
ဘုန်းကြီးဝတ်လိုက်တာမှ ပိုကောင်းပေဦးမည်။

ကျွင်းရှောင်ယောက်၏ ဆောင်ပုဒ်သည်ကား 'ငါ့ကို
ဦးညွတ်ရင် တိုးတက်မယ်၊ ငါ့ကိုဆန့်ကျင်ရင်
ပျက်သုဉ်းမယ်'ဖြစ်သည်။

"သွားစို့၊ ကျိရွမ်က ဘယ်လိုလှိုင်းမျိုးကို
ပြုလုပ်ထားနိုင်မယ်ဆိုတာ ငါသိချင်စမ်းတယ်"
ကျွင်းရှောင်ယောက်က ပြုံးကာ ပြောလိုက်၏။

သူ့အမူအရာကို မြင်တွေ့သည်နှင့် တခြားသူများဟာ ကျိရွမ်ကို စိတ်ထဲမှ သနားသွားတော့သည်။

ကျွင်းရှောင်ယောက်တို့ ရောက်လာချိန်တွင် ကျိရွှမ်က ရတနာသိုက်အတွင်းပိုင်း၏ အနက်ရှိုင်းဆုံးနေရာသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ထိုအချိန် ဂရိတ်ဝိုင်းသစ်တောကြီး၏ အပြင်ဘက်တွင်...

ဒေသအကြီးအကဲများက တင်ပျဉ်ခွေကာ ထိုင်နေကြဆဲပင်။

"အမိပမိယွမ်ထျန်းရဲ့ လျှို့ဝှက်ရတနာသိုက်ထဲက ဒီမြူခိုးတွေဟာ ကြေးမုံကိုတောင် တားဆီးနိုင်မယ်လို့

ထင်မထားခဲ့ဘူး"

ကျိုမိသားစု၏ အကြီးအကဲက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

"ကျုပ်တို့က အဓိပမိရတနာသိုက်ကို လျှော့တွက်ခဲ့မိပုံပဲ၊ ဒါပေမဲ့လည်း အဇူရာကြေးမုံကို သုံးဖို့မလိုပါဘူးလေ"

ကျွင်းကျန်းထျန်းက ပြုံးလိုက်သည်။

ရတနာသိုက်အတွင်းသို့ ဝင်ရောက်ကြသော အင်အားစုကြီးများ၏ ပါရမီရှင်တိုင်းတွင် တည်နေရာရွှေ့ပြောင်းခြင်း တာအိုတံဆိပ်တော်အကြီး၊ သို့မဟုတ် အကာကွယ်မှော်ရတနာတစ်မျိုးမျိုးကိုတော့ ပိုင်ဆိုင်ထားလေ့ ရှိကြသည်။

ထို့ကြောင့် သူတို့ကဲ့သို့

တာအိုအစောင့်အရှောက်များက အချိန်ပြည့်စောင့်မကြည့်လျှင်ပင် အသက်အန္တရာယ် မစိုးရိမ်ရပေ။

"ဟားဟားဟား၊ ကျွင်းကျန်းထျန်း မင်းက မင်းတို့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို စိုးရိမ်နေတာလား။ တကယ်လို့ သူသာ ရတနာသိုက်ထဲမှာ ကျဆုံးသွားရင် ကျွင်းမိသားစုအတွက်တော့ ဆုံးရှုံးမှုကြီးတစ်ခုပဲနော်"

ဘိုးဘေးနဂါးသိုက်မှ မိုးပြာနဂါးဝတ်စုံနှင့် အဘိုးကြီးက ပြုံးလျက် ပြောလိုက်သည်။

"ဟမ့်၊ စိတ်မပူပါနဲ့... မင်းမြေးသေသွားရင်တောင် ငါ့မြေးက အသက်ရှင်နေဦးမှာပဲ"

ကျွင်းကျန်းထျန်းက နှာခေါင်းတစ်ချက်ရှုံ့၍ ပြောလိုက်သည်။

ဤရတနာသိုက်လောက်က ကျွင်းရှောင်ယောက်ကို ပြဿနာမဖြစ်စေမှန်း သူယုံကြည်မှုရှိ၏။

မည်သို့ဆိုစေ၊ သူ့တွင် ဘိုးဘေးဆယ့်ရှစ်ပေးလိုက်သော အစောင့်အရှောက် နတ်ဘုရားအဆောင်ရှိ၍ အသက်အန္တရာယ်တော့ မဖြစ်နိုင်ပေ။

"ဟီးဟီး၊ မင်းရဲ့ နတ်ဘုရားသားတော်ကို ငါတို့ရဲ့ နဂါးသမီးတော်က ရက်ရက်စက်စက် သင်ခန်းစာမပေးဖို့ မျှော်လင့်တယ်"

မိုးပြာနဂါးဝတ်ရုံနှင့် အကြီးအကဲက ခနဲ့တဲ့တဲ့ပြုံး၍ ပြောလိုက်သည်။

သူဟာ လုံပိကျစ်အပေါ်တွင် အလွန်ယုံကြည်၏။

နောက်ဆုံးတွင် သူက နဂါးအဆီအနှစ် နှစ်ခုကို သန့်စင်ထားသောကြောင့် လုံဟောက်ထျန်းထက် များစွာပိုသန်မာသည်။

သို့သော်လည်း မိုးပြာနဂါးဝတ်ရုံနှင့်အကြီးအကဲ ကြာကြာမရယ်နိုင်ပေ။

အစိပစိယွမ်ထျန်း၏ ရတနာသိုက်အတွင်းမှ ရှက်ရွံ့နေဟန်ဖြင့် လူရိပ်တစ်ခုဟာ အလျင်အမြန်ပြေးထွက်လာသည်။

၎င်းက စုတ်ပြဲနေသော အပြာရောင်ချပ်ဝတ်ကိုဝတ်ကာ နှုတ်ခမ်းထောင့်တွင်လည်း သွေးများစွန်းပေနေပြီး ရှက်ကိုးရှက်ကန်းဖြစ်နေသည်။

၎င်းက လုံပိကျစ်မှတစ်ပါး အခြားသူ
မဟုတ်တော့ပေ။

ဤအခိုက်တွင် လုံပိကျစ်၏မျက်လုံး၌
ကြောက်လန့်မှုများပြည့်နှက်နေကာ
ခန္ဓာကိုယ်ကလေးကလည်း
တဆတ်ဆတ်တုန်နေသည်။

ကျွင်းရှောင်ယောက်နှင့် ရင်ဆိုင်ခြင်းဟာ သူ့ကို
အလွန်ကြောက်သွားစေခဲ့၏။

အနည်းငယ်မျှ နှောင့်နှေးရုံဖြင့် ရလဒ်ဟာ
တစ်မျိုးဖြစ်သွားနိုင်လောက်သည်။

"ဟေး၊ ဒါက ဘိုးဘေးနဂါးသိုက်ရဲ့ နဂါးသမီးတော်ပဲ။

သူက ဘာဖြစ်လို့ ဒီလောက်မြန်မြန်
ပြန်ရောက်လာတာလဲ"

"အေးဗျ၊ သူ့ကြည့်ရတာ ရှက်လည်း ရှက်နေပုံရတယ်။
သူ ဘယ်လိုအလောင်းကောင်နဲ့ တွေ့လာတာပါလိမ့်၊
ဒါမှမဟုတ် အဓိပမိအလောင်း
ပြန်နိုးထလာတာများလား"

ယခုအချိန်တွင် အဓိပမိယွမ်ထျန်း၏ ရတနာသိုက်
အပြင်ဘက်မှာ ထောင်နှင့်ချီသော
လူများစုဝေးနေကြသည်။

အတော်များများဟာ အသက်အရွယ်အရ
ဝင်ခွင့်မရသောကြောင့် လူငယ်များနွဲ့ကြသည်ကိုသာ
စိတ်လှုပ်ရှားစွာ စောင့်ကြည့်နိုင်ကြသည်။

ထို့ကြောင့် လုံပိကျစ်
ထွက်ပြေးလာသည်ကိုမြင်သောအခါ ထူးခြားတာ
တစ်ခုခုဖြစ်လာပြီဟုတွေးကာ အားလုံး
အံ့သြနေကြတော့သည်။

နဂါးသမီးတော်က ဘယ်နှယ်ကြောင့် ဤမျှမြန်မြန်
ထွက်လာရသနည်း။

သူ့ပုံစံအရတော့ တစ်ခုခု
ထူးခြားတာဖြစ်လာပုံရသည်။

"ဟားဟားဟား၊ ငါးပြာကလေး... မင်းရယ်ဦးလေ၊
ဘာဖြစ်လို့ ဆက်မရယ်တော့တာလဲ"

ကျွင်းကျန်းထျန်းက အလွန်ကျေနပ်နေဟန်ဖြင့်
အားပါးတရ ရယ်မောလိုက်သည်။

မိုးပြာနဂါးဝတ်ရုံနှင့် အကြီးအကဲမူကား မျက်နှာမည်းပြာနှမ်းနေတော့သည်။

"ပိကျစ်၊ ဘာဖြစ်နေတာလဲ၊ နဂါးအရိုးကရော"

အကြီးအကဲက စိုးရိမ်တကြီးမေးလိုက်သည်။

အဓိက သူစိုးရိမ်တာကတော့ နဂါးအရိုးပင် ဖြစ်သည်။

"မရှိတော့ဘူး၊ သာမန်နဂါးအရိုးလေးတင်မကဘူး၊ ဘိုးဘေးနဂါးရဲ့ အဓိပဓိနဂါးအရိုးပါ မရှိတော့ဘူး၊ အားလုံး ပါသွားပြီ..."

လုံ့ပိကျစ်က နှုတ်ခမ်းကိုကိုက်ကာ ဖြူဖျော့နေသော မျက်နှာနှင့် ပြောလိုက်သည်။

"ဘာ၊ ဘိုးဘေးနဂါးရဲ့ အဓိပဓိနဂါးအရိုးလား"

ထိုစကားကိုကြားပြီးနောက် မိုးပြာနဂါးအကြီးအကဲဟာ
အသက်ရှူမဝသကဲ့သို့ပင် ဖြစ်သွားသည်။

ယင်းက ဘိုးဘေးနဂါး၏ အဓိပမိနဂါးအရိုးပင်။
ယင်းက ဘိုးဘေးနဂါးသိုက်မှာပင် အလွန်ရှားပါး၏။

ယခုတော့ လက်လွတ်ခဲ့ရပြီ။

"ဘယ်သူလဲ၊ ဘယ်သူယူသွားတာလဲ"
မိုးပြာနဂါးအကြီးအကဲက အံကြိတ်ပြီး
ပြောလိုက်သည်။

"ကျွင်း... ကျွင်းရှောင်ယောက်"
သူ့အကြောင်းကို ပြောသောအခါ လုံပိကျစ်၏
ခန္ဓာကိုယ်က အနည်းငယ် တုန်ခါသွားသည်။

နာမည်ကြားရုံနှင့်ပင် အလိုလို ကြောက်ရွံ့မှုကို ခံစားရ၏။

ထိုနေရာတွင် ရှောင်ချန်းနှင့် ဝူမင်ယွဲ့ရှိနေသေးသော်လည်း ၎င်းတို့က ကျွင်းရှောင်ယောက်ပြိုင်ဘက်ဖြစ်မည်ဟု သူမထင်ပေ။

"ဘာ၊ သူပဲလား"

မိုးပြာနဂါးအကြီးအကဲ၏မျက်နှာက အေးခဲသွားခဲ့သည်။

ယခုလေးတင် လုံပိကျစ်က ကျွင်းရှောင်ယောက်ကို ရက်ရက်စက်စက်သင်ခန်းစာမပေးရန် မျှော်လင့်မိကြောင်း ဆိုနေခဲ့သေးသည်။

ကံမကောင်းစွာဖြင့် ရလဒ်ဆိုးခဲ့သူက လုံပိကျစ်ပင် ဖြစ်နေခဲ့ရပြီ ဖြစ်သည်။

ဤရိုက်နှက်ခြင်းက အလွန်မြန်၍ မည်သူမျှ ခံနိုင်ရည်မရှိနိုင်ပါချေ။

"အိုး၊ သူက မိသားစုရဲ့ နတ်ဘုရားသားတော်က ကန်ထုတ်ခံလိုက်ရတာပဲ၊ မထူးခြားတော့ပါဘူး"

"ဟုတ်တယ်၊ လုံဟောက်ထျန်းတောင်မှ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် လက်ထဲမှာ သေဆုံးခဲ့ရတာပဲလေ။ ဒါပေမယ့် ဒီ လုံပိကျစ်ကတော့ ထွက်ပြေးလာနိုင်တဲ့အတွက် ကံကောင်းတယ်လို့ ဆိုရမယ်"

လုံပိကျစ်၏ စကားကို ကျင့်ကြံသူအများစု
ကြားလိုက်ရသည်။

သို့သော်လည်း သူတို့က မအံ့သြတော့ပေ။

၎င်းတို့အတွက် ကျွင်းမိသားစု၏
နတ်ဘုရားသားတော်ဟာ
မျိုးဆက်သစ်လူငယ်များထဲမှ ပြိုင်ဘက်ကင်းသော
သင်္ကေတတစ်ခုဖြစ်နေပုံရသည်။

"ဘယ်လိုလဲကွ ငါးစိမ်းကလေး၊ အခု
မင်းလက်ခံပြီလား"
ကျွင်းကျန်းထျန်းက ဂုဏ်ယူစွာ ပြောလိုက်သည်။

သူ့မြေးက ရတနာများရသွားခြင်းဟာ သူ့ကို

မျက်နှာပန်းလှစေခဲ့၏။

မိုးပြာနဂါးအကြီးအကဲမှာတော့ အံကိုကြိတ်နေပြီး ဘာမျှ မပြောတတ်တော့ပေ။

ကျွင်းမိသားစုလက်ထဲမှ နဂါးအရိုးကို ပြန်လိုချင်လျှင် ကောင်းကင်ကိုတက်တာထက် ပိုခက်ခဲမှန်း သူသိသည်။

"တောင်းပန်ပါတယ် အကြီးအကဲ၊ ကျွန်မ စိတ်ပျက်စေခဲ့ပြီ"

လုံပိကျစ်က ခေါင်းငုံ့ကာ ပြောလိုက်သည်။

ဤမြင်ကွင်းကိုကြည့်ကာ ကောင်းကင်ယံမှ အကြီးအကဲကျိပန်းရင်က ခေါင်းကိုခါယမ်းကာ

ပြောလိုက်၏။

"ကောင်းကင်နဂါးရှေးကေရာဇ်ရဲ့
မျိုးဆက်မိန်းကလေးက ဒီလောက်ပဲထင်တယ်"

"ကျိပန်းရင်၊ မင်းလည်း မင်းတို့ကျိမိသားစုက
ကောင်လေးကို ငါ့မြေးနဲ့မတွေ့အောင် ဆုတောင်းနေပါ၊
မဟုတ်လို့ကတော့၊ ဟီးဟီး..."

ကျွင်းကျန်းထျန်းက ထေ့ငေါ့ ရယ်မောလိုက်သည်။

"ကျွင်းကျန်းထျန်း၊ မင်းက ကျိရွှမ်ကို
နဂါးမိန်းကလေးလို့ ထင်နေတာလား။ ဒီအချိန်အတွက်
သူက ပြင်ဆင်ထားပြီးသားကွ၊ တကယ်လို့
ပဋိပက္ခဖြစ် မင်းရဲ့ နတ်ဘုရားသားတော်ကိုပဲ
စိတ်ပူသင့်တယ်"

ကျိပန်းရင်က အရိုးထဲမှလာသော ယုံကြည်မှုများဖြင့်
ပြောလိုက်သည်။

"အိုး"

ကျွင်းကျန်းထျန်းလည်း သံသယအရိပ်အမြွက်များနှင့် ကျိုပန်းရင်ကို ကြည့်လိုက်၏။

ဤတစ်ခေါက် ကျိုမိသားစု၏ သူတော်စင်ငယ်ဟာ အမှန်တကယ် လှိုင်းလုံးများကို ဖန်တီးနိုင်ပါမည်လော။

အပြင်ဘက်မှာတော့ လုံပိကျစ်၏ ထွက်ပေါ်လာမှုကြောင့် ဆွေးနွေးသံများ ဆက်တိုက် ထွက်ပေါ်နေခဲ့လေသည်။

ထိုအချိန်တွင် ရှေးဟောင်းအဆောင်ကို လက်ထဲမှာကိုင်ထားသော ကျိုရွှမ်က အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်အတွင်း အနက်ရှိုင်းဆုံးနေရာသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

သူက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သောအခါ အနက်ရောင် မျှော်စင်တစ်ခုအား မြင်တွေ့လိုက်ရသည်။ ၎င်းကကောင်းကင် ထောက်တိုင်တစ်ခုကဲ့သို့ ခမ်းနားထည်ဝါသော အရှိန်အဝါများ ဖြာထွက်နေ၏။

"နောက်ဆုံးတော့ အခွင့်အရေးကောင်းကြီးကို ငါရောက်လာခဲ့ပြီ"

ကျိရှမ်၏ မျက်လုံးများတွင် ပျော်ရွှင်မှုများ ပြည့်နှက်လာသည်။

အချိန်အတော်ကြာအောင် စီစဉ်ခဲ့ပြီး နောက်ဆုံးမှာတော့ သူဟာ ဤအခွင့်အရေးကြီးကို ရရှိနိုင်တော့မည် ဖြစ်သည်။

သို့သော် ထိုအချိန်တွင် သူ့အနောက်မှ ပြက်ချော်ချော်
အသံတစ်ချက် ထွက်ပေါ်လာသည်။

"ရတနာဆီကို လမ်းပြပေးခဲ့တဲ့အတွက်
ကျေးဇူးတင်ပါတယ် ကျိုရွှမ်"

-------------

အခန်း ( ၆၉ ) ကျွင်းရှောင်ယောက်၏ အကြွင်းမဲ့
ခွန်အား၊ ကျိုရွှမ်ဟာ ကိုယ့်ဘဝကို
သံသယဝင်သွားသည်

ထိုအသံကိုကြားလိုက်သည်နှင့် ကျိုရွှမ်မျက်နှာပေါ်မှာ
ပျော်ရွှင်မှုအပြုံးများဟာ ရုတ်ချည်း
ပျောက်ကွယ်သွားသည်။

သို့သော်လည်း သူဟာ မတုန်လှုပ်ဘဲ ပေါ့ပေါ့ပါးပါး လှည့်ကြည့်လိုက်၏။

ထိုအခါ ကျွင်းရှောင်ယောက်နှင့် တခြားသူများအား မြင်တွေ့လိုက်ရသည်။

ကျွင်းရှောင်ယောက်က သူ့လက်များကို နောက်ပစ်ကာ တည်ငြိမ်အေးဆေးစွာပင် ရှိနေသည်။ သို့ရာတွင် သူ့မျက်လုံးများတွင်ကား အေးစက်စက် အငွေ့အသက်များ ထွက်နေ၏။

ကျိုရှမ်၏ အပြုအမူများက သူ့ကို လုံးဝ ဆန့်ကျင်ဘက်အခြေအနေသို့ တွန်းပို့ပေးခဲ့သည်။

ကျွင်းရှောင်ယောက်က ရန်သူကို ဆက်ဆံသည့်အခါ

လုံးဝ ပျော့ညံ့နေမည် မဟုတ်ပေ။

သို့ရာတွင် သူ့ကိုမြင်လိုက်ရသည့်တိုင်
တုန်လှုပ်ပုံမရသော ကျို့ရှမ်အမူအရာကြောင့်
ကျွင်းရှောင်ယောက်ဟာ အနည်းငယ်
အံ့သြသွားမိသည်။

ဆန့်ကျင်ဘက်အနေဖြင့် တစ်ဖက်လူဟာ
အလွန်တည်ငြိမ်နေ၏။

ယင်းကိုကြည့်လျှင် ကျို့ရှမ်နှင့် ရှောင်ချန်းကြားမှ
ကွာဟချက်ကို မြင်နိုင်ပေလိမ့်မည်။

ရှောင်ချန်းက ကံကောင်းသော်လည်း သူ့နောက်ခံဟာ
အကန့်အသတ်ရှိသည်။ နဂါးရှေးဟောင်းတိုင်းပြည်က
အလွန်ကျော်ကြားသော်လည်း

တာအိုမိသားစုများကိုတော့ မနှိုင်းယှဉ်သာပေ။

ကျိရှမ်ကတော့ ရှေးဟောင်းမင်းမျိုးနွယ်
မိသားစုများမှ မွေးဖွားလာသူဖြစ်သောကြောင့်
စိတ်နေသဘောထားနှင့် အရှိန်အဝါဟာ
ရှောင်ချန်းထက် ပိုသန်မာသည်။

ယင်းက ကျိရှမ်ကို ပို၍ စိတ်ဝင်စားသွား၏။

အနည်းဆုံးတော့ သူမပျင်းရတော့ပေ။

"ကျိရှမ်၊ မင်းက ဒီနတ်ဘုရားသားတော်ကိုမြင်ပေမဲ့
သိပ်ပြီး အံ့သြပုံမရဘူး"
ကျွင်းရှောင်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ ငါက မင်းနဲ့
ပြဿနာမဖြစ်ချင်တာတောင် ဘာဖြစ်လို့
အရမ်းလွန်လာရတာလဲ။ မင်းက ငါကျိရွှမ်ကို
တကယ်ပဲ ရတနာမှုဆိုးလို့ သတ်မှတ်ထားတာလား"
ကျိရွှမ်၏မျက်လုံးအကြည့်က စူးရှသွားသည်။

"မဟုတ်ရင် မင်းတန်ဖိုးက ဘာရှိလို့လဲ"
ကျွင်းရှောင်ယောက်က တည်ငြိမ်စွာပင်
တုံ့ပြန်လိုက်၏။

"မင်း..."
ကျိရွှမ် အနည်းငယ် မျက်လုံးပြူးသွား၏။

သူကဲ့သို့ ကျိမိသားစုမှ သူတော်စင်ငယ်ဟာ

ဘယ်အချိန်မှစ၍ ဤအခြေအနေ ရောက်သွားပါသနည်း။

ကျွင်းကျန်းကျန့်နှင့် တခြားသူများကတော့ မအံ့ဩတော့ပေ။ ပုံမှန်အားဖြင့် ကျွင်းရှောင်ယောက်ဟာ သေမျိုးတို့နှင့် မပတ်သက်သော နတ်တစ်ပါးကဲ့သို့ တည်ရှိသည်။

သို့သော်လည်း သူစကားများ ထွက်လာသောခါ တစ်ဖက်လူကို သေချင်စိတ် ပေါက်သွားစေနိုင်ပေ၏။

"ဟမ့်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က လူအများနဲ့ပဲ အနိုင်ကျင့်တတ်တာလား"

ကျိရွှမ်မျက်လုံး၌ အန္တရာယ်အလင်းများ ဖြစ်ပေါ်လာသည်။

သူ့ဘက်တွင် သူတစ်ယောက်သာရှိကာ
ကျွင်းရှောင်ယောက်ဘက်တွင်ကား
လူငါးယောက်ရှိ၏။

ပုံမှန်ဆိုပါက ဤတိုက်ပွဲမျိုးဟာ ဆက်ဖြစ်စရာ
မလိုတော့ပေ။

"ကျိရွှမ်၊ မင်းဘာတွေတွေးနေတယ်ဆိုတာ
ငါသိပါတယ်။ မင်းက ဒီနတ်ဘုရားသားတော်နဲ့
တစ်ယောက်ချင်း တိုက်ခိုက်ချင်နေတာ မဟုတ်လား"

"တကယ်တော့ ငါကလည်း ဒီလိုလုပ်ရတာကို
စိတ်မဝင်စားသလို မင်းကလည်း မထိုက်တန်ဘူးလေ"
ကျွင်းရှောင်ယောက်က ဂရုမစိုက်ပေ။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က

အရမ်းမောက်မာတယ်ဆိုတာ ငါကြားဖူးပါတယ်၊
ဒါပေမဲ့ စမ်းမကြည့်ရင် မင်းဘယ်လိုသိမှာလဲ"
ကိရွှမ်က စူးရှသောမျက်လုံးနှင့် ကြည့်လိုက်၏။

တကယ်လည်း ကျိရွှမ်ဟာ ကျွင်းရှောင်ယောက်နှင့်
တိုက်ခိုက်ချင်နေသည်။

နောက်ဆုံးတွင် မတိုက်ခိုက်ဘဲ ဦးညွှတ်သွားမည့်
ပါရမီရှင်ဟူ၍ မရှိပေ။

အနည်းဆုံးတော့ ကျိရွှမ်က လက်မခံလိုပေ။

ထို့ကြောင့် ကျိရွှမ်ဟာ ဤအခွင့်အရေးကိုသုံး၍
ကျွင်းရှောင်ယောက်နှင့် တိုက်ခိုက်ချက်ချင်သည်။

"မင်းဆန္ဒအတိုင်း"

ကျွင်းရှောင်ယောက်၏ မျက်လုံးများ
အေးစက်သွားသည်။ ရွှေရောင်
ဝိညာဉ်ပင်လယ်အတွင်းမှ စွမ်းအင်များကလည်း
ချက်ချင်း ရုန်းကြွလာ၏။

သူ့ထံမှ ဖြာထွက်လာသော ရွှေရောင်စွမ်းအင်များဟာ
အမှန်တကယ် ကြောက်စရာကောင်းလှသည်။

ကျွင်းရှောင်ယောက်က သိုင်းပညာမသုံးဘဲ
ရိုးရိုးရှင်းရှင်း လက်ဝါးကို မြှောက်လိုက်သည်။

ရွှေရောင်စွမ်းအင်များနှင့် ဤလက်ဝါးဟာ
ဘယ်ပါရမီရှင်ကိုမဆို အလွယ်တကူ
ဖိနှိပ်နိုင်စွမ်းရှိ၏။

ထိုလက်ဝါးမှ စွမ်းအင်များကို ခံစားမိသောအခါ
ကျို့ရွှမ်၏မျက်နှာက လေးနက်သွားသည်။

ကျွင်းရှောင်ယောက်က ပုံမှန်အချိန်တွင်
အေးချမ်းတည်ငြိမ်သော်လည်း လှုပ်ရှားလာသောအခါ
မုန်တိုင်းထန်နေသော ပင်လယ်ပြင်သို့ပင် ဖြစ်သည်။
ယင်းက အလွန်ကြောက်မက်ဖွယ်ကောင်း၏။

ကျို့ရွှမ်လည်း သူတော်စင်ဘုရင်၏
လက်အရိုးနှင့်ပေါင်းစပ်ထားသော
ညာလက်သီးတစ်လုံးကို ထုတ်ဖော်လိုက်သည်။

သူတော်စင်ဘုရင်ဟာ သူတော်စင်အဆင့်တွင်
ထိပ်တန်းမှာရှိ၏။

၎င်းက သူတော်စင်ဘုရင်၏

လက်ရိုးအပိုင်းအစလေးသာ ဖြစ်သည့်တိုင်
အဖိုးမဖြတ်နိုင်သော အစွမ်းသတ္တိများ ရှိသည်။

သူ့ထံမှ ထွက်ပေါ်လာသော
သာမန်တိုက်ခိုက်မှုတစ်ခုတွင်
သာမန်ကျင့်ကြံသူများအတွက် ထိပ်တန်း
သိုင်းပညာတစ်ခုကဲ့သို့ဖြစ်သည်။

သို့ရာတွင်....

လက်သီးနှင့် လက်ဝါးတွေ့ဆုံသည်နှင့်
တုန်လှုပ်သွားရသူဟာ ကျိရွှမ်ပင် ဖြစ်သည်။

ကျိရွှမ်လည်ချောင်းထဲတွင်
သွေးအရသာများခံစားရကာ အနောက်ဘက်သို့
ခြေလှမ်းများစွာ ဆုတ်ပေးလိုက်ရ၏။

သူ့မျက်လုံးများမှာတော့ မကြုံစဖူး အံ့သြမှုနှင့် ထိတ်လန့်မှုများ ဖြစ်ပေါ်နေတော့သည်။

ဒါက ဘယ်လိုဖြစ်တာလဲ။

သူက သူတော်စင်ဘုရင်အရိုးနှင့် ပေါင်းစပ်ထားသော လက်သီးချက်အား ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ သို့တိုင် အဘယ်ကြောင့် ဒဏ်ရာရသွားသူက သူဖြစ်နေရလေသနည်း။

အခြားတစ်ဖက်တွင်ကား ကျွင်းရှောင်ယောက်ဟာ အနည်းငယ်အံ့အားသင့်ဟန်ဖြင့် မျက်ခုံးပင့်၍ ပြောလိုက်သည်။

"တကယ်ပဲ သူတော်စင်ဘုရင်ရဲ့လက်အရိုး ဖြစ်ထိုက်ပါပေတယ်၊ ငါ့ရဲ့ လက်ဝါးတစ်ချက်

အရိုက်ခံရတာတောင် ဒဏ်ရာနည်းနည်းပဲ ရတယ်"

ကျွင်းရှောင်ယောက်က တခြားသူများကို အင်အားသုံး ဖိနှိပ်လေ့ရှိ၏။

ရန်သူမှန်သမျှ ဦးစွာ လက်ဝါးနှင့်အရိုက်ခံရသည်။

ဤတွင် ရန်သူရှစ်ဆယ်ရာခိုင်နှုန်းက သူ့လက်ဝါးကို မတားဆီးနိုင်ပေ။

ကျန်နှစ်ဆယ်ရာခိုင်နှုန်းကလည်း အထူးနည်းလမ်းများကို ထုတ်ဖော်ကြရ၏။

ကျို့ရွမ်ကမူ သူနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာ ရသွားသည်။

ယင်းက သူ့ကို အနည်းငယ် အံ့သြစေ၏။

ထိုစကားကိုကြားသောအခါ ကျိရွှမ်စိတ်ထဲ၌ ကိုယ့်ကိုယ်ကိုယ်ကင် သံသယဝင်သွားမိသည်။

ပုံမှန်ဆိုလျှင် သူ့ခွန်အားက အလွန်ကြမ်းသည်။

သို့သော်လည်း သူဒဏ်ရာရသွားသည်ကိုပင် မဆိုးဘူး ဟုသာ မှတ်ချက်ချနေသည်။

ယင်းက ဘာကို မဆိုးလေသနည်း။

"ဒါပေမယ့် ကံမကောင်းချင်တော့ သူတော်စင်ဘုရင်ရဲ့ လက်အရိုးက မင်းအပိုင်မဟုတ်၊

မင်းရဲ့လက်အရိုးမဟုတ်ဘူး"

ပြောပြီးသည်နှင့် ကျွင်းရှောင်ယောက်က ဧကရာဇ်တံဆိပ်ကိုဖန်တီးကာ ထုနှက်လိုက်သည်။

ကျိရွှမ်၏လက်ရှိခွန်အားဖြင့် သူတော်စင်ဘုရင် လက်အရိုး၏ စွမ်းအားကို အပြည့်အဝ နှိုးဆွနိုင်မည်မဟုတ်ပေ။

ထို့အပြင် ယင်းက သူ့အရိုးမဟုတ်၍ ပြည့်စုံမှုမရှိနိုင်ပါချေ။

ကျွင်းရှောင်ယောက်အတွက်တော့ သူ၏ အနှိုင်းမဲ့အရိုးဟာ စနစ်မှရလာသောကြောင့် အပြည့်အဝ လိုက်ဖက်ညီမှုရှိသည်။

"ကျွင်းရှောင်ယောက်၊ မင်းစိတ်ထင်ရာ

လျှောက်ပြောမနေနဲ့ကွ၊ သူတော်စင်ဘုရင်အရိုးရဲ့
အဖျက်စွမ်းအားကို မင်းမသိနိုင်ဘူး"

ကျိရှမ်ဟာ စော်ကားခံရသကဲ့သို့ ခံစားရ၍
ဒေါသထွက်သွားသည်။

သူက လက်သီးချက်ထုတ်ဖော်လိုက်သောအခါ
သူတော်စင်ဘုရင်လက်အရိုးမှစွမ်းအားများ
စီးဝင်လာကာ အလွန်ကြမ်းတမ်းသွား၏။

သူ့လက်သီးချက်တွင် ကျိမိသားစု၏
နတ်ဘုရားသိုင်းဖြစ်သော
ဘုရင်လမ်း၏လက်သီးစွမ်းအားများ ပါဝင်နေခဲ့သည်။

ကျွင်းရှောင်ယောက်ကလည်း ဧကရာဇ်တံဆိပ်တော်ကို
ကိုင်ထားကာ ဧကရာဇ်တစ်ပါးကဲ့သို့ ပုံရိပ်ကြီးတစ်ခု
ထွက်ပေါ်လာ၏။

တံဆိပ်တော်ကို ပေါက်ကွဲလိုက်သည်နှင့်
အဖျက်စွမ်းအားက အဆမျှားစွာ တိုးလာသည်။

တိုက်ခိုက်မှုနှစ်ခု တွေ့ဆုံသောအခါ ကျယ်လောင်သော
ပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့သည်။

ဤတစ်ခေါက်တွင် ကျွင်းရှောင်ယောက်က နတ်ဆင်
အနှိုင်းမဲ့ခွန်အားကို အသက်သွင်းထား၏။
ဆင်အမှုန်များ ပေါက်ကွဲထွက်လာသည်နှင့်
ကမ္ဘာကြီးတစ်ခုလုံးကိုပင် ဖျက်ဆီးနိုင်ပုံ ရသည်။

"ဝုန်း"
ကျယ်လောင်သော ပေါက်ကွဲသံဟာ ပတ်ဝန်းကျင်သို့
ပျံ့လွင့်သွားခဲ့သည်။

ဤအတွက် ရတနာသိုက်အတွင်းပိုင်းတစ်ခုလုံး တုန်ခါသွားခဲ့ရ၏။

ပေါက်ကွဲမှုအပြီးတွင် လူရိပ်တစ်ခုက ထပ်မံ လွင့်သွားပြန်ရ၏။

၎င်းက ကျိရှမ်။

ဤတစ်ကြိမ်တော့ ကျိရှမ်မခံနိုင်တော့ဘဲ နှုတ်ခမ်းထောင့်မှ သွေးများပင် စီးကျလာသည်။

သူဟာ ကျွင်းရှောင်ယောက်၏ ပထမလက်သီးကို ခုခံနိုင်သော်လည်း ဒုတိယတိုက်ခိုက်မှုကိုတော့ မခံနိုင်တော့ပေ။

"ဒါ၊ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ကျို့ရှမ်ဟာ တုန်ရီနေသော ညာလက်မောင်းကို ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်လိုက်၏။ သူ့လက်ချောင်းများ အရိုးကွဲသွားပုံရကာ သူ့လက်တစ်ခုလုံး တုန်ခါနေတော့သည်။

"နတ်ဘုရားသားတော်ဆိုတဲ့အတိုင်းပါပဲလား..."

ကျွင်းကျန်းကျန့်နှင့် ကျွင်းရွယ်ဟွမ်တို့ မျက်နှာပေါ်တွင် လေးစားမှုများ ဖြစ်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ကို မရှုံးနိမ့်မှန်း သိထားသော်လည်း ဤမျှ ကြောက်စရာဖြစ်မည်ဟု ထင်မထားခဲ့ပေ။

နောက်ဆုံးတွင်ကား တိုက်ကွက် နှစ်ကွက်သာ

ရှိသေးသည်။

"ဒီနတ်ဘုရားသားတော်ကို စိန်ခေါ်ရတာ ဘယ်လောက်မိုက်မဲတယ်ဆိုတာ သိပြီလား"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ကာ ပြောလိုက်သည်။

“မင်း...”

ကျိရွှမ် တိတ်ဆိတ်သွား၏။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက ဤမျှကြောက်စရာကောင်းမည်ဟု ထင်မထားခဲ့ပေ။

ယင်းကိုတွေးရင်း ကျိရွှမ် မျက်လုံးမှိတ်လိုက်သည်။

သူ့အရှုံးမပေးချင်ပေ။

ကျိုရှမ်က သူ့လက်ကို တိတ်တဆိတ်လှုပ်ကာ
သတ္တုပြားတစ်ခုကို ထုတ်ယူလိုက်၏။

ချက်ချင်းပင် သေခြင်းရှင်ခြင်း သံသရာစက်ဝိုင်းက
တိတ်တဆိတ်လည်ပတ်လာသတော့သည်။

"ကျွင်းရှောင်ယောက်၊ ငါ့လက်သီးကို ခံစားကြည့်စမ်း"

-------------

အခန်း ( ၇၀ ) အနှိုင်းမဲ့အရှိုး လှုပ်ရှားလာခြင်း၊
ကျိုရှမ်ကို ဖိနှိပ်နေဆဲပင်၊ နောက်ဆုံး ကစားပွဲ

ကျွန်ုပ်က လက်သီးချက်ကိုသာ
ထပ်မံထုတ်ဖော်လိုက်ခြင်းဖြစ်သော်လည်း
အင်အားကတော့ မတူပေ။

ဤလက်သီးချက်တွင် သေခြင်းရှင်ခြင်းဆမ်ဆာရာ၏
အငွေ့အသက်များပါဝင်နေပြီး
ဘုရင်လမ်းလက်သီးထက် အများကြီး ပိုသန်မာသည်။

ကျွင်းရွယ်ဟွမ်၊ ကျွင်းကျန်းကျန့်နှင့်
တခြားသူများလည်း ဤလက်သီးမှ အန္တရာယ်ကို
ခံစားလာရ၏။

"နတ်ဘုရားသားတော် သတိထား"

"ရှောင်ယောက်၊ ဂရုစိုက်"

ကျန်းစန်းယီတို့ သုံးယောက်စလုံး
အော်ဟစ်လိုက်ကြသည်။

ကျွင်းရှောင်ယောက်ပင် ဤလက်သီးချက်နှင့်
ကျိုရွှမ်အား အံ့အားသင့်စွာ ကြည့်လိုက်၏။

အကြောင်းမှုကား ဤလက်သီးချက်ကြောင့်
အနှိုင်းမဲ့အရိုး တုန်ခါသွားသည်ကို
ခံစားလိုက်ရသောကြောင့်ပင်။

'ဘာဖြစ်တာလဲဟ၊ ကျိုရွှမ်ရဲ့ လက်ထဲက အရာက ငါ့ရဲ့
အနှိုင်းမဲ့အရိုးနဲ့ တစ်နည်းနည်း ဆက်စပ်နေတာလား'
ကျွင်းရှောင်ယောက်ဟာ စိတ်ထဲမှ တွေးလိုက်သည်။

အနှိုင်းမဲ့အရိုးဟာ ကပ်ဘေးအလင်းစွမ်းအားကို လုံးဝ နိုးထခဲ့ပြီးပြီ ဖြစ်သည်။

သို့သော်လည်း အနှိုင်းမဲ့အရိုးမှ စွမ်းအားဟာ ထို့ထက် ပိုနိုင်ပေ၏။

ယခုလည်း သေခြင်းရှင်ခြင်းဆမ်ဆာရာစက်ဝိုင်း၏ ထိုးနှက်မှုကို ခံစားရပြီးနောက် အနှိုင်းမဲ့အရိုးဟာ အမှန်တကယ် တုံ့ပြန်လာခဲ့ပြီ ဖြစ်သည်။

'စိတ်ဝင်စားစရာပဲ'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက အရောင် တောက်ပလာသည်။ သူ့လက်သီးကို တဖြည်းဖြည်း ဆုပ်လိုက်၏။

တချိန်တည်းမှာပင် ဆင်အကောင်ခုနစ်သောင်း၏

စွမ်းအင်များအား ပေါက်ကွဲစေလိုက်သည်။

သူဟာ ဘိုးဘေးနဂါးသိုက်မှ နတ်ဘုရားစွမ်းရည်
နနဂါးလက်သီးသိုင်းကို ထုတ်ဖော်လိုက်၏။

တချိန်တည်းမှာပင် ရှောင်ချန်း၏ နဂါးချီမှရသော
မိုးပြာနဂါးချပ်ဝတ်ဖြင့် သူ့လက်ကို
ရစ်ပတ်လွှမ်းခြုံလိုက်သည်။

ဤအခိုက်တွင် သူ့ခွန်အားက
ကြောက်စရာအဆင့်တစ်ခုသို့ ရောက်ရှိလာ၏။

သူက လက်သီးချက် ထုတ်ဖော်လိုက်တွင် လေထုပင်
ဝုန်းခနဲ ပြိုကျသွားတော့သည်။

ယင်းက အံ့သြစရာကောင်းလှသည်။

"ဖျက်ဆီးခြင်းလက်သီး"

ယင်းကိုမြင်သောအခါ ကျို့ရှမ်ကလည်း
လက်သီးချက်ကို အပြင်းအထန်
ပေါက်ကွဲစေလိုက်၏။

သူ၏ စွမ်းအင်များကိုလည်း သူတော်စင်ဘုရင်
အရိုးအတွင်းသို့ သွန်းလောင်းထည့်လိုက်သည်။

ထိုအခါ သူတော်စင်ဘုရင်၏ အရှိန်အဝါများ
ထွက်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူကိုင်ထားသောသတ္တုကြလည်း
သေခြင်းရှင်ခြင်း ဆမ်ဆာရာ၏ စွမ်းအင်များအား

သယ်ဆောင်လာသည်။

"ဝုန်း"

ဂုဏ်းက ကြယ်ပျံနှစ်စင်း
ထိပ်တိုက်တွေ့ဆုံသွားသကဲ့သို့ပင်။ လက်သီးချက်များ
တွေ့ဆုံသည်နှင့် ပေါက်ကွဲမှုလှိုင်းနှင့်အတူ
အက်ကြောင်းများက မြေပြင်တွင် ဆက်တိုက်
ဖြစ်ပေါ်လာသည်။

ဤတိုက်ခိုက်မှုက အလွန်ပြင်းထန်ကာ
ကျိုးရှမ်သွေးများ အန်ထွက်သွား၏။

လက်ကောက်ဝတ်အရိုးကျိုး၍
ကြီးမားသောခွန်အားကို မခံနိုင်သကဲ့သို့
သွေးကြောများလည်း ပေါက်ထွက်ကုန်တော့သည်။

တချိန်တည်းမှာပင် သူ့လက်ထဲမှ သတ္တုပြားကိုလည်း မကိုင်နိုင်ဘဲ လွှတ်ချပေးလိုက်ရသည်။

ထိုအခါ ကျွှင်းရှောင်ယောက်က ဖမ်းယူသွား၏။

"ကျွှင်းရှောင်ယောက်၊ ငါ့ဟာပြန်ပေးစမ်း"

ကျို့ရွှမ်ဟာ အဆောက်အဦးအတော်များများကို ဖောက်ထွက်သွားပြီးမှ အရှိန်ရပ်သွားသည်။

သူဟာ နာကျင်မှုကြောင့် သွေးအန်ရင်း အလွန်ဒေါသထွက်သွားခဲ့သည်။

သူအစွမ်းကုန် ကြိုးစားသည့်တိုင် ကျွှင်းရှောင်ယောက်၏ပြိုင်ဘက် မဟုတ်ဘဲဖြစ်နေမည်ဟု ထင်မထားခဲ့ပေ။

သူ၏ အရေးကြီးဆုံးအရာပင် ဆုံးရှုံးလိုက်ရပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ သူ့ကိုဂရုမစိုက်ဘဲ သတ္တုပြားလေးကိုသာ စစ်ဆေးကြည့်လိုက်၏။

ဤတစ်ကြိမ်တွင် သူ့ရင်ဘက်မှ အနှိုင်းမဲ့အရိုးက မတူညီသောဆန္ဒများကို ထုတ်ဖော်လာသည်။

'ဒါက သတ္တုပြားလား၊ ဆမ်ဆာရာတာအိုရွှေလား' ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်သည်။

သူသည် ရှေးဟောင်းမိသားစုမှ ဆင်းသက်လာသူဖြစ်ရာ မြင်နိုင်စွမ်းက ထူးကဲ၏။

အဖိုးမဖြတ်နိုင်ဘဲ ထူးကဲသော ရှားပါးရတနာ
အမျိုးမျိုး သူမြင်ဖူးသည်။

ဆမ်ဆာရာတာအိုရှေ့က အင်မော်တယ်သတ္တုဖြစ်ပြီး
ဧကရာဇ်လက်နက်များကို ထုလုပ်နိုင်သောကြောင့်
အလွန်ရှားသည်။

လက်သည်းခွံအရွယ် ဆမ်ဆာရာတာအိုရှေ့ပင်
အလွန်ရှားပါးလွန်း၏။

ကံမကောင်းစွာဖြင့် ဤဆမ်ဆာရာတာအိုရှေ့ဟာ
စွမ်းအင်သိပ်မကျန်တော့ပေ။

ဤလက်သီးချက်တွင် ကျိရှွမ်က
ဆမ်ဆာရာတာအိုရှေ့စွမ်းအင်များအား

ထုတ်ဖော်အသုံးပြုခဲ့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်အရှေ့တွင်
နိမ့်ကျနေဆဲပင်။

"ကျိရှမ်၊ မင်းမှာ ဒီလိုပစ္စည်းမျိုးတောင် ရှိထားတာပဲ"
ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး
ပြောလိုက်သည်။

"ငါ့ကိုပြန်ပေးပါ"
ကျိရှမ်မျက်နှာက သုန်မှုန်သွားသည်။

ထိုစဉ် ကျန်းစန်းယီက ဝင်ပြောလာ၏။
"မြင့်မြတ်ဝိညာဉ်အကယ်ဒမီမှာ ရှေးခေတ်က
မြင့်မြတ်ဝိညာဉ်ရဲ့ ပြန်လည်ဝင်စားခြင်း

အကြွင်းအကျန်တွေရှိတယ်လို့ ငါကြားဖူးတယ်။
ဒီဆမ်ဆာရာတာအိုရှေ့က တကယ့် သေးငယ်တဲ့
အစိတ်အပိုင်းတစ်ခုပဲ"

"အိုး၊ ဒီလိုကိုး"
ကျွင်းရှောင်ယောက် အံ့သြသွား၏။

သို့သော်လည်း ကျိရွှမ်ဟာ မြင့်မြတ်သော
ဝိညာဉ်အကယ်ဒမီ၏ မြင့်မြတ်ကလေးငယ်ဖြစ်သည်။

သူ့အတွက်
ဆမ်ဆာရာတာအိုရှေ့အစိတ်အပိုင်းတစ်ခုရရန်က
မဖြစ်နိုင်တာ မဟုတ်ပေ။

'ကြည့်ရတာ အနာဂတ်မှာ
မြင့်မြတ်သောဝိညာဉ်အကယ်ဒမီကို

ငါသွားရဦးမယ့်ပုံပဲ၊ ဒါက ငါ့အနိုင်းမဲ့အရိုးရဲ့
အသွင်ကူးပြောင်းမှုနဲ့ ဆက်စပ်နေနိုင်ပုံရတယ်'
ကျွင်းရှောင်ယောက်ဟာ စိတ်ထဲမှ တွေးလိုက်သည်။

ထို့နောက် ကျိုရှွမ်ကိုပြန်ကြည့်ကာ ပြောလိုက်၏။
"ဟမ့်၊ ဒါကို ရတနာတဲ့လား။ ဒီနတ်ဘုရားသားတော်က
ဒီလိုအမှိုက်မျိုးကို မသုံးဘူး"

ထို့နောက် ဆမ်ဆာရာတာအိုရွှေကို
အမှုန့်ချေပစ်လိုက်၏။

စွမ်းအင်ကုန်ဆုံးသွားသော ဆမ်ဆာရာတာအိုရွှေက
ဖျက်ဆီးရ မခက်ခဲပေ။

ကျိုရှွမ်၏မျက်နှာက ဒေါသကြောင့် နီရဲသွားသည်။

သူဟာ ဤမျှအရှက်ရစရာမျိုး တစ်ခါမျှ မကြုံဖူးပေ။

သို့ရာတွင် တချိန်တည်းမှာပဲ ဒေါသတရားနှင့်
ခွန်အားမဲ့မှုကို ခံစားလိုက်ရ၏။

ဤမတိုင်မီက ကျွင်းရှောင်ယောက်ကို
အနိုင်မရလျှင်ပင် အနည်းဆုံး ဒဏ်ရာရစေနိုင်ဖို့
တွေးထားခဲ့မိသည်။

သို့သော် အမှန်တရားဟာ အလွန်ခါး၏။

သူနှင့် ကျွင်းရှောင်ယောက်ကြားတွင် ကြီးမားသော
ကွာဟချက်များ ရှိနေဆဲပင်။

'မဟုတ်ဘူး၊ ငါမရှုံးသေးဘူး။
ရတနာသိုက်တစ်ခုလုံးက
ငါ့ထိန်းချုပ်မှုအောက်မှာရှိနေတုန်းပဲ၊ ဒီရတနာကို
ရနိုင်ရင် နောင်အနာဂတ်မှာ ကျွင်းရှောင်ယောက်ကို
ကျော်ဖို့ဆိုတာက မဖြစ်နိုင်တာ မဟုတ်ဘူး'

ယင်းကိုတွေးပြီးနောက် ကျိုရွှမ်ဟာ ဝမ်းသာအားရ
ဖြစ်လာပြန်သည်။

ထို့နောက် ရှေးဟောင်းအဆောင်ကိုထုတ်ယူကာ
စွမ်းအင်သွန်းလောင်းလိုက်၏။

ထိုအခါ အနက်ရောင်မျှော်စင်ကို ဗဟိုပြု၍
ကြယ်တာရာများကဲ့သို့ ဝင်္ကပါ အမှတ်အသားများက
ချက်ချင်း ဖြစ်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် မြေပြင်က တုန်ခါသွား၍

ရာနှင့်ချီသော အလောင်းကောင်များ
ထွက်ပေါ်လာကြသည်။

၎င်းတို့က ရှေးဟောင်းအဆောင်ရှိသော ကျို့ရွှမ်ကို
ပစ်မှတ်မထားပေ။ ထိုအစား ကျွင်းရှောင်ယောက်နှင့်
အခြားသူများထံ တိုက်ရိုက် ဝင်ရောက်သွား၏။

ဤနေရာတွင် တခြားပါရမီရှင်ဆိုပါက
ဤမြင်ကွင်းကိုမြင်သောအခါ သေသည်အထိ
ကြောက်လန့်နေလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က
တည်ငြိမ်နေဆဲပင်။

"ဒါ မင်းရဲ့ယုံကြည်မှုလား"

ကျွင်းရှောင်ယောက် ဂရုမစိုက်ပေ။

"ဟမ့်၊ ကျွင်းရှောင်ယောက် ဒီလက်ဆောင်ကို လက်ခံထားလိုက်ပါဦး။ မင်းနဲ့ငါ နောင်မှ ထပ်တွေ့ကြသေးတာပေါ့"

ကျိုရွှမ်က ပြောဆိုကာ မျှော်စင်အတွင်းသို့ လှည့်ဝင်ပြေးသွားသည်။

"ရယ်စရာပဲ"

ကျွင်းရှောင်ယောက်က လှောင်ပြောင်ကာ သူ့လက်ကို မြှောက်လိုက်၏။

ထို့နောက်တော့ သန်မာသော ဓားစွမ်းအင်နှင့် ဩချလောက်စရာဓားစိတ်ဆန္ဒများဟာ ကျွင်းရှောင်ယောက် ခန္ဓာအတွင်းမှ ဖြာထွက်လာတော့သည်။

အင်မော်တယ် နတ်ဘုရားပုရိပ်နှင့် ကောင်းကင်ကို
ခွဲထုတ်နိုင်ပုံရသော ဓားအလင်းဟာ ကောင်းကင်ယံသို့
ဖြာထွက်လာခဲ့သည်။

ဓားအလင်း ဖြတ်သန်းသွားရာလမ်းတစ်လျှောက်ရှိ
အလောင်းကောင်များဟာ
တိုက်ရိုက်သေဆုံးသွားရ၏။

ဤအလောင်းကောင်များဟာ မူလခွန်အား
မရှိကြသော်လည်း ကောင်းကင်တံတားနယ်ပယ်
ကျင့်ကြံသူများကို အသက်အန္တရာယ်
ခြိမ်းခြောက်နိုင်ဆဲပင်။

ယခုတော့ ဤအလောင်းကောင်များဟာ
ကျွင်းရှောင်ယောက်လက်ထဲ၌ အလွယ်တကူ

သေဆုံးခဲ့ရပြီ ဖြစ်သည်။

မျှော်စင်အတွင်းသို့ ဝင်သွားသော ကျိရှမ်လည်း ဤမြင်ကွင်းကိုမြင်သောအခါ သူ့နောက်ကျောမှ ချွေးများ စီးကျလာ၏။

သူနှင့် တိုက်ခိုက်စဉ်ကသာ ဤအင်မော်တယ်သတ်ဓားကို သုံးခဲ့ပါလျှင်...

"ငါရိတ်သိမ်းချင်တဲ့ ကြက်သွန်မြိတ်က ငါ့လက်ကနေ ဘယ်လိုလွတ်နိုင်မှာလဲ"

ကျွင်းရှောင်ယောက်၏ နောက်ကျော၌ နတ်ဆိုးတောင်ပံများ ထွက်ပေါ်လာသည်။ သူက မျှော်စင်ကို အလျင်အမြန် ပျံသန်းသွား၏။

ယင်းကိုမြင်သောအခါ ကျိရှမ်လည်း ကျိမိသားစု၏

ကိုယ်ဖော့နတ်ဘုရားစွမ်းရည်ကိုသုံးကာ
မျှော်စင်ထိပ်သို့ ပြေးတက်သွားတော့သည်။

အနိုင်ရသူက ဘုရင်ဖြစ်ကာ ရှုံးနိမ့်သူဟာ
သူပုန်ဖြစ်၏။

ဤသည်ကား နောက်ဆုံး ကစားပွဲပင်တည်း။

-------------

အခန်း ( ၇၁ ) အဓိပဓိအလောင်းကောင် ထွက်လာပြီ၊
အကျပ်အတည်းကြီးတစ်ခု

အနက်ရောင် မျှော်စင်ထဲတွင် မြူခိုးများက ထူထဲစွာ
ရှိနေသည်။

ဤနေရာတွင် မီးခိုးရောင်မြူခိုးများက
သိပ်သည်းလွန်းသောကြောင့် အနက်ရောင်သို့ပင်
ပြောင်းလဲသွားခဲ့ပုံ ရ၏။

ကျို့ရွှမ်ဘက်တွင်ကား ညာလက်ရုံးမှ
သူတော်စင်ဘုရင်အရိုး၏ ကာကွယ်ပေးမှုဖြင့်
မြူနက်များက အနားမကပ်နိုင်ပေ။

သူ့အနောက်မှာတော့ ကျွင်းရှောင်ယောက်က
မျှော်စင်အတွင်းသို့ ပြေးဝင်လိုက်လာသည်။

ကျန်းစန်းယီနှင့် တခြားသူများကတော့
အလောင်းကောင်များကိုကိုင်တွယ်ရန်
ကျန်ရစ်ခဲ့ကြ၏။

ခဏအကြာတွင် ကျို့ရှမ်က မျှော်စင်ထိပ်သို့
အမြန်ပြေးတက်သွားခဲ့သည်။

မျှော်စင်ထိပ်တွင် ရာချီသော ရွှေကြိုးများဖြင့်
ချည်နှောင်ထားသည့် အမည်းရောင်
ခေါင်းတလားကြီးတစ်လုံး ရှိနေသည်။

ခေါင်းတလားအတွင်းမှ
အဓိပတိအရှိန်အဝါများကလည်း
ထွက်ပေါ်လျက်ရှိ၏။

အဓိပဓိယွမ်ထျန်း ရတနာသိုက်၏
အရှိန်အဝါများကလည်း ဤခေါင်းတလားမှ
စတင်ခဲ့ခြင်းပင် ဖြစ်သည်။

"နောက်ဆုံးတော့ ရောက်ပြီ၊ ဒါက

ရှေးဟောင်းစာအုပ်ထဲကအတိုင်း ကွက်တိပဲ"
ကျို့ရွှမ် အသက်ပြင်းပြင်းရှူလိုက်သည်။

သူဟာ စိတ်အားထက်သန်နေသကဲ့သို့
စနိုးစနောင့်လည်း ဖြစ်နေသည်။

မှတ်တမ်းများသာ မှန်ကန်ပါက ရတနာသည်
ဤခေါင်းတလားအတွင်း၌သာ ရှိရမည်။

သို့ရာတွင် ကျို့ရွှမ် အနည်းငယ်တုံ့ဆိုင်းနေမိသည်။

မီးခိုးရောင်မြူ၏ အရင်းအမြစ်သည်လည်း
ဤခေါင်းတလားမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

သို့ဖြစ်ပေရာ ဤအခေါင်းထဲတွင် တစ်စုံတစ်ခု

ပြောင်းလဲနေမည်အား ငတုံးတစ်ယောက်ပင် နားလည်နိုင်၏။

ယင်းကို ဖွင့်လိုက်လျှင် အကျိုးဆက်က မှန်းဆမရနိုင်ပေ။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ ပုံရိပ်က ရုတ်တရက် ထွက်ပေါ်လာသည်။

၎င်းက အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ မြူခိုးများမှ ကင်းလွတ်နေသည်။ သူ့အသွင်ဟာ ညှိုးနေရာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိနေပုံရ၏။

မြင့်မြတ်သော အရှိန်အဝါများနှင့် ခေါင်းတလားကိုမြင်သောအခါ

ကျွင်းဆရာင်ယောက်လည်း အနည်းငယ်
အံ့ဩသွားကာ မျက်ခုံးပင့်လိုက်မိသည်။

'ပုံစံအရတော့ ဒီခေါင်းတလားထဲမှာ
အဓိပတိအလောင်း ရှိသင့်တယ်၊ ဒါပေမယ့် ဘာဖြစ်လို့
ရွှေကြိုးတွေနဲ့ ချည်နှောင်ထားရမှာလဲ'
ကျွင်းရှောင်ယောက်စိတ်ထဲတွင် ပဟေဋ္ဌိဖြစ်နေမိ၏။

ထိုရွှေကြိုးများကလည်း တားမြစ်ချက်နှင့် ပိုတူသည်။

ဤထူးဆန်းသော မီးခိုးရောင်မြူများနှင့်
ဆက်စပ်ပြီးသောအခါ သူ့နှလုံးသားထဲတွင်
အကြမ်းဖျင်း ခန့်မှန်းချက်တစ်ခု ရလာခဲ့၏။

သို့သော်လည်း ကျိရွှမ်ကို လှည့်ကြည့်ချိန်မှာတော့

အေးစက်စက်သူ့မျက်နှာက အပြောင်းအလဲမရှိပေ။

"မင်းမှာ ဒီနတ်ဘုရားသားတော်ကို ခုခံနိုင်စွမ်းရှိမယ်လို့ ထင်နေသေးတာလား"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"ကျွင်းရှောင်ယောက်၊ ငါက ဒီကိုလာခဲ့ကတည်းက အပြည့်အဝ ပြင်ဆင်လာခဲ့တာကွ၊ အခု အဆင်သင့်ဖြစ်နေပြီ။ မင်းက အရာရာကို တကယ်ပဲ ထိန်းချုပ်နိုင်မယ်လို့ ထင်နေတာလား"

ကျိရွှမ်က အော်ဟစ်ကာ ရှေးဟောင်းအဆောင်ထဲသို့ စွမ်းအင်ပို့လွှတ်လိုက်သည်။

ရှေးဟောင်းအဆောင်မှ ရွှေရောင် အလင်းအက္ခရာများ ရုတ်တရက် ထွက်ပေါ်လာ၏။

ခေါင်းတလားကို ချည်နှောင်ထားသည့် ရာနှင့်ချီသော
ရွှေကြိုးများကလည်း တဝမ်ဝမ်ဖြင့်
တုန်လှုပ်လာတော့သည်။

ခေါင်းတလားတစ်ခုလုံးကလည်း အော်မြည်သံများ
ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်ကတော့ ဝင်ရောက်စွက်ဖက်ရန်
ရည်ရွယ်ချက်မရှိဘဲ နေရာတွင် ရပ်နေဆဲပင်။

ယင်းကြောင့် ကျွင်းရှောင်ယောက်
အလွန်အံ့အားသင့်သွားကာ မေးလိုက်မိသည်။
"ကျွင်းရှောင်ယောက်၊ မင်းငါ့ကိုမတားဘူးလား"

"တားမယ်၊ ဘာဖြစ်လို့ တားရမှာလဲ။ မင်းက ရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာမှတော့ ရတနာရှာဖို့ပဲ ဖြစ်ရမယ်"

"နောက်ပြီး ဒီနတ်ဘုရားသားတော် ခန့်မှန်းတာမမှားရင် အဲတာက ဒီခေါင်းတလားထဲမှာပဲ"

ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

ထိုအခါ ကျိုရွှမ်၏ မျက်နှာအမူအရာက အေးခဲသွားသည်။ တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်ကိုကြည့်ကာ နက်ရှိုင်းသော ကြောက်ရွံ့မှုများ လျှို့ဝှက်စွာ ထွက်ပေါ်လာ၏။

ခွန်အားမှလွဲ၍ ဘာမှမရှိသော ပါရမီရှင်ဟာ ကြောက်စရာမကောင်းပေ။

တစ်ချိန်တည်းတွင် ခွန်အားကော ဉာဏ်ပညာပါ ကြီးမားသည့်ပါရမီရှင်ကမှ ကြောက်စရာ အကောင်းဆုံးဖြစ်သည်။

ယခုတော့ ကျွင်းရှောင်ယောက်ဟာ ထိုသို့သောလူတစ်ယောက်ဆိုတာ သံသယဖြစ်စရာမရှိတော့ပေ။

ကျိုရွှမ်၏ အတွေးအားလုံးကို ကျွင်းရှောင်ယောက်က ခန့်မှန်းထားနိုင်သည်။

ဟမ့်၊ ဒါဆိုရင် မင်းက ငါ့ အခွင့်အရေးကောင်းယူသွားမှာကို ကြည့်ချင်လို့လား"

ကျိုရွှမ်က အေးစက်စက်ဖြင့် အော်ဟစ်လိုက်၏။

"ငါက ငါကိုယ်တိုင်လုပ်ရတာကို မကြိုက်ဘူး။
မင်းလုပ်ပြီးမှ ငါ တိုက်ရိုက်ဖမ်းယူလိုက်မယ်ဆိုရင်
ပိုမကောင်းဘူးလား"

ကျွင်းရှောင်ယောက်ဟာ ပေါ့ပေါ့ပါးပါး
ပြုံးလိုက်သည်။

ယင်းကိုကြားသောအခါ ကျိရွှမ်၏မျက်နှာက
မည်းပြာကာ ခရမ်းရောင်ပင် ပြောင်းသွား၏။

ကျွင်းရှောင်ယောက်ကို
မရိုက်နိုင်သေးသောကြောင့်သာ မဟုတ်လျှင်
အစောကြီးကတည်းက ထထိုးပြီးချေပြီ။

'ဟမ့်၊ ငါ့မှာက ငါ့ကိုယ်ငါ ကာကွယ်ဖို့
ရှေးဟောင်းအဆောင်ရှိတယ်ကွ။ ခဏ္ဍကြာမှ မင်း

တကယ်သနားစရာ ကောင်းလိမ့်မယ်'
ကျွန်ုပ်ဟာ စိတ်ထဲမှ အေးစက်စက်ဖြင့်
တွေးလိုက်သည်။

ထိုအချိန်တွင် ရာနှင့်ချီသော ရွှေကြိုးများ
လုံးဝပြတ်တောက်သွား၏။

ခဏချင်းမှာပဲ ခေါင်းတလားအဖုံးက
ပေါက်ကွဲသွားကာ ကြောက်စရာကောင်းသော
အနက်ရောင် မြူခိုးများကလည်း အလုံးအရင်းဖြင့်
ထွက်ပေါ်လာတော့သည်။

တစ်ချိန်တည်းမှာပင် အလွန်ဆိုးရွားသော
အရှိန်အဝါနှင့် စနိုးစနောင့်ခံစားချက်များလည်း
ပိုသန်မာလာသည်။

အသေးစိတ်အချက်အလက်တချို့ကိုသိသော ကျိပင်လျှင် အလွန်စိုးရိမ်လာမိ၏။

ဆန့်ကျင်ဘက်တွင် ကျွင်းရှောင်ယောက်က မျက်ခုံးကိုသာ အနည်းငယ်ပင်ကာ တည်ငြိမ်စွာဖြင့် ရှိနေသည်။

ထိုအချိန်တွင် အနက်ရောင် မြူခိုးများထဲမှ ပုံရိပ်တစ်ခု ထွက်ပေါ်လာသည်။

၎င်းက စတုရန်းပုံ ရွှေရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားကာ ကြီးကျယ်ခမ်းနားသော အသွင်ပြင်ရှိ၏။

သူ့မျက်လုံးများတွင်ကား သွေးအလင်းများသာ ဖြာထွက်နေပြီး ဗလာကျင်းလျက်ရှိသည်။

၎င်းခန္ဓာကိုယ်ကို အလောင်းကောင်များကဲ့သို့ပင် အနက်ရောင် အမွေးရှည်များဖြင့် ဖုံးလွှမ်းထားသည်။

"ဒါက... အမိပမိယွမ်ထျန်းပဲ"

ကျွင်းရှောင်ယောက် ရေရွတ်လိုက်သည်။

အမိပမိယွမ်ထျန်းကို့ ပုဂ္ဂိုလ်ကျော်တစ်ဦးဟာ အဘယ်ကြောင့် ဤအခြေအနေသို့ ကျရောက်နေရလေသနည်း။

"ဂါး"

အလောင်းကောင်ဟာ သားရဲတစ်ကောင်ကဲ့သို့ ဟိန်းဟောက်လိုက်သည်။

အသံက အသံလှိုင်းအဖြစ်သို့ပြောင်းကာ
မျှော်စင်ထိပ်မှ ပျံ့နှံ့သွား၏။

ကျို့ရွမ်လည်း ဒူးများယိုင်ကာ ထိုင်ကျလုနီး
ဖြစ်သွားသည်။

ဤအရှိန်အဝါများဟာ အစွမ်းထက်လွန်း၏။
ယေဘုယျအားဖြင့် ကောင်းကင်တံတားနယ်ပယ်မှ
ကျင့်ကြံသူများဟာ ဤအရှိန်အဝါကို
ခံနိုင်မည်မဟုတ်ပေ။

အမိပမိယွမိထျန်းဟာ သေဆုံးသွားတာ
နှစ်ပေါင်းများစွာကြာ၍ အလောင်းဖြစ်နေချိန်၌ပင်
သန်မာနေဆဲ ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ယခင်အတိုင်းပင်။

ကျိုရှမ်၏ တုန်ရီနေသောအသွင်နှင့်ယှဉ်လျှင် မိုးနှင့်မြေကဲ့သို့ ကွာခြားလွန်းလှသည်။

"ဒါက အချိန်မရွေး သေသွားနိုင်တဲ့ အလောင်းတစ်လောင်းပဲ"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

မဟုတ်လို့ ယခင် အဓိပဓိယွမ်ထျန်းဆိုပါက ကျွင်းရှောင်ယောက်ဟာ ကောင်းကင်ကိုဆန့်ကျင်နေလျှင်သော်မှ ဘာမျှတတ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဤအဓိပဓိယွမ်ထျန်းဟာ သေဆုံးတာ နှစ်ပေါင်းများစွာကြာ၍ စွမ်းအင်များ ဆုံးရှုံးနေခဲ့ပြီ ဖြစ်သည်။

ထို့အပြင် အနက်ရောင်မြူခိုးများ၏
တိုက်စားမှုကြောင့် သူ့ခန္ဓာကိုယ်ကြံ့ခိုင်မှုဟာ
အလွန်အားနည်းနေခဲ့ပြီ။

ယခုအခါ ဤအလောင်းကောင်က မသေဆုံးမီ
အဓိပမိယွမ်ထျန်း ခွန်အား၏ တစ်သောင်းပုံ
တစ်ပုံသာရှိသည်။

သို့သော်လည်း တစ်သောင်းပုံ တစ်ပုံဆိုလျှင်ပင်
ယင်းက ကောင်းကင်တံတားနယ်ပယ် ကျင့်ကြံသူများ
ခံနိုင်သည့်အရာ မဟုတ်သေးပေ။

"ဂါး"

အဓိပမိအလောင်းကောင်က
အနီးဆုံးဖြစ်သောကျိရွှမ်ကို နီရဲရဲမျက်လုံးများနှင့်
အရင်ကြည့်လိုက်သည်။

ကျို့ရွှမ်လည်း လက်ထဲမှ ရှေးဟောင်းအဆောင်ကို
အမြန်ဆုပ်ကိုင်လိုက်၏။

ထိုအခါ အဓိပဓိအလောင်းက တစ်စုံတစ်ခုကို
နားလည်ဟန်ဖြင့် ကျွင်းရှောင်ယောက်ဘက်ကို
လှည့်သွားသည်။

"ဝုန်း"
အဓိပဓိအလောင်းဟာ ဘာမပြောညာမပြောနှင့်
စတင်တိုက်ခိုက်၏။

၎င်းက တိုက်ကွက်ထုတ်ဖော်လိုက်သည်နှင့်တပြိုင်နက်
လေထုပင် တုန်ခါလာရသည်။

ကျွင်းရှောင်ယောက် မျက်ခုံးပင့်လိုက်၏။

အဓိပဓိယွမ်ထျန်း၏ အင်အား
တစ်သောင်းပုံတစ်ပုံဟာ မည်မျှသန်မာမလဲဆိုတာကို
သူလည်း သိချင်နေမိသည်။

ကျွင်းရှောင်ယောက်က အနှိုင်းမဲ့နတ်ဆင်ခွန်အားကို
ထုတ်ဖော်လိုက်သောအခါ စကြာဝဠာတစ်ခုလုံးကို
ဖြိုချနိုင်စွမ်းရှိသော ရှေးဟောင်းနတ်ဘုရားကဲ့သို့
ပုံရိပ်ကြီးတစ်ခု ထွက်ပေါ်လာသည်။

ဂျင်သန်းခုနစ်ရာ ခွန်အားများကလည်း ခန္ဓာအတွင်းမှ
စီးဆင်းကာ ထွက်ပေါ်လာ၏။

ထို့အပြင် ကျွင်းရှောင်ယောက်က ဤတစ်ကြိမ်တွင်
ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုယ်၏ စွမ်းအားကိုပင်

အသက်သွင်းခဲ့သည်။

ထိုအခါ ရွှေရောင်သွေးနှင့် စွမ်းအင်များက တဟုန်ထိုး ထိုးတက်လာပြန်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာတွင် ယင်ဓာတ်မိစ္ဆာများကို ဖိနှိပ်နိုင်သော အကျိုးသက်ရောက်မှုရှိ၏။

လက်ရှိတွင် ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ချီ၊ သွေးများကြောင့် အလောင်းကောင်ဟာ ခွန်အားသုံးဆယ်ရာခိုင်နှုန်းထိ ဖိနှိပ်ခံလိုက်ရသည်။

ထိုမျှနှင့်မရပ်ဘဲ ကျွင်းရှောင်ယောက်ဟာ နဂါးအကြေးခွံများနှင့် နဂါးချပ်ဝတ်ကို ထပ်မံထုတ်ဖော်လိုက်သည်။

အနှိုင်းမဲ့နတ်ဆင်ခွန်အားကို
အသက်သွင်းပြီးသောအခါ
မြေအောက်အကာကွယ်ကိုလည်း
ပေါင်းစည်းလိုက်၏။

တချိန်တည်းမှာပင် ကျွင်းရှောင်ယောက်က
ဘယ်ဘက်လက်ဖြင့် ဧကရာဇ်တံဆိပ်တော်ကိုကိုင်ကာ
ညာလက်ဖြင့် နဂါးလက်သီးအား
ထုတ်ဖော်ထားလိုက်သည်။

လက်ရှိတွင် ကျွင်းရှောင်ယောက်က သူ၏
အသန်မာဆုံး ခုခံမှုနှင့် ကာကွယ်မှုကို
တပြိုင်နက်တည်း ထုတ်ဖော်လိုက်သည်ဆိုက
မမှားပေ။

ဤအခြေအနေထိ သူလှုပ်ရှားရတာ အလွန်ရှားး၏။

မျှော်စင်အပြင်ဘက်မှ ကျန်းစန်းယီနှင့်
အခြားသူများလည်း ဤကြောက်မက်ဖွယ်
အပြောင်းအလဲကို သတိပြုမိသွားသည်။

"အမိပမိအရှိန်အဝါ၊ ဒါက အမိပမိအလောင်းကောင်ပဲ"
ကျန်းစန်းယီ၏ မျက်နှာအမူရာက ရုတ်တရက်
ပြောင်းလဲသွားသည်။

အမိပမိအလောင်းကောင်က မျိုးဆက်သစ်များ
ယှဉ်ပြိုင်နိုင်သောအရာ မဟုတ်ပေ။

တချို့နတ်မီးတောက်နယ်ပယ်ရှိ မျိုးဆက်ဟောင်းမှ
အကြီးအကဲတချို့အတွက်ပင် ယင်းက

မလွယ်ကူသေးပါချေ။

"နတ်ဘုရားသားတော်"

အားလုံး မျက်နှာအမူအရာ ပြောင်းလဲသွား၏။

ကျွင်းရှောင်ယောက်ကို အဓိပဓိအလောင်းကောင်နှင့် ရင်ဆိုင်နေရမည်ဟု ထင်မထားခဲ့ပါချေ။

သူတို့စိတ်ထဲတွင် ယင်းက မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။

"ဒီကျွင်းရှောင်ယောက်က အဓိပဓိအလောင်းကောင်နဲ့ ယှဉ်ပြိုင်ဖို့ ကြိုးစားနေတယ်ဆိုတော့ တကယ်ပဲ ရူးသွပ်နေပြီလား"

ကျိရှမ် အလွန်အံ့အားသင့်သွားသည်။ ထို့နောက်

သူ့နှုတ်ခမ်းဟာ လှောင်ပြောင်သရော်ဟန်ဖြင့် တွန့်ကွေးသွားခဲ့သည်။

ကျွင်းရှောင်ယောက်နှင့်ရင်ဆိုင်ရင်း သူဟာ အမှန်တကယ် စိတ်ဓာတ်ကျနေခဲ့ရ၏။

ယခုတော့ ကျွင်းရှောင်ယောက်၏ အဖြစ်ဆိုးကို မြင်တွေ့နိုင်တော့မည်။

"ဝုန်း"

ကျန်းစန်းယီ၊ ကျိရွှမ်၊ ကျွင်းဝမ်ကျဲနှင့် တခြားသူများ၏ မျက်စိအောက်တွင်...

ကျွင်းရှောင်ယောက်က အဓိပဓိအလောင်းကောင်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ထိုအခါ တော်လဲသံကဲ့သို့ အသံကျယ်ကြီးများ ထွက်ပေါ်လာ၏။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ရွှေရောင်အလင်းများနှင့် အလောင်းကောင်၏ ကြောက်စရာအရှိန်အဝါများဟာ ပတ်ဝန်းကျင်သို့ ဖြာထွက်လာတော့သည်။

-------------

အခန်း ( ၇၂ ) အဓိပဓိအလောင်းကို ခက်ခက်ခဲခဲ ခုခံခြင်း၊ ကျိုရှမ် ရှုံးသွပ်သွားသည်

ဤတိုက်ခိုက်မှုက ကြယ်ပျံနှစ်စင်း တိုက်မိသကဲ့သို့ဖြစ်ကာ အလွန်ကြောက်စရာကောင်းသည်။ ရတနာသိုက်

အတွင်းပိုင်းတစ်ခုလုံးတွင် ကြောက်မက်ဖွယ်
လေလှိုင်းများဖြင့် ပြည့်နှက်သွား၏။

ကျန်းစန်းယီနှင့် အခြားသူများလည်း
စိတ်ထဲမှစူးစူးဝါးဝါး အော်ဟစ်လိုက်ရင်း
မျက်နှာများလည်း ဖြူဖျော့သွားခဲ့သည်။

၎င်းက အဓိပဓိအလောင်းကောင် ဖြစ်သည်။

အလောင်းကောင်က မူလခွန်အား၏
တစ်သောင်းပုံတစ်ပုံသာရှိလျှင်ပင် ယင်းက
ကောင်းကင်တံတားအဆင့်များ ခုခံနိုင်သောအရာ
မဟုတ်သေးပါချေ။

"ရှောင်ယောက်"

ကျန်းစန်းယီ၏မျက်နှာက သွေးခုန်မရတော့ပေ။

ကျွင်းရှောင်ယောက်သာ တစ်ခုခုဖြစ်သွားပါက ကျန်းရို့ကို မည်သို့ရင်ဆိုင်ရမယ်မှန်း တကယ်ကို မတွေးတတ်တော့ပါ။

သူဟာ ကျွင်းရှောင်ယောက်ကို ရတနာသိုက်အတွင်း၌ ကာကွယ်ပေးရန် ပြောခဲ့သော်လည်း ယခုအခါ နံဘေးတွင်သာ ရပ်ကြည့်နေရပြီ ဖြစ်သည်။

ကျွင်းကျန်းကျန့်နှင့် တခြားသူများလည်း အတူတူပင်။

အခြားတစ်ဖက်တွင် ကျိုရွှမ်က ခေါင်းတလားဆီသို့ ပြေးသွားပြီးမှ ကျွင်းရှောင်ယောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်က ဘာမျှမဖြစ်ဘဲနေမည်ဟု
သူမယုံကြည်ပေ။

ပြင်းထန်သော ပေါက်ကွဲသံများ တဖြေးဖြေး
လျော့ပါးလာပြီးနောက် မြူခိုးများထဲတွင်
ပုံရိပ်နှစ်ခုက တစ်ချိန်တည်း ဆုတ်ခွာသွားရသည်။

ထို့နောက် ကျွင်းရှောင်ယောက်ကို ပြန်မြင်လာရ၏။

သူ့မျက်နှာက ရေပြင်ကဲ့သို့ တည်ငြိမ်နေဆဲပင်။
သူ့မျက်လုံးများကတော့ အလွန်လေးနက်ကာ
တစ်ဖက်အလောင်းကောင်ကို စိုက်ကြည့်နေသည်။

သူ့ရင်ဘတ်တွင် သွေးအနည်းငယ်ထွက်နေကာ

လက်တစ်ဖက်လုံးက အနည်းငယ်ထုံကျဉ်နေ၏။

အခြားတစ်ဖက်တွင်ကား အလောင်းကောင်ဟာ ဘာမျှ မဖြစ်ခဲ့ပါချေ။

နောက်ဆုံးတွင် ၎င်းအသက်ရှင်စဉ်က ထိပ်သီးတန်ခိုးရှင်တစ်ဦးဖြစ်ခဲ့သည်။ ထို့ကြောင့် သူ့ကို အလွယ်တကူဖျက်ဆီးပစ်ရန် မဖြစ်နိုင်ပါချေ။

ကျွင်းရှောင်ယောက်ကို မြင်ရစတွင် ကျန်းစန်းယီဟာ အသက်ရှူရန်ပင် မေ့သွားသည်။ ထို့နောက် သူ့မျက်လုံးတွင် ဝမ်းသာပျော်ရွှင်မှုများ ဖြစ်ပေါ်လာ၏။

"ကောင်းလိုက်တာ"

ကျန်းစန်းယီလည်း ကျွင်းရှောင်ယောက်ဘေးကို

အမြန်လျှောက်သွားသည်။

"နတ်ဘုရားသားတော် ဘာမှမဖြစ်ဘူး"

ကျွင်းကျန်းကျန်း၊ ကျွင်းဝမ်ကျဲနှင့်
ကျွင်းရွှယ်ဟွမ်လည်း အံ့သြသွားကြသည်။

တစ်ချိန်တည်းမှာပင် သူတို့မျက်လုံးများတွင်
သန်မာသောလေးစားမှုများ ဖြစ်ပေါ်လာ၏။

နတ်ဘုရားသားတော်က အဓိပဓိအလောင်းကို
ကောင်းကင်တံတားနယ်ပယ်နှင့် အမှန်တကယ်
ခုခံနိုင်သည်။

ဤအဆင့်နှင့် ဤအဆင့်ကို
ဒဏ်ရာအနည်းငယ်ရခြင်းက မပြောပလောက်ပါ။

ဤသတင်းပျံ့သွားပါက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံး
တုန်ခါသွားရပေလိမ့်မည်။

"ချီးပဲ၊ စိတ်တိုလိုက်တာ"

ကျို့ရွှမ်ဟာ အမြဲလို
တည်ငြိမ်စွာနေတတ်သူဖြစ်သော်လည်း ယခုတော့
မကျိန်ဆဲဘဲ မနေနိုင်တော့ပေ။

ယင်းက စိတ်တိုစရာပင် ဖြစ်သည်။

အနှီကျွင်းရှောင်ယောက်က လူကော
ဟုတ်ပါသေးရဲ့လား။

အစိပမိအလောင်းကောင်နှင့် ရင်ဆိုင်ရသည့်တိုင်
သူက ဒဏ်ရာအနည်းငယ်သာ ရသွားပါသတဲ့လား။

ယင်းက ယုံနိုင်စရာ လုံးဝ မရှိပါချေ။

လက်ရှိတွင် ကျိုရှမ်က ကျွင်းရှောင်ယောက်ကို ကေရာဇ်တစ်ပါး ပြန်လည်ဝင်စားခြင်းဟုပင် သံသယဝင်နေသည်။ မဟုတ်ပါက သူ့ခွန်အား အလွန်သန်မာနေခြင်းကို မည်သို့ ရှင်းပြနိုင်မည်နည်း။

"မကောင်းဆိုးရွား၊ ဒီကျွင်းရှောင်ယောက်က မကောင်းဆိုးရွားပဲ"

ကျိုရှမ် ရူးသွပ်လာပြီး တည်ငြိမ်စွာ မနေနိုင်တော့ပေ။

ဤမကောင်းဆိုးရွားနှင့် တစ်ခေတ်တည်းတွင်

မည်သူမျှ မေးဖွားလာချင်မည်မဟုတ်ပါချေ။

ကျွင်းရှောင်ယောက်ကို ဘယ်သူ ရိုက်နိုင်ပါမည်နည်း။

'ကိစ္စမရှိဘူး၊ ရတနာကို အရင်ရှာတာကောင်းတယ်။
ကျွင်းရှောင်ယောက်ကို တားဆီးဖို့ကတော့
အစိအစိအလောင်းက လုံလောက်မှာပါ'

ကျိုရွှမ်ဟာ တွေးပြီးနောက်
ကျွင်းရှောင်ယောက်နှင့်ရင်ဆိုင်ရန်
စိတ်ကူးမရှိတော့ပေ။

သူက ရတနာကိုယူ၍ ထွက်သွားရန်သာ
တွေးလိုက်သည်။

ဤအခွင့်အရေးကို ဆုပ်ကိုင်နိုင်သ၍ အနာဂတ်တွင်
ကျွင်းရှောင်ယောက်ကို ရင်ဆိုင်နိုင်စွမ်း

ရှိလာဦးမည်သာ။

ကျိုရှမ်၏ အခြေအနေကိုသိသော
ကျွင်းရှောင်ယောက်က
ချက်ချင်းလှည့်ပြောလိုက်သည်။

"ကျန်းကျန့်၊ ရှယ်ဟွမ်၊ ဝမ်ကျဲ မင်းတို့
ကျိုရှမ်အနောက်ကိုလိုက်ကြ၊ ရတနာကို
သူရသွားလို့မဖြစ်ဘူး"

"နင်ကကော သခင်လေး"

ကျွင်းရှယ်ဟွမ် ပြန်မေးလိုက်၏။

သူတို့က ကျွင်းရှောင်ယောက်ကိုကူညီကာ
အလောင်းကောင်အား ရင်ဆိုင်ပေးချင်သည်။

"ငါရှိနေရင် လုံလောက်ပြီ"

ကျွင်းရှောင်ယောက် ပြောလိုက်သည်။

"ငါ မင်းကို ကူညီပေးမယ်"

ထိုစဉ် ကျန်းစန်းယီက ကျွင်းရှောင်ယောက်အနားတွင် အခိုင်အမာ ရပ်တည်လာသည်။

ကျွင်းရှောင်ယောက်လည်း အနည်းငယ် ထိတ်လန့်သွားကာ ပြောလိုက်၏။

"ဒါက အမိပမိအလောင်းကောင်နော်၊ အရမ်းအန္တရာယ်များတယ်"

"မင်းက ငါ့တူလေးပဲလေ၊ မင်းကို ငါမကူညီလို့ နာကျင်လာရရင် ပြန်ရောက်တဲ့အခါ အမကျန်းရှို့က ငါ့ကိုဆူလိမ့်မယ်"

ကျန်းစန်းယီက ပြုံးလျှက် ပြောလိုက်သည်။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းနှင့်
အလောင်းကောင်ကို ရင်ဆိုင်ရန် မဖြစ်နိုင်ကြောင်း
သူမ အသေအချာသိ၏။

ကျွင်းရှောင်ယောက်လည်း အနည်းငယ်
ခေါင်းညိတ်ပြီး ဘာမျှမပြောတော့ပေ။

ယခုက လူစွမ်းကောင်းလုပ်ရမည့်အချိန်
မဟုတ်ပါချေ။

ယင်းကို သဘာဝအရ သူသိသည်။

"ဂါး"

ထိုအချိန်တွင် အလောင်းကောင်က
ထပ်မံလှုပ်ရှားလာသည်။

"ဒီအလောင်းကောင်က ကိုင်တွယ်ရတာ
တကယ်ခက်တယ်"
ကျွင်းရှောင်ယောက် မျက်မှောင်ကြုတ်လိုက်သည်။

ယင်းကိုကြားသောအခါ ကျန်းစန်းယီ ဆွံ့အသွား၏။

သူက လူသားတစ်ယောက်မှ ဟုတ်ပါလေစ။

တခြားပါရမီရှင်များအတွက် ကိုင်တွယ်ရ
မဖြစ်နိုင်သလောက်ရှိသော အလောင်းကောင်ဟာ
ကျွင်းရှောင်ယောက်အရှေ့တွင် ခက်ခဲရုံမျှသာ
ဖြစ်သွားရသည်။

ကျွင်းရှောင်ယောက်က လက်ကိုမြှောက်လိုက်သည်နှင့်
အစစ်အမှန်နဂါးပုံရိပ်ကြီးတစ်ခု သိပ်သည်းလာသည်။

၎င်းက ဘိုးဘေးနဂါးသိုက်၏ နတ်ဘုရားစွမ်းရည်၊
ကောင်းကင်ပိတ်လှောင်အစစ်အမှန်နဂါးသိုင်းပင်။

ထို့နောက် တခြားလက်တစ်ဖက်ဖြင့်
လက်နက်တစ်သောင်း မုန်တိုင်းသိုင်းကို
ထုတ်ဖော်လိုက်သည်။ ထိုအခါ
အဆုံးမဲ့ရေစီးကြောင်းကဲ့သို့ ဓား၊ လှံ၊
လက်နက်မျိုးစုံဟာ အဆက်မပြတ် ထွက်ပေါ်လာ၏။

ကျွင်းရှောင်ယောက်က ကြမ်းတမ်းသော
တိုက်ခိုက်မှုနှစ်ခုဖြင့် အဓိပမိအလောင်းကို
ထပ်မံတိုက်ခိုက်လိုက်သည်။

အဓိပဓိအလောင်းကောင်ကား စွမ်းအင်မရှိပေ၊
ယင်းက ခန္ဓာကိုယ်ကြွခိုင်မှုသက်သက်ဖြင့်
တိုက်ခိုက်ခြင်း ဖြစ်သည်။

ယင်းကပင် အဓိပဓိတစ်ပါး၏ တန်ခိုးများအား
ပိုသိလာစေခဲ့၏။

သိထားရသည်မှာ ဤအဓိပဓိအလောင်းက
မူလခွန်အား၏ တစ်သောင်းပုံတစ်ပုံ
ခွန်အားသာရှိသည်။

ယင်းကိုကြည့်လျှင် အဓိပဓိတစ်ပါး၏ ခွန်အားများကို
သိနိုင်ပေလိမ့်မည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ဟာ သူ့ပါရမီနှင့်

အစိပစိဖြစ်မလာမီ အချိန်တစ်ခုသာလိုကြောင်း
ယုံကြည်မှုရှိသည်။

"ဝုန်း"
ကြီးမားသောလှိုင်းလုံးများ ထပ်မံပြန်နှံ့သွားကာ
ကျွင်းရှောင်ယောက်နှင့် အစိပစိအလောင်းလည်း
တစ်ချိန်တည်းမှာပင်
ပြန်လည်ဆုတ်ခွာသွားရပြန်သည်။

ကျွင်းရှောင်ယောက်၏ သွေးများဆူပွက်ကာ
လက်များကလည်း ထုံကျဉ်သွားရသည်။

"ဒီခံစားချက်မျိုး ငါပထမဆုံး ခံစားရတာပဲ"
သို့ရာတွင် ကျွင်းရှောင်ယောက်အနေဖြင့်
စိတ်မပျက်ဘဲ စိတ်ဝင်စားနေသည်။

ကံမကောင်းစွာဖြင့် အဓိပဓိအလောင်းဟာ
သူ့သွေးများကို အနည်းငယ်သာ ဆူပွက်စေပြီး
သွေးအန်သည်အထိ မရိုက်နိုင်ပါချေ။

အမှန်တကယ်လည်း ကျွင်းရှောင်ယောက်ဟာ
သူမွေးလာကတည်းက ဒဏ်ရာမရခဲ့ဖူးပါချေ။

ယင်းကိုမြင်သောအခါ ကျန်းစန်းယီကလည်း
တစ်ဖက်တစ်လမ်းမှ ကူညီပေးရန်
လှုပ်ရှားလိုက်သည်။

ကျိုရှမ်မူကား မျှော်စင်ထိပ်မှ ခေါင်းတလားထဲတွင်
သစ်သားသေတ္တာတစ်လုံးကို ရှာတွေ့သွားသည်။

ထိုသေတ္တာလေးက အလွန်ရိုးရှင်းပုံရသည်။

သို့သော်လည်း အခေါင်းတစ်ခုလုံးတွင်
ဤသေတ္တာတစ်လုံးသာ ရှိ၏။

"ဒါပဲ"

ကျိုရှမ်၏ မျက်လုံးများ ပူလောင်လာသည်။

သို့သော် ထိုအချိန်တွင် မိုးကြိုးများ
ပေါက်ကွဲထွက်ပေါ်လာပြီး ကျိုရှမ်မျက်နှာကို
အေးခဲသွားစေခဲ့သည်။

"မင်းက သခင်လေးလိုချင်တာကို ယူဝံ့သလား"
ကျွင်းဝမ်ကျဲတို့ သုံးယောက်စလုံးက
အော်ငေါက်လိုက်ကြသည်။

"ချီးပဲ၊ မင်းတို့က ကျွင်းရှောင်ယောက်ကို မကူညီဘူးဆိုတော့ သူ့ကို အလောင်းကောင်လက်ချက်နဲ့ သေစေချင်လို့လား"

ကျိုရွှမ် မျက်နှာက တည်ငြိမ်သွားသည်။

"သခင်လေးရဲ့ခွန်အားကို ငါတို့ ယုံကြည်မှုရှိတယ်၊ မင်းအတွက်တော့ ဒီသေတ္တာကို ယူသွားဖို့ မဖြစ်နိုင်ဘူး"

ကျွင်းဝမ်ကျဲက အေးစက်စက်ဖြင့် ပြောလိုက်သည်။

ထိုစဉ် အပြင်ဘက်မှ ကျန်နေသေးသော အလောင်းကောင်များဟာ အတွင်းပိုင်းသို့ လိုက်ပါဝင်ရောက်လာသည်။

ထိုအခါ ကျိုရွှမ်က ရှေးဟောင်းအဆောင်ကိုသုံးကာ

ကျွင်းဝမ်ကျဲတို့ထံ အာရုံပြောင်းပေးလိုက်၏။

"ကျန်းကျန့်၊ ရွှယ်ဟွမ် မင်းတို့
အလောင်းကောင်တွေကို ကိုင်တွယ်လိုက်ပါ။
ကျို့ရွှမ်ကို ငါဖြေရှင်းမယ်"
ကျွင်းဝမ်ကျဲ ပြောလိုက်သည်။

"ကောင်းပြီ"
ကျွင်းကျန်းကျန့်နှင့် ကျွင်းရွှယ်ဟွမ်
ခေါင်းညိတ်လိုက်၏။

ထို့နောက်တော့ ဘက်ပေါင်းစုံတိုက်ပွဲကြီး
စတင်တော့သည်။

ကျွင်းကျန်းကျန့်နှင့် ကျွင်းရွှယ်ဟွမ်က

အလောင်းကောင်များကိုရင်ဆိုင်ကာ
ကျွင်းဝမ်ကျဲကတော့ သေသားသေတ္တာနှင့်
ကျိုရှွမ်ထွက်မပြေးနိုင်ရန် တားဆီးထားခဲ့သည်။

သို့သော်လည်း အရေးကြီးဆုံးတိုက်ပွဲကတော့
ကျွင်းရှောင်ယောက်နှင့် အမိပမိနတ်ဆိုးကြားတွင်
ရှိ၏။

အကယ်၍ ကျွင်းရှောင်ယောက် ရှုံးနိမ့်ပါက
သဘာဝအားဖြင့် ကျွင်းဝမ်ကျဲသွားကာ
ကူညီပေးရပေလိမ့်မည်။ ထိုအခါ ကျိုရှွမ်ထွက်သွားရန်
လွယ်ကူသွားခဲ့မည် ဖြစ်သည်။

သို့သော်လည်း ကျိုရှွမ်ဟာ အမိပမိအလောင်းကို
အနိုင်ယူနိုင်မည်ဟု မထင်ပေ။ သူလုံးဝ
ယုံကြည်နိုင်မည်မဟုတ်ပေ။

"ကျွင်းဝမ်ကျဲ၊ ရှန်းကန်နေလည်း အသုံးမဝင်ဘူးကွ၊ အဓိပမိအလောင်းက ကျွင်းရှောင်ယောက်ကို အနိုင်ယူလိုက်တာနဲ့ ငါထွက်သွားဖို့ အခွင့်အရေးရှာနိုင်ပြီ"

ကျိုရှမ်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်သည်။

"သခင်လေးရဲ့ အရည်အချင်းကို မင်းဘယ်လိုသိနိုင်မှာလဲ"

ကျွင်းဝမ်ကျဲက ကျွင်းရှောင်ယောက်အပေါ်တွင် အကြွင်းမဲ့ယုံကြည်မှုဖြင့် အေးစက်စက် ပြောလိုက်သည်။

"အဟက်၊ ကျွင်းရှောင်ယောက်သာ အဓိပမိအလောင်းကို အနိုင်ယူနိုင်တဲ့အထိ သန်မာမယ်ဆိုရင် ငါကျိုရှမ် ဖောက်ထိုးတောင်

ဆီးသွားပြုလိုက်ဦးမယ်"

ကျိန္ဒမ်က ထော့ငေါ့ပြောဆိုလိုက်၏။

"မင်းနောင်တရလိမ့်မယ်"

ကျွင်းဝမ်ကျဲက လေးနက်သော မျက်လုံးများဖြင့် ပြောလိုက်သည်။

-------------

အခန်း ( ၇၃ ) မြင့်မြတ်ခန္ဓာနှင့် တာအိုသွေးကြောကို ပေါင်းစပ်ခြင်း၊ မြူခိုးများကို ဖြိုချ၍ အဓိပဓိအလောင်းကို ဖိနှိပ်ပြီ

အဓိပဓိရတနာသိုက်အတွင်းပိုင်းမှ နက်ရှိုင်းသောနေရာတွင် သန်မာသော

စွမ်းအင်အတက်အကျများ ဖြစ်ပေါ်နေသည်။

ကျွင်းရှောင်ယောက်ထံမှ ရွှေရောင်စွမ်းအင်များ
ဖြာထွက်နေကာ စစ်နစ်ဘုရားတစ်ပါးကဲ့သို့
တိုက်ခိုက်နေ၏။

အဓိပဓိအလောင်းကောင်ကလည်း
နတ်ဆိုးအရှိန်အဝါနှင့် ကြောက်စရာအရှိန်အဝါများ
ဖြာထွက်နေပေသည်။

ဤအလောင်းကောင်ကိုသာ
ကောင်းကင်တံတားနယ်ပယ် ကျင့်ကြံသူများကြားသို့
နေရာချထားလိုက်ပါက အဆုံးမဲ့သွေးပင်လယ်ကြီး
ချက်ချင်းထွက်ပေါ်လာရမည်ဖြစ်သည်။

၎င်းကို ယုတ္တိမတန်သော ကျွင်းရှောင်ယောက်ကဲ့သို့

မကောင်းဆိုးရွားများသာ
ခုခံရင်ဆိုင်နိုင်ကြပေလိမ့်မည်။

နံဘေးမှ ကျန်းစန်းယီ၏
သန္တောစွမ်းအင်တာအိုသွေးကြောကလည်း
လျှော့တွက်မရနိုင်ပေ။

သူ၏ လှုပ်ရှားမှုတိုင်းဟာ မဟာတာအိုနှင့်
လိုက်လျောညီထွေရှိနေပုံရသည်။

ကျွင်းရှောင်ယောက်လည်း ယင်းကို ခံစားရ၏။

သန္တောစွမ်းအင် တာအိုသွေးကြော၏ ထောက်ပံ့မှုဖြင့်
ရှေးဟောင်းမြင့်မြတ်ခန္ဓာဟာ ပို၍သန်မာလာပုံရသည်။

'ဒီခန္ဓာနှစ်ခုရဲ့ ပေါင်းစပ်မှုက အရည်အသွေး ပြောင်းလဲမှုကို တကယ်ဖြစ်လာစေနိုင်တာပဲလား'

ကျွင်းရှောင်ယောက်၏မျက်လုံး အရောင်လက်သွားသည်။

ကျွင်းရှောင်ယောက်ဟာ လက်တွေ့မကျသော သူ၏ခန္ဓာအား သန္တောစွမ်းအင်တာအိုခန္ဓာသို့ ပြောင်းလဲပစ်ရန် မတွေးပေ။

ကျွင်းရှောင်ယောက်ဟာ တခြားဖြစ်နိုင်ချေကို တွေးနေမိခြင်း ဖြစ်သည်။

ဖြစ်ကောင်းဖြစ်နိုင်သည်မှာ ယင်းက အဆိုပါ အဓိပ္ပါယ်လေသောင်းကောင်အား ဖြေရှင်းရန်ဖြစ်နိုင်စေ၏။

ယင်းကိုတွေးမိသောအခါ ကျွင်းရှောင်ယောက်က
ကျန်းစန်းယီအား အသံလွှင့်ဆက်သွယ်လိုက်သည်။
"အမစန်းယီ၊ ကျွန်တော် အမရဲ့ အကူညီလိုတယ်"

"ဘာများလဲ"
ကျန်းစန်းယီ ပြန်မေးလိုက်၏။

"အမရဲ့ သန္တောစွမ်းအင် တာအိုသွေးကြောစွမ်းအားကို
ကျွန်တော်ရဲ့ မြင့်မြတ်ခန္ဓာနဲ့ ရောယှက်လိုက်ပါ"
ကျွင်းရှောင်ယောက် ပြောလိုက်သည်။

“ဒါက…”
ကျန်းစန်းယီ အနည်းငယ် ထိတ်လန့်သွား၏။

ကျွင်းရှောင်ယောက်က ဤသို့ပြောလာမည်ဟု

ထင်မထားခဲ့ပေ။

သန္တောစွမ်းအင်တာအိုခန္ဓာက
အလွန်သန်မာတာမှန်သည်။

သို့သော်လည်း ဤနည်းလမ်းဖြင့် ထုတ်ဖော်ရန်တော့
မဖြစ်ပေ။

"ရှောင်ယောက်၊ မင်းက ခန္ဓာအမျိုးစားတစ်ခု
ဖန်တီးချင်လို့လား၊ ဒါပေမဲ့ ဒီလိုအရာက လေ့ကျင့်ရုံနဲ့
မရဘူးလေ။ ဒီအတွက် ဟိုလိုလုပ်ဖို့... ဒီလို..."

ကျန်းစန်းယီဟာ စကားမဆက်နိုင်တော့ပေ။

ဖြူနုသော သူ့မျက်နှာကား ရှက်သွေးဖြာကာ
နီရဲလာခဲ့၏။

ကျွင်းရှောင်ယောက်လည်း ဆွံ့အကာ
ဘာပြောရမှန်းမသိတော့ပေ။

အမျိုးသမီးများ၏ စိတ်အတွေးက အမှန်တကယ်
ထူးခြားလွန်းလှသည်။

"အမစန်းယီ၊ အမဘာတွေလျှောက်တွေးနေတာလဲ။
ကျွန်တော်က ရှေးဟောင်းမြင့်မြတ်ခန္ဓာရဲ့
စွမ်းအားကိုမြှင့်ဖို့ အမရဲ့ သန္တောစွမ်းအင်
တာအိုခန္ဓာရဲ့စွမ်းအားကိုသုံးပြီး အဓိပဓိအလောင်းကို
ဖိနှိပ်နိုင်မလားဆိုတာ သိချင်လို့ပါ"

ကျွင်းရှောင်ယောက်က ခါးသက်သက်ဖြင့်
ပြောလိုက်သည်။

"အိုး၊ ဒီလိုကို"

ကျန်းစန်းယီက ရှက်ရွံ့သွားဟန်ဖြင့် နှုတ်ခမ်းကို ကိုက်လိုက်သည်။

မဟုတ်မမှန်အတွေးများကို တွေးမိသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိ၏။

ထိုအချိန်တွင် အဓိပဓိအလောင်းက ပစ်မှတ်ပြောင်း၍ ကျန်းစန်းယီကို တိုက်ခိုက်လာသည်။

ကျန်းစန်းယီ၏ တိုက်ခိုက်နိုင်စွမ်းဖြင့် အလောင်းကောင်ကိုခုခံရန် မဖြစ်နိုင်ပါချေ။

ယင်းကိုမြင်သောအခါ ကျွင်းရှောင်ယောက်က ကျန်းစန်းယီအရှေ့သို့ အလျင်အမြန် ဝင်ရပ်လိုက်သည်။

"ဝုန်း"

နှစ်ဖက် ရင်ဆိုင်မိသောအခါ ကျွင်းရှောင်ယောက် တုန်ခါသွား၏။ ထိုအခါ ပျော့ပြောင်း နူးညံ့သော အထိအတွေ့ကို ခံစားလိုက်ရသည်။

"အမစန်းယီလား"

ကျွင်းရှောင်ယောက် လှည့်ကြည့်သောအခါ သူ့ကိုပွေ့၍ ထောက်ပံ့ပေးထားသော ကျန်းစန်းယီကို မြင်လိုက်ရ၏။

"ရှောင်ယောက်၊ အာရုံစိုက်ပါ"

ကျန်းစန်းယီလည်း သန္တောစွမ်းအင်တာအိုသွေးကြောကို တိုက်ရိုက်လှုံ့ဆော်ရန် ဆုံးဖြတ်လိုက်သည်။

ရုတ်တရက် မဟာတာအိုအရှိန်အဝါများ
ထွက်ပေါ်လာ၏။

ကျန်းစန်းယီ၏ ခန္ဓာက
အင်မော်တယ်ကျောက်စိမ်းကဲ့သို့
ကြည်လင်ဝင်းပလာသည်။ တာအို
အမှတ်အသားများကလည်း သူမ ခန္ဓာအား
ဝန်းရံနေဆဲပင်။

မြင်ကွင်းက အံ့သြစရာတော့ကောင်းသည်။
ကျန်းစန်းယီဟာ မိုးနှင့်မြေကြားမှ မဟာတာအို၏
ချစ်ခင်မှုကို ခံရသူကဲ့သို့ပင် ဖြစ်၏။

"ဒါက သန္တောစွမ်းအင်တာအိုသွေးကြောရဲ့
စွမ်းအားလား"

ကျွင်းရှောင်ယောက် ရေရွတ်လိုက်မိသည်။

သန္တောစွမ်းအင်တာအိုသွေးကြောက
ရှေးဟောင်းမြင့်မြတ်ခန္ဓာထက် များစွာ အားမနည်းတာ
အံ့သြစရာမရှိတော့ပေ။

ဤခန္ဓာမျိုးဟာ မိုးနှင့်မြေ၏ မြတ်နိုးခြင်းကို
ခံခဲ့ကြရသည်။

ကျန်းစန်းယီလည်း သန္တောစွမ်းအင်တာအိုသွေးကြော
စွမ်းအင်များကို ကျွင်းရှောင်ယောက် ခန္ဓာအတွင်းသို့
သွန်းလောင်းထည့်လိုက်၏။

ရုတ်တရက် ယင်းစွမ်းအင်များဟာ
ရှေးဟောင်းမြင့်မြတ်ခန္ဓာနှင့် ပဲ့တင်ထပ်လာသည်။

စွမ်းအင်နှစ်မျိုးက ရေနှင့်နို့ကို ရောစပ်၊
ရောယှက်နေသကဲ့သို့ပင်။

ဤခံစားချက်ဟာ အလွန်ထူးခြား၏။

ယင်းက တစ်ခုခုကို ရောက်သွားကဲ့သို့ပင်။

ဤသည်ကား အထွတ်အထိပ်သို့
ရောက်ရှိသွားခြင်းပင်။

ကျန်းစန်းယီ၏မျက်နှာက အနည်းငယ် နီရဲသွားကာ
အသံမထွက်စေရန် သူမနှုတ်ခမ်းအား
ခပ်တင်းတင်းကိုက်လိုက်မိသည်။

ကျွင်းရှောင်ယောက်ကတော့
ရှေးဟောင်းမြင့်မြတ်ခန္ဓာဟာ ပိုသန့်မာလာသကဲ့သို့
ခံစားလိုက်ရ၏။

အခြားတစ်ဖက်မှာလည်း အဓိပဓိအလောင်းဟာ
အန္တရာယ်များကိုခံစားရ၍ သူ့မျက်လုံးမှ
သွေးအလင်းများ လက်ဖြာလာတော့သည်။

ဤအခြေအနေကို ကျိရွှမ်နှင့် တခြားသူများလည်း
ခံစားမိခဲ့ကြသည်။

"သန္တောစွမ်းအင် တာအိုသွေးကြောစွမ်းအားနဲ့
ကျွင်းရှောင်ယောက် ဘာလုပ်မှာလဲ"
ကျိရွှမ်စိတ်ထဲတွင် တုန်လှုပ်လာသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်ခန္ဓာကို

အင်မော်တယ်အလင်းများက လွှမ်းခြုံလာ၏။

ရွှေရောင်အလင်းနှင့် တာအိုအလင်းများက
ကျွင်းရှောင်ယောက်၏ခန္ဓာဝန်းကျင်၌
လည်ပတ်လျှက်ရှိသည်။

ဤအခြေအနေက တကယ့်
သန္တောစွမ်းအင်တာအိုခန္ဓာနှင့်
နှိုင်းယှဉ်ရန်မလွယ်သော်လည်း
မူလရှေးဟောင်းမြင့်မြတ်ခန္ဓာထက် များစွာ
ပိုသန်မာလာခဲ့ပြီ ဖြစ်သည်။

"အရာအားလုံးကို အဆုံးသတ်ဖို့ အချိန်တန်ပြီ"
ကျွင်းရှောင်ယောက်၏ လေသံက ထူးခြားမှုမရှိပေ။
သူက အရာအားလုံးကို စီရင်ချက်ချမည့်
အင်မော်တယ်ကေရာဇ်ကဲ့သို့ ပြောလိုက်သည်။

အဓိပဓိအလောင်းနှင့် ရင်ဆိုင်နေရသော်လည်း သူဟာ ယုံကြည်မှုရှိ၏။

ကျွင်းရှောင်ယောက်က ရှေးဟောင်းမြင့်မြတ်ခန္ဓာစွမ်းအားကို လုံးဝအသက်သွင်းလိုက်သောအခါ သူ့ပတ်ဝန်းကျင်၌ ပုံရိပ်များစွာ ထွက်ပေါ်လာသည်။

ပုံရိပ်တစ်ခုစီက သူတော်စင်အရှိန်အဝါများ ထွက်ပေါ်လျက်ရှိ၏။

ယင်းပုံရိပ်ပေါင်း ထောင်သောင်းချီကာ ရှိခဲ့သည်။

"ဒါ၊ ဒါက မြင့်မြတ်ခန္ဓာ သဘာဝအာရုံပဲ"

ဤမြင်ကွင်းကိုမြင်ပြီးနောက် ကျန်းစန်းယီ
တုန်လှုပ်သွားမိသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏စွမ်းအားက
နတ်ခန္ဓာထဲတွင် အကန့်အသတ်မရှိပေ။

၎င်းက ပုံရိပ်တစ်ခုဖြစ်သော်လည်း
အလွန်ကြီးမားသော သတ်ကွက်တစ်ခုဟု ဆိုနိုင်သည်။

ကျွင်းရှောင်ယောက်ဟာ ယခုအချိန်အထိ
မြင့်မြတ်ခန္ဓာ သဘာဝအာရုံကို တစ်ခါမျှ
အသုံးမပြုခဲ့ပေ။

သူက မသုံးချင်၍မဟုတ်ဘဲ ထိုသူများဟာ
အသုံးပြုရရန် အရည်အချင်းမပြည့်မီခြင်းပင်
ဖြစ်သည်။

ယခုတော့ ဤအလောင်းကောင်ကို ရင်ဆိုင်ရန်အတွက် မြင့်မြတ်ခန္ဓာအာရုံကို ထုတ်ဖော်လိုက်ရပြီ ဖြစ်သည်။ ယင်းက သူတော်စင်တစ်သောင်း အရိုအသေပေးခြင်းပင်တည်း။

ထို့အပြင် ဤဖြစ်စဉ်၌ သန္တောစွမ်းအင်တာအိုသွေးကြော၏ စွမ်းအင်အထောက်အပံ့များလည်း ရှိသည်။

ယင်းကြောင့် ထိုစွမ်းအားကို စိတ်ကူးကြည့်ရန်ပင် မလွယ်တော့ပေ။

"အဓိပဓိယွမ်ထျန်း၊ ဖုန်မှုန်ဟာ ဖုန်မှုန့်အဖြစ် ပြန်သွားကြရမယ်၊ မြေကြီးကလည်း မြေကြီးထဲကို ပြန်သွားရမှာပါပဲ။ ခင်ဗျား ငြိမ်းချမ်းစွာ

အနားယူလိုက်ပါတော့"

ကျွင်းရှောင်ယောက်က လေထဲသို့ ခြေတစ်ချက်လှမ်းလိုက်သည်။ သူက နတ်ဘုရားတစ်ပါးကဲ့သို့ လက်နှစ်ဖက်ကို နောက်ပစ်ထားကာ မျက်နှာအမူအရာကလည်း အပြောင်းအလဲမရှိတော့ပေ။

ဤအခိုက်တွင် သူတော်စင်တစ်သောင်းက ကျွင်းရှောင်ယောက်ကို အရိုအသေပေးလိုက်ကြသည်။

သူဟာ မိုးနှင့်မြေကြားတွင် တစ်ယောက်တည်းသော ကိုးကွယ်ရာကဲ့သို့ပင်။

ဤမြင်ကွင်းက ရင်သပ်ရှုမောစရာပင်။

"ဝုန်း"

ထိုအချိန်တွင် ကြောက်စရာအင်အားများ ထွက်ပေါ်လာသည်။

နေရာအနှံ့သို့ ဖြာထွက်လာသော ရွှေရောင်နတ်အလင်းအောက်တွင် သာမန်အလောင်းကောင်အားလုံး ဖုန်မှုန့်အသွင် တိုက်ရိုက် ပြောင်းလဲသွားရ၏။

အစိပဓိအလောင်းကောင်သည်လည်း စွမ်းအင် လေးဆယ်ရာခိုင်နှုန်းအထိ ဖိနှိပ်ခံရကာ အဖြူရောင်မြူများပင် ထွက်ပေါ်လာသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာဟာ မကောင်းသော အမှောင်စွမ်းအင်များအပေါ်၌ လုံးဝ သက်ရောက်မှုရှိသည်။

သဘာဝအာရုံ၏ ကျယ်ပြောသော
သက်ရောက်မှုကြောင့်လည်း အခြေအနေ
ပို၍သိသာလာသည်။

အစိပစိအလောင်းကောင်သာမကဘဲ
အစိပစိယွမ်ထျန်း ရတနာသိုက်တစ်ခုလုံးရှိ
မြူခိုးများပင် ဤသဘာဝအာရုံအောက်တွင်
ပြိုကွဲစပြုလာသည်။

ထိုအချိန်တွင်...

အစိပစိယွမ်ထျန်း ရတနာသိုက်၏ အပြင်ဘက်တွင်။

ယင်က ရတနာသိုက်တစ်ခုလုံးကို
မြူခိုးများလွှမ်းခြုံနေသောကြောင့်

အဇူရာကြေးမုံနှင့်ပင် အခြေအနေများကို မသိနိုင်ပါချေ။

သို့ရာတွင် ထိုအခိုက်တွင် မြူခိုးများက ရုတ်တရက် ပြိုကွဲလာသောကြောင့် အဇူရာကြေးမုံပြင်တွင် ပုံရိပ်များ ဖြစ်ပေါ်လာသည်။

"ကြည့်ကြစမ်း၊ အဇူရာကြေးမုံပြင်က အခုအလုပ်လုပ်လာပြီ"

"ဟင်၊ ဟိုမှာ အဓိပဓိယွမ်ထျန်းအလောင်းကောင်ပဲ၊ သူက ဘယ်လိုလုပ်ပြီး ဖုတ်ကောင်ဖြစ်လာတာလဲ"

"သေစမ်း၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က အဓိပဓိအလောင်းကောင်နဲ့ တိုက်ခိုက်နေတယ်လို့တော့ ကျုပ်ကိုမပြောကြနဲ့"

"လခွမ်း၊ ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

"ဒီကောင်က တကယ် မကောင်းဆိုးရွားကောင်ပဲ"

ရုတ်တရက် အဇူရာကြေးမုံတွင် ထွက်ပေါ်လာသောမြင်ကွင်းများကြောင့် ဂရိတ်ဝိုင်းတောကြီးအပြင်ဘက်တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ကျင့်ကြံသူအားလုံးဟာ အံ့သြဘနန်းဖြစ်ရပ်ကို ကိုယ်တိုင် မြင်နေရသောကြောင့် မျက်လုံးများ ပြူးကျယ်နေကြတော့သည်။

အားလုံးက မယုံကြည်နိုင်ဟန်ဖြင့်

ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

လေထဲတွင် တင်ပျဉ်ခွေထိုင်နေသော
အင်အားစုကြီးများမှ အကြီးအကဲများပင်
မယုံကြည်နိုင်ဟန်ဖြင့်
မျက်လုံးမျက်ဆန်ပြူးနေပေတော့သည်။

-------------

အခန်း ( ၇၄ ) အလောင်းကောင်ကို သန့်စင်ခြင်း၊
အမှောင်ထု၏ လျှို့ဝှက်အရင်းအမြစ်၊
အဓိပဓိတစ်ပါး၏ လေးစားမှု

ကောင်းကင်တာအိုဂိုဏ်း၏
အကြီးအကဲတစ်ယောက်က မျက်လုံးပြူးကျယ်ကာ
ပြောလိုက်သည်။

"ဒါက တကယ်ပဲ.... ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်လား"

တာအိုဝါဒီအိုကြီးကဲ့သို့ ခိုင်မာသော
တာအိုနှလုံးသားပိုင်ရှင်ပင်
တုန်လှုပ်သွားရပုံကိုကြည့်လျှင်
သူတော်စင်တစ်သောင်း အရိုအသေပေးခြင်းက
ကမ္ဘာကြီးကို ဘယ်လောက်ထိ
တုန်ခါသွားစေမည်ဆိုတာ သိနိုင်သည်။

"အမှန်ပဲ၊ ဒါက နတ်ဘုရားသားတော်”
ကျန်းမိသားစု၏အကြီးအကဲလည်း
တုန်ယင်နေသောလေသံဖြင့် ပြောလိုက်သည်။

ကျွင်းရှောင်ယောက်က ကျန်းရို့၏ သားဖြစ်ပေရာ
ကျန်းမိသားစုဝင်တစ်ပိုင်းဟု ခေါ်နိုင်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်က
အဓိပမိအလောင်းကို
ယှဉ်ပြိုင်နေသည်အားမြင်သောအခါ
ကျန်းမိသားစုအကြီးအကဲလည်း
အလွန်စိတ်လှုပ်ရှားသွားသည်။

"အိမ်း၊ နတ်ဘုရားသားတော်နဲ့ ကျန်းမိသားစုကို
ဆက်ဆံရေးပိုကောင်းစေဖို့ လော့လီနဲ့
လက်ထပ်ပေးဖို့အရေးကို ပိုဆွေးနွေးဖို့ အချိန်တန်ပြီ၊
ဒါက ဖြစ်သင့်တယ်"

ကျန်းမိသားစု အကြီးအကဲဟာ
ကျွင်းရှောင်ယောက်၏နှလုံးသားကို လုံးဝအနိုင်ယူရန်
နည်းလမ်းများကို စတင်တွေးတောလိုက်သည်။

နောက်ဆုံးတော့ အဓိပမိအလောင်းနှင့်

ယှဉ်ပြိုင်နိုင်သော ကောင်းကင်တံတားနယ်ပယ်မှ
မကောင်းဆိုးရွားဟာ အကန့်အသတ်မဲ့
အလားအလာရှိ၏။

ကျိုမိသားစုအကြီးအကဲ ကျိုပန်းရင်သည်ကား
မျက်လုံးများ ပြူးကျယ်နေကာ
ဘာမျှမပြောနိုင်တော့ပေ။

ဤတုန်လှုပ်မှုက ကြီးမားလွန်းလှသည်။

ဘိုးဘေးနဂါးသိုက်မှ အကြီးအကဲနှင့် လုံပိကျစ်လည်း
အလွန်တုန်လှုပ်သွား၏။

အထူးသဖြင့် လုံပိကျစ်ဆိုလျှင်
ဤမြင်ကွင်းကိုမြင်သောအခါ
ဖော်ပြမရနိုင်လောက်အောင် တုန်လှုပ်သွားတော့သည်။

ယခင်က လုံပိကျစ်ဟာ ကျွင်းရှောင်ယောက်ကို ကြောက်ရွံ့သော်လည်း သူက ပြိုင်ဘက်ကင်းဟု မထင်ပေ။

နောက်ဆုံးတော့ လုံအိုထျန်းနှင့် သီးခြားလေ့ကျင့်နေသော တခြားပါရမီရှင်များ ရှိနေပါသေးသည်။

သို့သော်လည်း ဤမြင်ကွင်းကိုမြင်သောအခါ လုံပိကျစ်လည်း ဘာပြောရမှန်း မသိတော့ပေ။

လုံအိုထျန်း ထွက်လာလျှင်ပင် ကျွင်းရှောင်ယောက်ကို အနိုင်ယူရန် ခက်ခဲမည်ဟု ခံစားလာရသည်။

တခြားသူများ မဆိုထားဘိ၊ ကျွင်းကျန်းထျန်းပင်

မျက်နှာအမူအရာ အေးခဲသွား၏။

ထို့နောက်တော့ အလွန်
စိတ်ဓာတ်တက်ကြွလာတော့သည်။

မူလက သူဟာ ကျွင်းရှောင်ယောက်ကို
အဓိပဓိယွမ်ထျန်း၏ ရတနာသိုက်အတွင်း၌
မျက်နှာစတင်ပြ၍ ကျော်ကြားစေရန်သာ
ရည်ရွယ်ထားခဲ့သည်။

သို့သော်လည်း ယခုတော့ ကျွင်းရှောင်ယောက်၏
တောက်ပမှုဟာ အလွန်အံ့သြစရာကောင်း၍
ကျွင်းကျန်းထျန်းပင် တုန်လှုပ်ခဲ့ရပြီ။

ရက်အနည်းငယ်အကြာအတွင်း၌ ဤသတင်းက
အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို

တုန်ခါစေတော့မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ ဤမျိုးဆက်မှ ပြိုင်ဘက်ကင်းခြင်း၏ ပြယုဒ်တစ်ခုကဲ့သို့ပင်။

တချိန်တည်းမှာပင် ကျွင်းမိသားစုကလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မည် ဖြစ်သည်။

တခြားကျင့်ကြံသူများလည်း အဓိပဓိအလောင်းကို ဖိနှိပ်နေသော ကျွင်းရှောင်ယောက်ကိုကြည့်ကာ တုန်လှုပ်သွားကြသည်။

သူတို့မျက်လုံးများတွင်ကား ထိတ်လန့်တုန်လှုပ်မှုများ ပြည့်နှက်နေ၏။

"အဓိပဓိယ္ဆွမ်ထျန်းအလောင်းကောင်က သူ့ခွန်အားရဲ့ တစ်သောင်းပုံတစ်ပုံပဲရှိရင်တောင် ဒါက မျိုးဆက်သစ်လူငယ်တွေ ယှဉ်ပြိုင်နိုင်တဲ့ အရာမဟုတ်ဘူးဆိုတာ သေချာတယ်"

ကျင့်ကြံသူတစ်ယောက်က အသက်ပြင်းပြင်းရှူ၍ ပြောလိုက်သည်။

"အမှန်ပဲ၊ နတ်မီးတောက်နယ်ပယ်တွေတောင် ဒီအလောင်းကောင်ကို ရင်ဆိုင်ချင်ရင် အရမ်းခက်ခဲဦးမှာ"

နတ်မီးတောက်နယ်ပယ် အကြီးအကဲတစ်ဦးကလည်း တုန်လှုပ်စွာ ပြောလိုက်၏။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က အရမ်းကြောက်စရာကောင်းတာပဲ"

ကျင့်ကြံသူများ အလွန်တုန်လှုပ်နေကာ အေးအေး

မနေနိုင်တော့ပေ။

အမျိုးသမီး ကျင့်ကြံသူများမှာလည်း
ကျွင်းရှောင်ယောက်ကို မြတ်နိုးစွာဖြင့်
ကြည့်လိုက်ကြသည်။

ချောမောသလောက် သန့်မာသောခွန်အားနှင့်
ကျွင်းရှောင်ယောက်ဟာ သူတို့နှလုံးသားကို
ဆွဲယူသွားနိုင်ခဲ့၏။

အမျိုးသမီး ကျင့်ကြံသူများစွာကလည်း
ကျွင်းရှောင်ယောက်နှင့် ရင်းနှီးနေသော
ကျန်းစန်းယီနှင့် နေရာချင်းလဲနိုင်ရန်ပင်
တွေးနေကြတော့သည်။

ထိုအချိန်တွင် ရတနာသိုက်တွင်းမှ

ကျွင်းရှောင်ယောက်ကတော့ အပြင်ဘက်မှာ သူ့ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေမှန်း မသိသေးပေ။

ကျွင်းရှောင်ယောက်က သူ့စွမ်းအင်အားလုံးကို အဓိပမိအလောင်းကောင်အား ကိုင်တွယ်ရန်သာ ကြိုးစားနေသည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ အကျိုးသက်ရောက်မှုက သူမျှော်လင့်ထားတာထက် များစွာ ကျော်လွန်သည်ဟု ဆိုရပေလိမ့်မည်။

သူဟာ အဓိပမိအလောင်းကောင်၏ ခွန်အားကို ရာခိုင်နှုန်း အနည်းငယ်သာ အားနည်းစေမည်ဟု ထင်ထားခဲ့မိသည်။

သို့ရာတွင် မမျှော်လင့်ဘဲ ၎င်းဟာ မိစ္ဆာဝိညာဉ်များကို

သန့်စင်စေသော အကျိုးသက်ရောက်မှုလည်း ရှိ၏။

ယခုအခါ ယင်းက အလောင်းကောင်၏ခွန်အားကို လွှန်လွှန်ကျူးကျူး ဖိနှိပ်နေခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က လက်ဝါးတစ်ဖက်ကိုမြှောက်ကာ ရိုက်ချလိုက်သည်။

ထိုအခါ ရှေးဟောင်းမြင့်မြတ်ခန္ဓာမှ စွမ်းအင်များနှင့် လက်ဝါးကြီးက အလောင်းကောင်ရင်ဝကို တိုက်ရိုက် ထိမှန်သွား၏။

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ ချီနှင့်သွေးဟာ မိစ္ဆာဝိညာဉ်များအပေါ် သန်မာသော ထိန်းချုပ်နိုင်စွမ်းများ ရှိသည်။

တဖြည်းဖြည်းနှင့် အဓိပမိအလောင်းကောင်၏
ခန္ဓာအတွင်းမှ အနက်ရောင်မြူများ ပျံ့လွင့်လာသည်။
ထို့နောက် အဖြူရောင်မြူခိုးများ ထပ်မံ
ထွက်ပေါ်လာ၏။

နီရဲနေသော သူ့မျက်လုံးများကလည်း
တဖြည်းဖြည်းနှင့် ပြန်လည် မှောင်ကျလာတော့သည်။

သူ့မျက်လုံးထဲတွင် ဝိညာဉ်ရှိသော အလင်းရောင်များ
တစ်ချက်လက်သွားသည်။

၎င်းက အဓိပမိယွမ်ထျန်း၏ နောက်ဆုံး
အကြွင်းအကျန်စိတ်မှန်း ကျွင်းရှောင်ယောက်
အသေအချာ သိပေသည်။

"ဂျူနီယာ၊ မင်းက ဒီအသျှင်ကို
လွတ်မြောက်ခွင့်ပေးခဲ့သူလား"

ဝိညာဉ်မီးမှ အတွေးတစ်ခုဟာ
ကျွင်းရှောင်ယောက်စိတ်ထဲတွင် ထွက်ပေါ်လာသည်။

"ဟုတ်ပါတယ်"

ကျွင်းရှောင်ယောက်လည်း စိတ်နှင့်
ပြန်လည်ဆက်သွယ်လိုက်၏။

"ဒါက ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုယ်၊
မဟုတ်သေးဘူး၊ ဒါက အချုပ်အနှောင်ကို
ချိုးဖြတ်ထားတဲ့ ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုယ်ပဲ"

နတ်ဘုရားစိတ်အာရုံဟာ အံ့သြသွားခဲ့ပုံရသည်။

အချုပ်အနှောင်ကို ချိုးဖြတ်လာသော
ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာကိုယ်က
အဓိပဓိယွမ်ထျန်း၏စိတ်အာရုံကိုပင်
အံ့သြသွားစေမှန်း သိသာသည်။

"စီနီယာ၊ ခင်ဗျား ဘယ်လိုဖြစ်ရတာလဲ"

"ထူးခြားတယ်... ပြောင်းလဲမှုတွေ... အမှောင်ရဲ့
အရင်းအမြစ်..."

နတ်ဘုရားစိတ်အာရုံမှ သတင်းဟာ
ပြတ်တောင်းပြတ်တောင်းနှင့် ရောက်လာသည်။

"ထူးခြားဆန်းပြားမှု၊ အမှောင်ထုရဲ့
အရင်းအမြစ်လား"

ကျွင်းရှောင်ယောက် မျက်ခုံးကို အနည်းငယ်

ပင့်လိုက်မိ၏။

"ဒီအသျှင်ဟာ အဖြူရောင်ဝတ်ပြီး လူအားလုံးကို ကျောခိုင်းထားသူ၊ ပြီးတော့ အမှောင်ထုကို ဖိနှိပ်ထားပြီး လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူတစ်ယောက်ကိုပဲ မြင်တယ်"

အစိပဓိယွမ်ထျန်း၏ ဝိညာဉ်ဟာ ကျွင်းရှောင်ယောက် နားမလည်နိုင်သော စကားများကို ဆက်လက်ပြောဆိုနေသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏ ခန့်မှန်းမှုအရ အစိပဓိယွမ်ထျန်း ကျဆုံးခြင်းဟာ အမှောင်ထုနှင့် တစ်နည်းနည်း ပတ်သက်နေရပေလိမ့်မည်။

သို့ရာတွင် ယင်းက လက်ရှိကျွင်းရှောင်ယောက် ကိုင်တွယ်နိုင်သောအရာ မဟုတ်သေးပေ။

ထိုစဉ် အဓိပဓိယွမ်ထျန်းဝိညာဉ်က ထပ်မံ ဆက်သွယ်လာသည်။

"မင်းက ဒီအသျှင်ရဲ့ မူလအုပ်ချုပ်သူတာအိုဓားကို အမွေဆက်ခံပြီးပြီပဲ"

ထိုအတွက် ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွားး၏။

၎င်းက အမှန်တကယ် ထိပ်တန်း တန်ခိုးရှင်တစ်ဦး၏ အကြွင်းအကျန်ဝိညာဉ် ဖြစ်ထိုက်ပါပေသည်။ ယင်းက အကြွင်းအကျန်ဝိညာဉ်ဖြစ်သည့်တိုင် သန်မာသော အသိအမြင်ရှိနေဆဲပင်။

“အမွေရှိတာ... ကံတရားပဲ... အဲဒီသစ်သားသေတ္တာထဲမှာ...”

“ကျန်တာတွေက… အောက်ခြေတိုက်ကြီး… ရှိကောင်းရှိနိုင်တယ်"

အဓိပဓိယွမ်ထျန်း၏ အကြွင်းအကျန်ဝိညာဉ် မီးစာကုန်လာသည့် ဖယောင်းတိုင်ကဲ့သို့ ကြာရှည်ခံနိုင်မည့်ပုံ မရတော့ပေ။

ကျွင်းရှောင်ယောက်လည်း သိလိုက်ရတာလေးများကို သေချာမှတ်သားထားလိုက်သည်။

"သူမရဲ့မိသားစု… အဆင့်နိမ့်ကမ္ဘာမှာ… ရှေးဟောင်းအဆောင်တစ်ခု… ကျေးဇူးပြုပြီး သူမ မိသားစုကို ဂရုစိုက်ပေး…"

ပြတ်တောင်းပြတ်တောင်းနှင့် စကားသံများ ထပ်မံထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်မျက်လုံးဟာ
အရောင်လက်သွား၏။

အဓိပမိအလောင်းကောင်က
ရှေးဟောင်းအဆောင်ကိုကိုင်ထားသောကျိရှမ်အား
အဘယ်ကြောင့် မတိုက်ခိုက်သည်ကို နောက်ဆုံးတော့
နားလည်သွားခဲ့ပြီဖြစ်သည်။

အကြောင်းမှာ ရှေးဟောင်းအဆောင်က
အဓိပမိယွမ်ထျန်းနှင့် သူ့တာအိုလက်တွဲဖော်၏
အမှတ်အသား သင်္ကေတတစ်ခု
ဖြစ်နေသောကြောင့်ပင်။

ထို့အပြင် သူ၏တာအိုလက်တွဲဖော်က အောက်ကမ္ဘာ၌
ကျန်ခဲ့သည်။

"နောက်ဆုံးတော့ ဒီအသျှင်ကို ဖုန်မှုန့်က
ဖုန်မှုန့်ဖြစ်ပါစေ၊ မြေကြီးက မြေပြင်ကိုပဲ
ပြန်သွားပါစေ"

အမိပမိယွမ်ထျန်း၏ နတ်အသိစိတ်က
ပြောလိုက်သည်။

ထို့နောက် သူဟာ ကျွင်းရှောင်ယောက်ကို
အမှန်တကယ်တကယ် ဦးညွှတ်လိုက်၏။

ဤမြင်ကွင်းက ရတနာသိုက် အတွင်း၊ အပြင်ရှိ
လူအားလုံးကို တစ်ဖန် ရူတ်ရူတ်သဲသဲ
ဖြစ်သွားပြန်စေသည်။

ကျွင်းရှောင်ယောက်နှင့် အမိပမိယွမ်ထျန်းက
စိတ်ချင်းဆက်သွယ်၍ ပြောနေသောကြောင့် သူတို့ဟာ

အသံမကြားကြရပေ။ သို့တိုင် ကျွင်းရှောင်ယောက်ကို ဦးညွတ်နေသော အစိပဓိအလောင်းကောင်ကိုတော့ အထင်အရှားမြင်နိုင်ကြ၏။

"ဘာဖြစ်သွားတာလဲ၊ ဂုဏ်သိက္ခာရှိတဲ့ အစိပတိတောင်မှ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို  ဦးညွှတ်တာပဲလား"

ရတနာသိုက်အပြင်ဘက်တွင် အားလုံးက အသက်ပြင်းပြင်းရှူလိုက်ကြသည်။

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်က အမှန်တကယ် လျှို့ဝှက်ဆန်းကျယ်ကာ ခန့်မှန်းမရပါချေ။

ရတနာသိုက်ထဲတွင် ကျွင်းရှောင်ယောက်က အစိပဓိယွမ်ထျန်းကို စိတ်ချင်းဆက်သွယ်၍

ပြောလိုက်သည်။

"စီနီယာ စိတ်မပူပါနဲ့၊ ဂျူနီယာက အစွမ်းကုန်
ကြိုးစားပေးမှာမို့ အေးအေးဆေးဆေး
အနားယူပါတော့"

ကျွင်းရှောင်ယောက်က
လက်ကိုဝှေ့ယမ်းလိုက်သောအခါ
ရွှေရောင်စွမ်းအင်များက အလုံးအရင်းဖြင့်
ထွက်ပေါ်လာသည်။

ယင်းက အဓိပဓိယွမ်ထျန်းအလောင်းကို
ဖုန်မှုန့်အဖြစ်သို့ တိုက်ရိုက်ပြောင်းလဲသွားစေခဲ့၏။

မျိုးဆက်ဟောင်းမှ အဓိပတိတစ်ဦးဟာ ဤနည်းဖြင့်
အမှန်တကယ် ပျောက်ကွယ်သွားခဲ့ရချေပြီ။

အခြားတစ်ဖက်မှာတော့ ဤမြင်ကွင်းကို
မြင်လိုက်ရသောကျို့ရွှမ်ဟာ တကိုယ်လုံး
တုန်ယင်သွားတော့သည်။

-------------

အခန်း ( ၇၅ ) အဓိပဓိယွမ်ထျန်း၏ မူလအုပ်ချုပ်သူ
တာအိုံဓား၊ ကျို့ရွှမ်၏ ညာလက်ကို
ဖြတ်တောက်ပစ်လိုက်ခြင်း၊
အခွင့်အရေးအားလုံးကိုရယူကာ ပြည့်စုံသည်ထက်
ပို၍ပြည့်စုံစေသည်

ရှေးဟောင်းမြင့်မြတ်ခန္ဓာ၏ သဘာဝအာရုံနှင့်
အဓိပဓိအလောင်းကို ဖိနှိပ်လိုက်သော
ကျွင်းရှောင်ယောက်ကိုမြင်ပြီးနောက်
ကျို့ရွှမ်စိတ်ထဲတွင် တစ်စုံတစ်ခုမှားနေကြောင်း

သိလာသည်။

ယခုတော့ အမိပမိအလောင်းကို
လုံးဝဖျက်ဆီးလိုက်ပြီဖြစ်ရာ မျက်နှာတစ်ခုလုံး
သွေးဆုတ်ဖြူရော်သွားတော့၏။

ယင်းက ချမ်းအေးလှသောဆောင်းရာသီတွင်
ရေခဲကန်တစ်ခုအတွင်းသို့ ပစ်ထည့်ခံလိုက်ရသကဲ့သို့
တစ်ကိုယ်လုံး တုန်ယင်နေတော့သည်။

ထို့ကြောင့် သေတ္တာသေတ္တာလေးကို လက်တစ်ဖက်က
ကောက်ယူဟန်ပြုလိုက်သည်။ ထို့နောက်
အခြားလက်တစ်ဖက်နှင့် တည်နေရာရွှေ့ပြောင်းခြင်း
တာအိုတံဆိပ်တော်အကြီးကို အသုံးပြုကာ
ထွက်ပြေးရန် ကြိုးစားလိုက်၏။

သို့သော်လည်း ကျွင်းဝမ်ကျဲက
နှောင့်ယှက်နေသောကြောင့် အလုပ်မဖြစ်ပေ။

"ကျို့ရှမ်၊ မင်းပြောတော့ အဓိပဓိအလောင်းကောင်ကို
သခင်လေး အနိုင်ယူနိုင်ရင် ကင်းမြီးကောက်ထောင်ပြီး
ဆီးသွားမယ်လို့ မပြောခဲ့ဘူးလား။ လုပ်လေ၊
ငါကြည့်နေတယ်"

ကျွင်းဝမ်ကျဲက လှောင်ပြောင် ပြောဆိုလိုက်သည်။

ထိုစကားကိုကြားသောအခါ ကျို့ရှမ်မျက်နှာက
မည်းပြာသွား၏။ သူဟာ အလွန်ရှက်ရွံ့ပြီး
မျက်နှာတစ်ခုလုံး ထူပူသွားသည်။

'သေစမ်း၊ ဒီသစ်သားသေတ္တာကို ငါရအောင်ယူရမယ်'

ကျို့ရှမ်က အံကြိတ်ပြီး တွေးလိုက်သည်။

ကျွင်းရှောင်ယောက်၏ အပြုအမူများကြောင့်
ကျို့ရှမ်ဟာ တာအိုနှလုံးသားပြိုကွဲလုနီး ဖြစ်နေခဲ့ရပြီ
ဖြစ်သည်။

အမိပမိအလောင်းကောင်ပင် ကျွင်းရှောင်ယောက်ကို
ဘာမျှမလုပ်နိုင်ပါက သူလည်း ဘာတတ်နိုင်မည်နည်း။

အကြောင်းအချက် အမျိုးမျိုးရှိသော်လည်း
ရလဒ်သည်ကား ငြင်းပယ်မရပေ။

ဤသေတ္တာကို ရယူနိုင်လျှင်တော့ ကျို့ရှမ်ဟာ
အနာဂတ်မှာ ကျွင်းရှောင်ယောက်ကိုရင်ဆိုင်ရန်
ယုံကြည်ချက် ပြန်ရှိလာနိုင်ပေလိမ့်မည်။

သို့ရာတွင် မရနိုင်လျှင်ကား ကျွင်းရှောင်ယောက်၏

အရိပ်ထဲတွင်သာ ထာဝရနေသွားရတော့မည် ဖြစ်သည်။

ယင်းကိုတွေးမိသောအခါ ကျို့ရွှမ်မျက်နှာတွင် ကြမ်းကြုတ်မှုများ ဖြစ်ပေါ်လာ၏။ သူက ကျိုမိသားစု၏ တားမြစ်ကျင့်စဉ်ကို စတင်ထုတ်ဖော်လိုက်သည်။

ချက်ချင်းပင် သူ၏သွေးများ ပွက်ပွက်ဆူလာသည်။ ကျင့်ကြံခြင်းအခြေခံကလည်း ဆက်တိုက်တက်လာပြီး နောက်ဆုံးတွင် ပေါင်းစည်းခြင်းနယ်ပယ် ကြီးမားသောပြီးပြည့်စုံခြင်းသို့ ရောက်ရှိသွား၏။

"ငါ့အရှေ့က ဖယ်စမ်း"

ကျို့ရွှမ်က သူတော်စင်ဘုရင် လက်အရိုးနှင့် ပေါင်းစပ်ထားသော ညာလက်ကိုသုံး၍

ကျွင်းဝမ်ကျဲကို ထိုးနှက်လိုက်သည်။

ယင်းက ကျွင်းဝမ်ကျဲကို
အနောက်ပြန်ဆုတ်သွားစေ၏။

ထိုအတွက် ကျွင်းရွယ်ဟွမ်နှင့် ကျွင်းကျန်းကျန့်တို့
လှုပ်ရှားရန် ကြိုးစားလိုက်သော်လည်း
အချိန်မမှီတော့ပေ။

ကျို့ရွှမ်က ဤအခွင့်အရေးကိုသုံးကာ
သစ်သားသေတ္တာကို ဆွဲယူလိုက်၏။

"ဟားဟားဟား၊ ဒီလျှို့ဝှက်ရတနာတွေထဲမှာ
အကြီးမားဆုံး ကံကောင်းခြင်းက ငါ့အတွက်ပဲကွ။
ကျွင်းရှောင်ယောက်၊ ငါတို့တွေ နောင်မှ
ထပ်တွေ့ကြတာပေါ့"

ကျို့ရှမ်က တဟားဟားရယ်မော၍
တည်နေရာရွှေ့ပြောင်းခြင်း
တာအိုတံဆိပ်တော်အကြီးကို အသုံးပြုရန်
ကြိုးစားလိုက်သည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်မျက်နှာက
အနည်းငယ် ထေ့ငေါ့သောအမူအရာများ
ဖြစ်ပေါ်လာသည်။

"မင်းအမျှော်လင့်ထားဆုံး အချိန်က
မင်းစိတ်အပျက်ရဆုံးအချိန်ဖြစ်လိမ့်မယ်၊ ဒါဆိုရင်
ဘယ်လောက်တောင် အံ့သြစရာကောင်းလိမ့်မလဲ"
ကျွင်းရှောင်ယောက်က လှောင်ပြောင်
ပြောဆိုလိုက်၏။

ထို့နောက် သူဟာ မူလအုပ်ချုပ်သူတာအိုဓားကို

တိုက်ရိုက် ထုတ်ဖော်လိုက်သည်။

ထိုအခါ တောက်ပသော နတ်အလင်းတစ်ခုက သူ့မျက်ခုံးနှစ်ခုကြားမှ လှစ်ခနဲ ပြေးထွက်သွား၏။

အဆိုပါနတ်အလင်းဟာ တောက်ပသော အမိန့်ချိန်းတစ်ခုအသွင်ဖြင့် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဖန် တစ်လက်မအသွင် ရွှေရောင်ဓားတိုတစ်လက်အသွင်ပြောင်းကာ ကျိုရှွမ်ထံသို့ ပြေးဝင်သွား၏။

ယင်းက မူလအုပ်ချုပ်သူ တာအိုဓားပင် ဖြစ်တော့သည်။

မူလအုပ်ချုပ်သူတာအိုဓားဟာ အင်မော်တယ်သတ်ဓားသိုင်းကဲ့သို့

မဟာနတ်ဘုရားသိုင်းငါးခုအနက် တစ်ခုပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ ယင်းကို
တစ်ခါမျှမထုတ်ဖော်ဖူးသော်လည်း
အဓိပဓိယွမ်ထျန်း၏ သိုင်းပညာဖြစ်သောကြောင့်
အလွန်ကြောက်စရာကောင်းလှသည်။

ဓားမြှောင်ဖြတ်သန်းသွားရာလမ်းရှိ လေထုဟာ
တိုက်ရိုက် ဖောက်ထွင်းသွားခံရ၏။

ယင်းက ရုတ်တရက်ဖြစ်သွားခဲ့ပြီး ဘယ်သူမှ
မျှော်လင့်မထားခဲ့မိပေ။

ထို့အတူ ကျို့ရွှမ်လည်း မျှော်လင့်မထားခဲ့မိပါချေ။

ထို့ထက် မူလအုပ်ချုပ်သူတာအိုဓားဟာ
အလွန်မြန်ဆန်လွန်း၏။

ထို့ကြောင့် ကျိရှမ်ဟာ သူ့ကိုယ်သူ
အကာကွယ်တစ်ခုအား အချိန်မီမလုပ်နိုင်တော့ပေ။

"ရှပ်"

ချက်ချင်းပင် နာကျင်သော ဝေဒနာတစ်ခုကို ကျိရှမ်
ခံစားလိုက်ရသည်။

ကြည့်လိုက်သောအခါ သူ့ညာလက်
ပြုတ်သွားသည်အား မြင်တွေ့လိုက်ရ၏။

"မဟုတ်ဘူး"

ကျိရှမ်မျက်လုံးက သွေးချင်းချင်းနီရဲသွားသည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်နောက်ကျော၌ နတ်ဆိုးအတောင်ပံများ ထွက်ပေါ်လာသည်။ သူက ရိပ်ခနဲပျံသန်းသွားကာ ကျိရွှမ်၏ ညာလက်တစ်ဖက်နှင့် သေတ္တာကို ဖမ်းယူလိုက်၏။

ဤအရာများဟာ မျက်စေ့တစ်မှိတ်အတွင်း ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်တွင် ဤဝှက်ဖဲမျိုး ရှိနေမည်ဟု ဘယ်သူမှ ထင်မထားခဲ့ပေ။

အပြင်ဘက်တွင်။

ဤမြင်ကွင်းများကို အပြင်ဘက်မှလူများလည်း

အဇူရာကြေးမုံမှတစ်ဆင့် မြင်တွေ့ခဲ့ရသည်။

"ဒါက၊ မဟာနတ်ဘုရားသိုင်းငါးခုထဲက
မူလအုပ်ချုပ်သူ တာအိုဓား မဟုတ်လား"

"ဒါက အဓိပဓိယွမ်ထျန်းရဲ့
နတ်ဘုရားသိုင်းမဟုတ်လားဗျ၊
ကောလဟာလတွေကြောင့်သာ သိရပေမဲ့
ဒီသိုင်းပညာက ပျောက်ဆုံးနေတာ
နှစ်ပေါင်းမနည်းတော့ဘူး"

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က
အဓိပဓိယွမ်ထျန်း ရတနာသိုက်ထဲမှာ
ကံကောင်းခြင်းများ ကြုံခဲ့ရတာပဲလား"

"သေစမ်း၊ ကျိုမိသားစုက သူတော်စင်ငယ် ကျို့ရှမ်ရဲ့

ညာလက်တော့ ပြတ်သွားပြီဟော့"

ကျင့်ကြံသူများက တစ်ယောက်တစ်ပေါက်
ပြောဆိုလိုက်ကြသည်။

ယခင်ကတော့ မီးခိုးရောင်မြူများကြောင့်
အခြေအနေများကို ဘာမျှမသိခဲ့ကြပေ။

ယခုတော့ ကျွင်းရှောင်ယောက်ဟာ
မူလအုပ်ချုပ်သူတာအိုစားနှင့် ကျိရွှမ်၏
ညာဘက်လက်ကို တစ်ချက်တည်းဖြင့်
ဖြတ်လိုက်ပြီဖြစ်သည်။

ဤသည်ကား တုန်လှုပ်စရာကောင်း၏။

"သေစမ်း၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဘာလုပ်ချင်နေတာလဲ"

ကောင်းကင်ထက်တွင်
ကျိုပန်းရင်၏မျက်နှာအမူအရာက
ပြောင်းလဲသွားသည်။

ယခင်က ကျိုရွှမ်ဟာ ရတနာသိုက်အတွက် အသေအချာပြင်ဆင်ထားကြောင်း ပြောခဲ့သည်။

ကျွင်းကျန်းထျန်းကိုပင် ကျွင်းရှောင်ယောက်အတွက် စိုးရိမ်သင့်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာပြောခဲ့၏။

ရလဒ်အနေဖြင့် ကျိုရွှမ်ကိုယ်တိုင် တစ်ချက်တည်းဖြင့် လက်ဖြတ်ခြင်းခံလိုက်ရသောကြောင့် ကျိုပန်းရင်ဟာ ဒေါသတကြီးဖြစ်သွားတော့သည်။

"ဟမ့်၊ စိတ်အေးအေးထားစမ်းပါ။
ဒီအဘိုးကြီးရဲ့မြေးက နတ်ဆိုးမဟုတ်လို့ ကျိရွှမ်ကို
သတ်မှာမဟုတ်ဘူး"

ကျွင်းကျန်းထျန်းက နှာခေါင်းတစ်ချက်ရှုံ့ကာ
ပြောလိုက်သည်။

သို့ရာတွင် သူ့စကားသံဆုံးသည်နှင့်...

အဇူရာကြေးမုံတွင် ကျိရွှမ်ရင်ဝသို့ ပြေးဝင်သွားသော
မူလအုပ်ချုပ်သူတာအိုဓားကို မြင်တွေ့လိုက်ရသည်။

ကျွင်းရှောင်ယောက်ဟာ ကျိရွှမ်အသက်ကို
နှုတ်ယူချင်နေကြောင်း သိသာထင်ရှားသည်။

"အဲ၊ ဒါက..."

ထိုမြင်ကွင်းကိုမြင်သောအခါ ကျွင်းကျန်းထျန်းလည်း ဆွံ့အသွားၵ်။ သူက မသိချင်ဟန်ဆောင်ကာ တောင်တောင်အီအီ လျှောက်ကြည့်နေတော့သည်။

ထိုအချိန်တွင် ကျိရွှမ်က တည်နေရာရွှေ့ပြောင်းခြင်း တာအိုတံဆိပ်တော်အကြီးကို အသုံးပြုလိုက်သည်။ သို့ကြောင့် သူ့ပုံရိပ်ဟာ နေရာမှ ချက်ချင်းပျောက်ကွယ်သွားၵ်။

ရတနာသိုက်အတွင်းဝယ် ကျွင်းရှောင်ယောက်က ပျောက်ကွယ်သွားသော ကျိရွှမ်ပုံရိပ်ကို လျစ်လျူရှုစွာ ကြည့်လိုက်သည်။

တကယ်တော့ ကျိရွှမ်သေသည်ဖြစ်စေ မသေသည်ဖြစ်စေ သူ့အတွက် အရေးမကြီးပေ။

နောက်ဆုံးတွင် ကျိန်ရှမ်၏ တာအိုနှလုံးသားက ပြိုကွဲသွားပြီဖြစ်၍ အနာဂတ်တွင် သူ့ကို ခြိမ်းခြောက်မှုပြုနိုင်တော့မည် မဟုတ်ပါချေ။

ထို့အပြင် အရေးကြီးဆုံးအရာက သူ့မှာရှိသည်။

သူတော်စင်ဘုရင် လက်အရိုး၊ သစ်သားသေတ္တာ၊ ရှေးဟောင်းအဆောင်။

အထူးသဖြင့် ကျွင်းရှောင်ယောက်ဟာ သစ်သားသေတ္တာကို အလွန်စိတ်ဝင်စားနေမိသည်။

'ကျိန်ရှမ် အာရုံစိုက်နေတဲ့ အခွင့်ကောင်းဆိုတာ ဘာများလဲ'

ကျွင်းရှောင်ယောက်လည်း သစ်သားသေတ္တာလေးကို

ကြည့်လိုက်၏။

သို့သော်လည်း သူက တခါတည်း ဖွင့်မကြည့်ပါချေ။

အကြောင်းမှုကား ကျွင်းရှောင်ယောက်ဟာ ဤမြင်ကွင်းများကို အဇူရာကြေးမုံမှ မြင်နေရမည်မှန်း သိနေသောကြောင့်ပင်။

ကျွင်းရှောင်ယောက်အနေဖြင့် စည်းစိမ်ဥစ္စာကို ထုတ်မကြွားသင့်သော အမှန်တရားကို သိသည်။

သူ၏ အနေအထားကြောင့် သာမန်လူများက ဘာမျှလုပ်ဝံ့မည်မဟုတ်သော်လည်း တခြားအင်အားစုကြီးများကတော့ သေချာပေါက် မျက်စိကျကြမည် ဖြစ်သည်။

အခွင့်အရေးကကြီးမားလေ၊ အန္တရာယ်က ပိုကြီးလေပင် မဟုတ်ပါလား။

ကျွင်းရှောင်ယောက်လည်း အားလုံးကို သိုလှောင်ခြင်းမှော်ရတနာအတွင်းသို့ တိုက်ရိုက်ထည့်သိမ်းလိုက်သည်။

ဤအတွက် ကျန်းစန်းယီကလည်း မည်သို့မျှ မခံစားခဲ့ရပေ။

နောက်ဆုံးတွင် အမိပမိအလောင်းကောင်ကို အမိက တိုက်ခိုက်ခဲ့သူက ကျွင်းရှောင်ယောက်ဖြစ်သောကြောင့် သူသာလျှင် ရထိုက်သည်။

ကျွင်းရှယ်ဟွမ်တို့ သုံးယောက်ကလည်း ဘာမျှ ပြောစရာမရှိပေ။

"အားလုံးပဲ ထွက်ခွာကြစို့ရဲ့၊ ရတနာသိုက်ရှာဖွေခြင်းကတော့ ပြီးပြည့်စုံစွာ အဆုံးသတ်ခဲ့ပြီ"

ကျွင်းရှောင်ယောက်က ခံစားချက်ကောင်းမွန်နေကာ ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

နဂါးအရိုးလေးခု၊ ဘိုးဘေးနဂါး၏ အဓိပမိအရိုးတစ်ခု၊ သစ်သားသေတ္တာတစ်လုံး၊ သူတော်စင်ဘုရင်၏ လက်အရိုးတစ်ချောင်း၊ စီးတော်ယာဉ်တစ်ကောင်။

ယင်းက ပြီးပြည့်စုံသည်ထက်ပင် ပိုပြည့်စုံလှသည်။

ကျွင်းရှောင်ယောက်တို့ ရတနာသိုက်အတွင်းပိုင်းမှ

ပြန်ထွက်လာသောအခါ ကျွင်းလင်းလုံ၊
ခေါင်းကိုးလုံးခြသေ့်တို့နှင့် ပြန်ဆုံကြရသည်။

တချိန်တည်းမှာပင် တခြား ပါရမီရှင်များနှင့်
ကျင့်ကြံသူများလည်း တစ်ယောက်ပြီးတစ်ယောက်
ပြန်လည်ထွက်ခွာလာကြ၏။

သို့သော်လည်း ကျွင်းရှောင်ယောက်တို့
ထွက်လာသည်နှင့် ကြောက်စရာအရှိန်အဝါနှစ်ခု
ထွက်ပေါ်လာသည်။

တစ်ခုက ကျိုမိသားစုမှ ကျိုပန်းရင်။

နောက်တစ်ခုသည်က ဘိုးဘေးနဂါးသိုက်မှ
နဂါးပြာအကြီးအကဲ။

"ကြည့်ရတာ ပြဿနာနည်းနည်းရှိနေသေးပုံပဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကိုနောက်ပစ်ကာ ခပ်ယဲ့ယဲ့ပြုံး၍ တည်ငြိမ်စွာပင် ပြောလိုက်သည်။

-------------

အခန်း ( ၇၅ ) ပြီးပါပြီ။

ရှေးဟောင်းမြင့်မြတ်ခန္ဓာမှစတင်၍
(ကျွင်းရှောင်ယောက်)

မူရင်း စာစဉ်အမည် ; Scoring the Sacred Body of the Ancients from the Get-go

မူရင်း စာရေးသူ ; God j

ဘာသာပြန်          ; နိုင်လင်းအောင်

စာစဥ်လေးကို ဖတ်ရှုပြီးလို့
သဘောကျနှစ်သက်တယ်ဆိုရင် Like & share
လေး လုပ်သွားပေးကြပါအုံးနော်❣️❣

အားပေးနေသူ တစ်ယောက်စီတိုင်းကို
အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျာ❣️❣️❣️